ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ (24-3-2013) (၇၄၃၄)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဦးညာဏ်ထွန်း ဟနွိုင်းမြို့ရှိ စက်မှုဇုန်နှင့် မြို့သစ်စီမံကိန်းတို့ကို ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၃

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် မတ် ၂၁ ရက် နံနက် ၈ နာရီခွဲတွင် ဟိုချီမင်းပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ဗီယက်နမ်အမျိုးသားတော်လှန်ရေးခေါင်းဆောင် ဟိုချီမင်း၏ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု သမိုင်းမှတ်တမ်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် Dong Anh ခရိုင်အတွင်း ဗီယက်နမ်-ဂျပန် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Thang Long Industrial Park ကို သွားရောက်လေ့လာရာ စက်မှုဇုန် Techno Center ၌ စက်မှုဇုန်ညွှန်ကြားရေးမှူးချုပ် Mr. Tomoyasu Shimizu နှင့် တာဝန်ရှိသူများက စက်မှုဇုန်အား အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် စက်မှုဇုန်အတွင်း အသေးစား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းများအား နေရာချထားပေးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် Apartment Factory များ ဖွင့်လှစ်ထားမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

Thang Long Industrial Park ကို ဗီယက်နမ်-ဂျပန် နှစ်နိုင်ငံ အကျိုးတူပူးပေါင်း၍ ၁၉၉၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းနှင့် နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်အကြားရှိ မြေဧရိယာ စုစုပေါင်း ၂၇၄ ဟက်တာတွင် အဆင့်သုံးဆင့်ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ်၌ စက်မှုဇုန်ဖော်ထုတ်မှုလုပ်ငန်းများပြီးစီး၍ ပြည်တွင်းပြည်ပမှ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများက ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညာဏ်ထွန်းအား ASEAN Chamber of Commerce and Industry (ASEAN CCI)နှင့် Vietnam Chamber of Commerce and Industry(VCCI)၏ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ဒုတိယသမ္မတ ဦးညာဏ်ထွန်း An Khanh (Splendora) မြို့ကွက်သစ်စီမံကိန်းပုံစံငယ်ကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်တို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့

နိုင်ငံရေးအရဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)တို့၏ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Centre)၌ အောင်မြင်စွာ ဆွေးနွေး၍ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ **(ဓာတ်ပုံ)**

ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးဝင်းထွန်း၊ ဦးအုန်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တပ်မတော်အရာရှိကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့်အတူ အထွေထွေအတွင်းရေးမှူး ဦးခွန်မြင့်ထွန်း၊ ဗိုလ်မှူးကြီးခွန်သူရိန်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လူငယ်အစည်းအရုံး၊ အမျိုးသမီးရေးရာနှင့် အလုပ်သမားရေးရာ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် နှစ်ဖက်ပွင့်လင်းရင်းနှီးစွာ အသေးစိတ်ဆွေးနွေးညှိနှိုင်းကြပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီချက်ကို **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ကြေးမုံစာတည်းရှုထောင့် ၂၄-၃-၂၀၁၃၊ တနင်္ဂနွေနေ့

ကောင်းသထက်ကောင်းအောင် ပြုပြင်

စိတ်သည် အလွန်အဖြစ်အပျက်မြန်၏။ လက်ဖျောက်တစ်ချက်တီးအချိန်အတွင်းမှာပင် ကုဋေတစ်သိန်းဖြစ်ပျက်သည်ဟု အဆိုရှိ၏။ ထိုကဲ့သို့ လျင်မြန်လှသောကြောင့် မိနစ်ပိုင်းအတွင်းမှာပင် စိတ်ကောင်း၊ စိတ်ဆိုး တစ်လှည့်စီ ဖြစ်ပျက်တတ်သောသဘောဖြစ်၏။

နံနက်စောစော ဘုရားတရားအာရုံပြုလျက် ကုသိုလ်စိတ်ဖြစ်နေစဉ် မဝေးသောနေရာမှ စီးပွားဥစ္စာကိစ္စ ကြားလိုက်မိလျှင် လောဘစိတ်ကို ဖြစ်စေ၏။ မခံချင်ဖွယ်၊ မနှစ်မြို့ဖွယ်ရာကိစ္စတို့ကို ကြားလိုက်မိလျှင် ဒေါသစိတ်ကို ဖြစ်စေ၏။

ရောင်းမှု၊ ဝယ်မှု၊ လုပ်မှု၊ ကိုင်မှု လောဘ၊ မောဟအမှု ပြုစဉ်ခဏတွင် လှူမှု တန်းမှု ပြုလုပ်မိလျှင် သဒ္ဒါစိတ် ကုသိုလ်ဖြစ်ရပြန်၏။ တစ်စုံတစ်ရာ အလိုမကျ ခိုက်ရန်ဒေါသဖြစ်လိုသောအခါ၌ မိဘ၊ ဆရာသမားများ၏ ဆိုဆုံးမမှုကို သတိရလိုက်သဖြင့် အသိတရားရပြန်လျှင်လည်း ကောင်းသောကုသိုလ်စိတ် ရပြန်၏။

ဤသို့ဖြင့် စိတ်ဖြစ်တိုင်း၊ စိတ်ဖြစ်တိုင်း အပြောင်းအလဲမြန်တတ်သော ထိုစိတ်ကို အကောင်းဖြစ်သည်လော၊ အဆိုးဖြစ်သည်လော ခွဲခြားသိတတ်အောင် သတိထားဆင်ခြင်ပြီး မိမိတို့၏ စိတ်ထားများကောင်းအောင် မိမိကိုယ်ကို ပြုပြင်ကြရန်ဖြစ်ပေသည်။

လူတို့မှာ တစ်ဦးနှင့်တစ်ဦး ရုပ်ချင်းလည်းမတူသကဲ့သို့ စိတ်ချင်းလည်း မတူကြပေ။ ရုပ်လက္ခဏာ၊ စိတ်လက္ခဏာ မည်မျှမတူပါသော်လည်း ကောင်းသော စိတ်နှင့်ရုပ်တို့ဖြစ်ပေါ်အောင် အားထုတ်ပြုပြင်ဆောင်ရွက်နိုင်ကြပေသည်။

ကျေးလက်၌ မွေးဖွားပြီး ကျေးလက်သွေးပါသော ကျေးလက်သူကျေးလက်သားတို့သည် ယခင်က မြို့ကြီးပြကြီးသို့ရောက်မှ မြို့ပြဟန်ပန်အသွင်သဏ္ဌာန်နှင့် မြို့ကြီးသားစိတ်ပေါက်ကြသော်လည်း ယခုအခါ နည်းပညာခေတ် လျင်မြန်စွာ ပြောင်းလဲလာသဖြင့် တောနေဟန်ပန်များသည်ပင် လွယ်လွယ်ကူကူပင် မြို့ဟန်ပေါက်၍ လာကြပြီဖြစ်သည်။

ထိုသို့ မိမိတို့၏ ရုပ်လက္ခဏာများကို ခေတ်နှင့်အညီ လိုက်ဖက်ပီအောင် တဖြည်းဖြည်းပြုပြင်မွမ်းမံနိုင်ကြပါသည်ဆိုလျှင် ပြောင်းလွယ်၊ မြန်လွယ်၊ ပြုပြင်လွယ်သော မိမိတို့၏ စိတ်ကို အမှန်တကယ်ပြင်လိုလျှင် အဘယ်မှာလျှင် မပြုပြင်နိုင်ဘဲ ရှိနိုင်အံ့ပါသနည်း။

မိမိတို့၏စိတ်ကို မိမိတို့ကသာလျှင် ပြုပြင်နိုင်ကြပါသည်။ မိမိတို့၏စိတ်ကို မည်သည့်တစ်ဦးတစ်ယောက်ကမျှ ပြုပြင်ပေးရန် စွမ်းနိုင်မည်မထင်ပါ။ ပြုပြင်လိုသော စိတ်စေတနာများကို မိမိတို့၏နှလုံးသားတွင် ကိန်းအောင်းနေဖို့ သာ လိုရင်းဖြစ်ပါသည်။

နေ့စဉ်နှင့်အမျှ မိမိတို့၏စိတ်အတွင်း ဖြစ်ပုံပျက်ပုံတို့ကို နှလုံးသွင်း သတိထား၍ ကောင်းသောစိတ်များ တိုးပွားအောင်၊ မကောင်းသောစိတ်များ ပါးလျားအောင် တစ်စတစ်စအားထုတ်သွားပါလျှင် မျိုးမကြာမီကာလတွင် စိတ်ကောင်း၊ နှလုံးကောင်းရှိသူတစ်ယောက် ဖြစ်လာပေလိမ့်မည်။

မိမိစိတ်ကို မိမိတို့သာအသိဆုံးဖြစ်သည်။ မိမိတို့၏ စိတ်ထားများ မြင့်ခြင်း၊ နိမ့်ခြင်းသည် အတန်းအစားနှင့် မသက်ဆိုင်ဘဲ အတန်းအစားနိမ့်သူပင်ဖြစ်လင့်ကစား စိတ်ထားမြင့်မြင့်ထားရှိပါက အထက်တန်းစားဟု ခေါ်ဆိုရမည်ဖြစ်သည်။ အထက်တန်းစားပင် ဖြစ်လင့်ကစား စိတ်ထားနိမ့်နိမ့်ထားရှိပါက နောင်သံသရာတွင် လျော့ကျအတန်းအစားဖြစ်ပေလိမ့်မည်။

ထိုကဲ့သို့ တန်းမြင့်ခြင်း၊ တန်းလျော့ခြင်းအရေးကို သတိမူတွေးပူကြသူများအဖို့ မိမိတို့၏စိတ်ကို မြင့်သထက်မြင့်အောင် အားထုတ်ကြိုးပမ်းနေကြသကဲ့သို့ မိမိတို့၏စိတ်ထားများ ကာလ ဒေသ ပယောဂတို့ကြောင့် မယွင်းချင်ဘဲ ယွင်းနေကြပါလျှင်လည်းကောင်း၊ နဂိုစိတ်ရင်း မှားယွင်းနေပါလျှင်လည်းကောင်း မိမိတို့၏စိတ်ကို မိမိတို့ကိုယ်တိုင် ပြန်လည်ပြုပြင်တည့်မတ်ကာ ကောင်းသထက်ကောင်းအောင် အားထုတ်ကြဖို့ စေတနာ ဆန္ဒပြုလိုက်ရပါသည်။ ။

United World မှ သတင်းနှင့်ဆက်သွယ်ရေးအေဂျင်စီအဖွဲ့ မြန်မာနိုင်ငံ၏ ရှေ့အလားအလာများ မေးမြန်း

နေပြည်တော် မတ် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား United World မှ သတင်းနှင့်ဆက်သွယ်ရေးအေဂျင်စီအဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ရှေ့အလားအလာများကို မေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များအား အသွင်သစ်၊ အမြင်သစ်ဖြင့် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၃

ပြည်သူ့အတွက် မြန်မာ့အသံဆိုသော ဆောင်ပုဒ်နှင့်အညီ လွတ်လပ်ရေးမရမီကာလကပင် ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သော မြန်မာ့အသံသည် နှစ်ပေါင်း (၆၇)နှစ်ကျော်လွန်ပြီးနောက် "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား"အဖြစ် မားမားမတ်မတ်ရပ်တည်နိုင်ခဲ့ပြီးဖြစ်သည်။

ခေတ်သစ်၊ စနစ်သစ်သို့ ကူးပြောင်းရောက်ရှိခြင်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည်လည်း အသွင်သစ်၊ အမြင်သစ်ဖြင့် ပြည်သူ့အသံကို ဖော်ထုတ်ပြီး အများပြည်သူဝန်ဆောင်မှု ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်း (Public Service Broadcasting) အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်သည်။

ဧပြီ ၁ ရက်မှစတင်၍ (ရေဒီယိုလိုင်းများဖြစ်သော နေပြည်တော်မြန်မာ့အသံနှင့် ပိတောက်မြေ Radio တို့ကို) ပူးပေါင်းကာ ပြည်သူ့အတွက် မြန်မာ့အသံအဖြစ် ရေဒီယိုထုတ်လွှင့်မှုကို တစ်နေ့လျှင် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၁၁ နာရီခွဲအထိ ၁၈ နာရီထုတ်လွှင့်သွားမည်ဖြစ်သည်။

နေပြည်တော် (တပ်ကုန်း)မှ လှိုင်းလတ် ၅၀၅ မီတာ ၅၉၄ KHz ဖြင့် ထုတ်လွှင့်မှုကို တောင်ဘက်တွင် ညောင်လေးပင်မြို့အထိလည်းကောင်း၊ မြောက်ဘက်တွင် ရေဦးမြို့အထိလည်းကောင်း၊ အရှေ့ဘက်တွင် တောင်ကြီးမြို့အထိလည်းကောင်း၊ အနောက်ဘက်တွင် စစ်တွေမြို့အထိလည်းကောင်း ဖမ်းယူရရှိနိုင်သည်။

ရန်ကုန်မြို့မှ လှိုင်းလတ် ၅၂၀ မီတာ ၅၇၆ KHz ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက်တွင် ညောင်လေးပင်မြို့အထိလည်းကောင်း၊ တောင်ဘက်တွင် ရေးမြို့အထိလည်းကောင်း၊ အရှေ့ဘက်တွင် ဘားအံမြို့အထိလည်းကောင်း၊ အနောက်ဘက်တွင် ပုသိမ်မြို့အထိလည်းကောင်း ဖမ်းယူရရှိနိုင်သည်။

Medium Wave ဖြင့် ဖမ်းယူမရရှိသော ကျန်ဒေသများအတွက် လှိုင်းတိုထုတ်လွှင့်မှုကို နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတွင် ၉၇၃၀ KHz ဖြင့် လည်းကောင်း၊ ညပိုင်းတွင် ၅၉၈၅ KHz ဖြင့်လည်းကောင်း ဖမ်းယူရရှိနိုင်သည်။

အလားတူ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အား နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ နေ့စဉ် ၁၇ နာရီ ထုတ်လွှင့်သွားမည်ဖြစ်သည်။ ပရိသတ်များအတွက် ယုံကြည်စိတ်ချရသည့် သတင်းအဖြာဖြာနှင့်အတူ ဗဟုသုတဖြစ်ဖွယ်၊ ပျော်ရွှင်ကြည်နူးဖွယ် အနုပညာရသအစုံစုံပါဝင်သော ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များစွာကို ကြိုးစားတင်ဆက်သွားမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

အရာထမ်းလောင်းအခြေခံသင်တန်းဆင်း

နေပြည်တော် မတ် ၂၃

ယမန်နေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိယ်ခန်းမ၌ အရာထမ်းလောင်း အခြေခံသင်တန်းအမှတ်စဉ်(၃၇)သင်တန်းဆင်း အခမ်းအနားကျင်းပရာ ရန်ကုန်ဆေးတက္ကသိုလ်(၂)ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သင်တန်းသား သင်တန်းသူ ပထမ၊ ဒုတိယနှင့် သေနတ်ပစ်ထူးချွန်ဆုရရှိသူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ စစ်ရေးပြကြက်ခြေနီတပ်ဖွဲ့အား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မတ် ၂၃

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကိုယ်စားပြု (၆၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြကြက်ခြေနီ တပ်ဖွဲ့အား ဂုဏ်ပြုထောက်ပံ့ငွေ ချီးမြှင့်သည့်အခမ်းအနားကို မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဆင်ဖြူရှင်ရိပ်သာခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်က ဂုဏ်ပြုစကားပြောကြားပြီး ထောက်ပံ့ငွေကျပ် သိန်း ၃၀ နှင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက ထောက်ပံ့ငွေကျပ်သိန်း ၃၀ တို့ကို ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်ပြည်တစ်ခွင်
သာစေချင်
မီးတွင် မပေါ့နှင့်

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ခြင်း လမ်းကြောင်းပေါ်သို့ ရောက်ရှိနေ အသွင်ပေါင်းစုံဖြင့် နိုင်ငံတော် ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်လျက်ရှိ ပြည်သူလူထုအနေဖြင့် ဥပဒေမဲ့လုပ်ရပ်များတွင် ပါဝင်ခြင်းမပြုရန် မေတ္တာရပ်ခံ

နေပြည်တော် မတ် ၂၃

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က မတ် ၂၀ ရက်တွင် မိတ္ထီလာမြို့၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ သဘောထားကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

(ဘာသာအသီးသီးမှ ဘာသာဝင်များသို့ မေတ္တာရပ်ခံခြင်းနှင့် ဘာသာပေါင်းစုံမှ သာသနာ့ခေါင်းဆောင်များ၏ သဘောထားကြေညာချက်)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင် မတ်လ ၂၀ ရက်နေ့က ဖြစ်ပွားခဲ့သော အရောင်းအဝယ်အငြင်းပွားမှုမှ အစပြုကာ ဘာသာရေးအဓိကရုဏ်းအသွင်ကျယ်ပြန့်သွားသည့် အရေးကိစ္စအပေါ်၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ သာသနာ့ခေါင်းဆောင်များမှ ဆုံးရှုံးထိခိုက်နစ်နာသွားသူများအပေါ် များစွာထောက်ထား၊ စာနာ၊ ကရုဏာထား၍ ဤသဘောထားကြေညာချက်ကို အတူတကွထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ ရှေးဦးစွာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ယခုအခါ မိတ္ထီလာမြို့တွင် ဘာသာရေးပဋိပက္ခအသွင် ဖြစ်နေသော အရေးကိစ္စကို ပြေလည်ပြေပျောက် ငြိမ်းချမ်းသွားစေရန် မေတ္တာရှေ့ထား၍ ကာကွယ်တားဆီးပဲ့ပြင်ဆုံးမ သြဝါဒများ ချီးမြှင့်ပေးပါရန် ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား။ တပည့်တော်တို့ဘက်၌လည်း အမှားများရှိပါက ကျေသားရင်သားမခွဲခြားဘဲ ခွင့်လွှတ်ပေးတော်မူပါရန် ရိုသေစွာဖြင့် လျှောက်ထားအပ်ပါသည်ဘုရား။

၂။ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများမှလည်း လုံလောက်သောလုံခြုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးကြပါရန်နှင့် ဒုက္ခရောက်နေကြသော နစ်ဖက်ပြည်သူများကို လုံခြုံရေးအကာအကွယ်များ ဆောင်ရွက်ပေးကြပါရန်၊ ဥပဒေကြောင်းမှ လိုအပ်သလို စစ်ဆေးအရေးယူဆောင်ရွက်ပေးကြပါရန်နှင့် အဆိုပါကိစ္စများကို ဆောလျင်စွာ ဆောင်ရွက်ပေးကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းနေထိုင်ကြသော ဘာသာကြီး (၄)ပါးအပါအဝင် ဘာသာဝင်အသီးသီးမှ မိမိတို့ ဘာသာဝင်အသီးသီးကို ဥပဒေနှင့်အညီနေထိုင်ကြဖို့ ဆုံးမစကားများကို ပြောကြားပေးပါရန်၊ မေတ္တာကိုအခြေခံ၍ ငြိမ်းချမ်းစွာနေထိုင်ကြပါရန်နှင့် မလိုလားအပ်သော ပဋိပက္ခများတွင် ပါဝင်ပတ်သက်မှုမရှိရေး စောင့်ထိန်းပေးကြရန် မေတ္တာရပ်ခံအပ်ပါသည်။

၄။ သတင်းမီဒီယာများ၊ စာနယ်ဇင်းများမှလည်း ပြည်သူတို့သိသင့်သော မှန်ကန်သည့်သတင်းများကိုသာ ထုတ်ပြန်ပေးသကဲ့သို့ ပဋိပက္ခဖြစ်စေနိုင်သော ကောလာဟလသတင်းများကို တားဆီးပေးပါရန် မေတ္တာရပ်ခံပါသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ခြင်းလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ရာ မလိုလားအပ်သော ပဋိပက္ခအတားအဆီးမျိုးစုံသည် အသွင်ပေါင်းစုံဖြင့် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်လျက်ရှိရာ ပြည်သူလူထုအနေဖြင့် ဥပဒေမဲ့လုပ်ရပ်များတွင် ပါဝင်ခြင်းမပြုလုပ်ဘဲ ကောင်းစွာသောအသိ၊ သတိများဖြင့် ညီညွတ်စွာ တားဆီးကြဖို့ရန် မေတ္တာရပ်ခံပါသည်။

ဦးရွှေ	ဦးစိန်ဝင်းအောင်	ဦးညွန့်ဟောင်သျှိန်	ဒေါက်တာသာဥာဏ်
(ဟိန္ဒူဘာသာ)	(ဗုဒ္ဓဘာသာ)	(အစ္စလာမ်ဘာသာ)	(ခရစ်ယာန်ဘာသာ)
နာယက	ဥက္ကဋ္ဌ	ဒုတိယဥက္ကဋ္ဌ	အတွင်းရေးမှူး

မိတ္ထီလာမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းစေရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၃

မိတ္ထီလာမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းစေရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သက်ဆိုင်ရာ ကော်မတီများအား မတ် ၂၂ ရက်မှစတင်၍ ဖွဲ့စည်းတာဝန်ပေးအပ်ထားကြောင်း သိရှိရသည်။

အဆိုပါကော်မတီများမှာ ဗဟိုကွပ်ကဲမှုအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ အတွင်းရေးမှူးအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် စုစုပေါင်း ၁၀ ဦးဖြင့် လည်းကောင်း၊ လုံခြုံရေးကော်မတီကို အမှတ်(၄)စစ်ဆင်ရေး ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးမိုးမြင့်ထွန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စုစုပေါင်း ခုနစ်ဦးဖြင့်လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စုစုပေါင်း လေးဦးဖြင့်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးကော်မတီကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ စုစုပေါင်း ခြောက်ဦးဖြင့်လည်းကောင်း၊ ပညာရေးကော်မတီကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ စုစုပေါင်း ရှစ်ဦးဖြင့်လည်းကောင်း၊ ကျန်းမာရေးကော်မတီကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ စုစုပေါင်းသုံးဦးဖြင့်လည်းကောင်း၊ သာသနာရေးဆိုင်ရာကော်မတီကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ စုစုပေါင်း လေးဦးဖြင့် လည်းကောင်း၊ ပြန်ကြားရေးကော်မတီကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စုစုပေါင်း ရှစ်ဦးဖြင့်လည်းကောင်း ဖွဲ့စည်းထားသည်။

နိုင်ငံတော်သမ္မတရုံးက မတ် ၂၂ ရက်တွင် အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာပြီးနောက် မိတ္ထီလာမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၅)ကြိမ်မြောက် National RCA Representative Meeting ကျင်းပ

နေပြည်တော် မတ် ၂၃

မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ နည်းပညာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် တစ်ခုဖြစ်သည့် အာရှနှင့်ပစိဖိတ်ဒေသတွင်း နျူကလီးယားနည်းပညာဆိုင်ရာ သုတေသန၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်တန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (Regional Co-operative Agreement for Research, Development and Training Related Nuclear Science and Technology for Asia and the Pacific- RCA) ၏(၁၅) ကြိမ်မြောက်နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် Meeting of RCA Chair နှင့် Meeting of the Standing; Advisory Committee of the RCA Regional Office အစည်းအဝေးများကို နေပြည်တော်ရှိ ရွှေနန်းတော် (Aureum Palace) ဟိုတယ်၌ မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပသည်။

အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးမှ RCA ၏ လုပ်ဆောင်မှုများအား စောင့်ကြပ်အကြံပြုရေးကော်မတီ ပြန်လည်ဖွဲ့စည်းရေးနှင့် လုပ်ငန်းတာဝန်များ တိုးချဲ့နိုင်ရေး၊ IAEA သို့ RCA မှ တင်သွင်းသည့် စီမံကိန်းခုနစ်ခုအနက် စီမံကိန်းအချို့အား ၂၀၁၄ ခုနှစ်တွင် အကောင်အထည်ဖော်ပြီး ကျန်စီမံကိန်းများအား ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်နိုင်ရေး၊ လက်ရှိအဖွဲ့ဝင်နိုင်ငံများ လိုက်နာကျင့်သုံးလုပ်ဆောင်ရမည့် ညွှန်ကြားချက်များအား တိုးချဲ့ပြင်ဆင်ရေးတို့ကို ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးများသို့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ Deputy Director General Mr. Kwaku Aning၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် RCA Focal Person အပါအဝင် ကိုရီးယားသမ္မတနိုင်ငံရှိ RCA Regional Office မှ တာဝန်ရှိသူများ၊ အာရှနှင့်ပစိဖိတ်ဒေသရှိ အဖွဲ့ဝင် ၁၆ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် သြစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ အဖွဲ့ဝင်နိုင်ငံများ၏ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ တာဝန်ရှိသူပေါင်း ၄၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးမှန်သမျှ သုံးတတ်က မချမ်းသာ စဉ်ကာင်းဝေး

နှစ်သစ်ကူးသင်္ကြန်အကြိုအထူးဈေးရောင်းပွဲ

Fashion Euphoria မှ တီထွင်ဆန်းသစ်သော ဖန်တီးမှုများကို အစဉ်တစိုက်နှစ်ခြိုက်စွာ အားပေးခဲ့ကြသော မိတ်ဆွေများအတွက် နှစ်သစ်ကူးအတာသင်္ကြန်အကြိုအထူးဈေးရောင်းပွဲအစီအစဉ်အဖြစ် ကွန်ပျူတာပန်းထိုးချိတ်အမျိုးမျိုး၊ ပန်းဒီဇိုင်းအမျိုးမျိုး၊ Thai Silk, Singapore Silk, Chiffon အမျိုးမျိုးနှင့်ပွဲထိုင်ဇာ (branded Lace)တို့ကို (၂၀%မှ ၇၀%)အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

နေ့ရက် - ၂၃-၃-၂၀၁၃ရက်မှ ၂၅-၃-၂၀၁၃
အချိန် - နံနက်(၉)နာရီမှ ညနေ(၆)နာရီ
နေရာ - (၁)**No.110(A)** ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်။
(၂)**Junction Square No.(F.129)**ပထမထပ်

ဆက်သွယ်စုံစမ်းရန် - **Ph**-၀၁-၅၅၂၆၃၃၊ ၀၉-၅၁၀၅၄၇၁

Fashion Euphoria မိသားစု

ပထမဆုံးသော နိုင်ငံခြားခရီးစဉ်အဖြစ် တရုတ်သမ္မတသစ် ရုရှားနိုင်ငံသို့ ရောက်ရှိ

မော်စကို မတ် ၂၃

တရုတ်သမ္မတသစ် ရှီကျင့်ဖျင်သည် သမ္မတရာထူး၌ တာဝန်ယူပြီးနောက် ပထမဆုံးသော နိုင်ငံခြားခရီးစဉ်အဖြစ် ရုရှားနိုင်ငံမြို့တော် မော်စကိုသို့ မတ် ၂၂ ရက်တွင် ရောက်ရှိလာကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

လက်မှတ်ထိုးမည်

တရုတ်ခေါင်းဆောင်သစ်၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

သမ္မတရှီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရသော အဓိကသဘောတူညီချက်တစ်ရပ်မှာ တရုတ်နိုင်ငံသို့ရုရှားနိုင်ငံက ရေနံတင်ပို့ရောင်းချရန်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ စွမ်းအင်သုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

သမ္မတရှီသည် သုံးရက်ကြာခရီးစဉ်အဖြစ် ရုရှားနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ရုရှားနိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုကို အလေးပေးသည့်အနေဖြင့် မြို့တော်မော်စကိုသို့ သမ္မတရှီ ရောက်ရှိလာခြင်းဖြစ်သည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများဖြစ်ကြကြောင်း သမ္မတရှီက ရုရှားသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

ကမ္ဘာကြီးလုံခြုံမှုရရှိရေးအတွက် မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်လိုအပ်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် စစ်အေးခေတ်က ရန်ဘက်များဖြစ်ခဲ့ကြသော်လည်း မကြာသေးမီနှစ်များမှစ၍ နိုင်ငံတကာရေးရာများတွင် အမေရိကန်၏ လွှမ်းမိုးမှုအား ချေဖျက်နိုင်ရန် ရည်ရွယ်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လာခဲ့ကြသည်။ **ရိုက်တာ။**



တရုတ်သမ္မတသစ် ရှီကျင့်ဖျင် မြို့တော်မော်စကို၌ ရုရှားဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

ဂါဇာထောက်ပံ့ရေးသင်္ဘောမှလုပ်ရှားသူများ အသက်ဆုံးရှုံးခဲ့မှု အစ္စရေးတောင်းပန်

တဲလ်အဗစ် မတ် ၂၃

၂၀၁၀ခုနှစ်အတွင်းက ဂါဇာကမ်းမြောင်ဒေသ ပိတ်ဆို့ထားခြင်းကို ဖြတ်ကျော်ရန်ကြိုးစားသည့် ပါလက်စတိုင်းအထောက်အပံ့သင်္ဘောကို အစ္စရေးကွန်မန်ဒိုများက စီးနင်းခဲ့စဉ် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည့် အမှားများအတွက် အစ္စရေးဝန်ကြီးချုပ်က တူရကီနိုင်ငံကို တောင်းပန်လိုက်သည်ဟု မတ် ၁၃ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။

သေဆုံးခဲ့ကြသူများ၏မိသားစုများကို လျော်ကြေးပေးရန် နေတန်ညာဟုနှင့် တူရကီဝန်ကြီးချုပ် ရီဆက်တေယစ် အာဒိုဂန်တို့ သဘောတူခဲ့ကြသည်။

ယခင်က မစ္စတာ နေတန်ညာဟုသည် အသက်ဆုံးရှုံးရခြင်းအတွက် ဝမ်းနည်းကြောင်းကိုသာလျှင် ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမား အစ္စရေးသို့ အလည်အပတ်ရောက်ရှိစဉ် နှစ်နိုင်ငံအကြား ဝင်ရောက်ညှိနှိုင်းပေးခဲ့ခြင်းဖြစ်သည်။

တူရကီပြည်သူတို့အား အစ္စရေးဝန်ကြီးချုပ် တောင်းပန်ခြင်းကို လက်ခံရရှိကြောင်း မစ္စတာ အာဒိုဂန်ရုံးအဖွဲ့က ပြောကြားသည်။

အစ္စရေးနှင့် တူရကီနိုင်ငံတို့သည် သံအမတ်များ အပြန်အလှန်လဲလှယ်ကြရန် သဘောတူခဲ့ကြပြီး အစ္စရေးအရာရှိလေးဦးအား တရားစွဲဆိုထားခြင်းကို တူရကီက ရုပ်သိမ်းမည်ဖြစ်ကြောင်း နေတန်ညာဟုရုံးက ပြောကြားသည်။

၂၀၁၀ခုနှစ်တွင် ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ထားသည့် အစ္စရေးတို့၏ အတားအဆီးများကိုဖြတ်ကျော်၍ ပါလက်စတိုင်းတို့ကို အကူအညီပေးရန်ကြိုးစားသည့် "မာဗီမာမာရာ" သင်္ဘောကို အစ္စရေးကွန်မန်ဒိုများက တက်ရောက်စီးနင်းစဉ် လှုပ်ရှားတက်ကြွသူကိုးဦး အသက်သေဆုံးခဲ့သည်။ **ဘီဘီစီ။**

ဂါဇာကမ်းမြောင်ဒေသတွင်းသို့ ချည်းကပ်ဝင်ရောက်ကြိုးပမ်းခဲ့သည့် တူရကီနိုင်ငံမှ ထောက်ပံ့ရေးသင်္ဘောကို တွေ့ရစဉ်။



တရုတ်နိုင်ငံအရှေ့တောင်ပိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွား ရှစ်ဦးသေဆုံး၊ ၁၅ ဦးဒဏ်ရာရ

ဖူကျိုး မတ် ၂၃

တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ဖူကျန်းပြည်နယ်တွင် မတ် ၂၂ ရက်က ယာဉ်တိုက်မှုဖြစ်ပွားရာ လူရှစ်ဦးသေဆုံး၍ ၁၅ ဦးဒဏ်ရာရရှိကြောင်း အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မတ် ၂၂ ရက် နံနက် ၁၁နာရီ မိနစ်၅၀ ခန့်က အမြန်လမ်းမကြီးပေါ်တွင် ကျန်ကျို့မြို့မှ နန်ကျင်းစီရင်စု လောင်ယမ်းမြို့သို့ ဦးတည်၍ ဘိလပ်မြေအိတ်များအပြည့်အသိပ်တင်ဆောင်မောင်းနှင်လာသော ကုန်တင်ကားတစ်စီးက ခရီးသည်တင်ဘတ်စ်ကားတစ်စီး၊ ကုန်ကားတစ်စီးတို့နှင့် ပြင်းထန်စွာ တိုက်မိကြခြင်းဖြစ်ကြောင်း ယင်းစီရင်စုမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ဒဏ်ရာရရှိသူများအား အရေးပေါ် ပြုစုကုသရန် ဆေးရုံသို့လျှင်မြန်စွာ ပို့ဆောင်ပေးလိုက်ကြောင်း၊ ဒဏ်ရာရရှိမှုအခြေအနေနှင့်ပတ်သက်၍ အသက်အန္တရာယ်ရှိ၊ မရှိ မသိရသေးကြောင်း၊ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပြောကြားသည်။ **ဆင်ဟွာ။**

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဟိုချီမင်းမြို့ အိမ်ရာစီမံကိန်းအား ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မတ် ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ဟိုချီမင်းမြို့ရှိ နဂါးမြို့တော်အိမ်ရာစီမံကိန်း (Dragon City Real Estate Project)သို့ ကြည့်ရှုလေ့လာသည်။

အဆိုပါ အိမ်ရာစီမံကိန်းကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖြင့် Dragon Land Company မှ မြေ ၆၅ ဟက်တာပေါ်တွင် အဆင့်မြင့်အိမ်ရာစီမံကိန်းအဖြစ် တည်ဆောက်အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။ အဆိုပါ အိမ်ရာစီမံကိန်း၌ ကွန်ဒိုတိုက်ခန်းများ၊ လုံးချင်းအိမ်ရာများအပြင် စာသင်ကျောင်း၊ တက္ကသိုလ်၊ ဆေးရုံစသည့် မြို့ပြဖွံ့ဖြိုးရေး အစီအစဉ်များ ပါဝင်ကြောင်း သိရှိရသည်။

ဆက်လက်၍ စီမံကိန်းအား ပူးတွဲအကောင်အထည်ဖော်လျက် ရှိသည့် Phulong Real Estate Holdingsလုပ်ငန်း **(အပေါ်ယာပုံ)**သို့လည်းကောင်း၊ HD Holding နှင့် Sovico Holdings လုပ်ငန်းသို့လည်းကောင်း၊ Parkson Super-market ၏ ဦးဆောင်ကုမ္ပဏီအုပ်စုဖြစ်သည့် CT Group သို့ လည်းကောင်း၊ Vietjet Airline သို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဗီယက်နမ်လေကြောင်းခရီးဖြင့် ဟိုချီမင်းမြို့မှ ထွက်ခွာလာပြီး မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူပြီးဖြစ်သည့် Mr. Pham Thanh Dung နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၃-၂၀၁၃ (တနင်္ဂနွေနေ့)

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၁၁း၃၀	မြန်မာရုပ်ရှင် "ဖြေနိုင်ပေါင်" (ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ - ပြည့်စုံ)
၄း၂၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - တစ်မျက်နှာ၊ တစ်ကွက်စာ "အနီနဲ့အပြာ" (ဖြိုးငွေစိုး၊ မေပန်းချီ) [ဒါရိုက်တာ-မေတင်(MMG)]

ဘက်စုံထူးချွန်အပန်းဖြေစခန်းနှင့် ပင်လယ်ပြင်ရွက်လှေလေ့ကျင့်ရေးစခန်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

နေပြည်တော် မတ် ၂၃

ပုလဲငွေဆောင် ဟိုတယ်ရှေ့၌ ဘက်စုံထူးချွန် အပန်းဖြေစခန်းမှခ်ဦး ဆောက်လုပ်နေမှု၊ ဟိုတယ်ဝင်းအတွင်း ဘက်စုံထူးချွန် အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားစင်မြင့် ဆောက်လုပ်နေမှုနှင့် ဘက်စုံထူးချွန်ကျောင်းသားများအတွက် ဆောက်လုပ်ပြီး အဆောင်များကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၂၂ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ပင်လယ်ပြင်ရွက်လှေလေ့ကျင့်ရေးစခန်းသို့ သွားရောက်ပြီး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်ခွဲ ဌာနဆိုင်ရာများနှင့် မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားသမားများ အားတွေ့ဆုံနှုတ်ဆက်ကာ ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်နေမှု၊ ရွက်လှေအားကစားသမားများ လေ့ကျင့်နေမှု၊ **(အောက်ပုံ)**မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၊ ပင်လယ်ပြင် ရွက်လှေလေ့ကျင့်ရေးစခန်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့် ငွေဆောင်မြို့နယ်ခွဲ ကားဂိတ်ပြောင်းနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ တွင် စမ်းသပ်သန်းခေါင်စာရင်းကောက်မည်

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည့် မြို့နယ်ဖြစ်သော လမ်းမတော်မြို့နယ်အတွင်းရှိ(၅)ရပ်ကွက်တွင် စမ်းသပ်သန်းခေါင်စာရင်းအကြောင်း ရပ်ကွက်အတွင်းရှိ ပြည်သူများအားရှင်းလင်းဟောပြောပွဲကို မတ် ၁၇ ရက် ညနေ ၄ နာရီတွင် လမ်းမတော်အထက (၂) ပထမထပ်၌ ကျင်းပသည်။

၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူပြီးနောက် နှစ်ပေါင်း ၃၀ ဝန်းကျင်အကြာ ကောက်ယူခြင်းဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့် မှုခင်းအတွက်မျှ အသုံးမပြုပါ။ စစ်ဆေးခြင်းမပြုပါ။ သို့ဖြစ်ပါ၍ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် စာရင်းကောက်မှ မေးမြန်းသော မေးခွန်းများကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုကြခြင်းဖြင့် ကူညီအားပေးကြပါရန် ရှင်းလင်းပြောကြားသွားသည်ဟုသိရသည်။

လမ်းမတော်မြို့နယ်နှင့်အပါအဝင် ၂၀၁၃ ခုနှစ်စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုကို မြို့နယ် ၂၀ တွင် ပြုလုပ်မည်ဖြစ်ရာ မတ် ၂၉ ရက် ညသန်းခေါင်ယံအချိန်ထိ လက်ရှိအမှန်တကယ်နေထိုင်သူများကိုသာ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်အကိုင်များ၊ လူနေမှုအဆင့်အတန်းများ၊ ပိုင်ဆိုင်မှုနှင့်လူဦးရေအတိုးအလျော့များပါဝင်သော မေးခွန်းများကို စာရင်းကောက်များက မေးမြန်းသွားမည်ဖြစ်ကြောင်းနှင့် သန်းခေါင်စာရင်း၏ အကျိုးကျေးဇူးများကိုပါ ရှင်းလင်းပြောကြားသွားကြောင်းသိရသည်။ **(မောင်စေအောင်)**

မြို့တော်နေပြည်သူများ ယုံကြည်ကိုးစားရသော သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုစနစ်ဖြစ်စေချင်

ပြည်သူတစ်ဦး

မြို့တော်နေ အလွှာအသီးသီးသော ပြည်သူများ အနေဖြင့် နေ့စဉ်နှင့်အမျှ ကြုံတွေ့ရှုန်းကန်နေရသည့် နေထိုင်လုပ်ကိုင်စားသောက်မှုမှအစ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စအဆုံး မရှိမဖြစ်(မဖြစ်မနေ)ယနေ့ အချိန်အထိ မြို့တော်ရန်ကုန်တွင် (မထသ)နှင့် အခြားခရိုင်ယာဉ်လိုင်းများ၏ အစီအစဉ်ဖြင့် ပြေးဆွဲနေသော ပုဂ္ဂလိက ယာဉ်ပိုင်ရှင်များ ပိုင်ဆိုင်သည့် ယာဉ်များအား အမှီသဟဲပြု သွားလာခဲ့ရသည်မှာ ရွှေရတုပင်ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ၂၀၁၂ ခုနှစ်အတွင်း (မထသ)မြို့တွင်းမှ ကျင်းပခဲ့သည့် ရွှေရတုအထိမ်းအမှတ်ပွဲက သက်သေထူနိုင်ခဲ့ပြီဖြစ်သည်။

ရန်ကုန်မြို့တော်သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အမျှ တစ်နေ့တခြား ပြည်တွင်းရှိ အနယ်နယ်အရပ်ရပ် ဒေသအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များ၊ လူလတ်တန်းစားများနှင့် အခြေခံလူတန်းစားများမှာ အလုပ်အကိုင်အခွင့်အလမ်းနှင့် အဘက်ဘက်မှာ လွန်စွာသာလွန်ကောင်းမွန်သောအကြောင်းအချက်များကြောင့် ရွှေ့ပြောင်းနေထိုင်မှု မြင့်မားလာရာ လူဦးရေခြောက်သန်းခန့်သို့ပင် ရောက်ရှိနေပြီဖြစ်ပါသည်။

မြို့တော်ရန်ကုန်သည် မြန်မာပြည်၏ မြို့တော်ဖြစ်ခဲ့ခြင်း၊ စီးပွားရေးမြို့တော်ဖြစ်ခြင်း၊ နိုင်ငံတကာရေကြောင်း၊ လေကြောင်းများ အဓိကဝင်၊ ထွက်ရာ မြို့တော်ဖြစ်သည့်အပြင် တစ်နိုင်ငံလုံး၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် ခြောက်သန်းခန့် ပြည်သူများနေထိုင်ရာ မြို့တော်ဖြစ်၍ နိုင်ငံတော်မှ မြို့တော်နေပြည်သူများအတွက် ဝန်ဆောင်မှု ပိုမိုကောင်းသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်ထွန်းလာရန် ရည်ရွယ်၍ ရန်ကုန်မြို့တော်သယ်ယူပို့ဆောင်ရေး အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အား ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

ရန်ကုန်မြို့တော်တွင် (မထသ)မြို့တွင်း၊ (မထသ) အဝေးပြေး၊ ကုန်စည်၊ ကုန်သေတ္တာအသင်း၊ ရေယာဉ်အသင်း၊ ခရိုင်ယာဉ်လိုင်းများ၊ ပါရမီ၊ ရွှေညော့်သည်၊ သန်မြန်သူ၊ မေတ္တာလှိုင်း အစရှိသော အမည်နာမအမျိုးမျိုး တပ်ဆင်ထားသော ယာဉ်လိုင်းများရှိ စီးတီးဘတ်စ်၊ မီနီဘတ်စ်၊ BM၊ Canter Dyna Hilux ယာဉ်အစီးရေ ၅၀၀၀ ခန့်မှာ နိစ္စဓူဝသွားလာနေသော ခရီးသွားပြည်သူလေးသန်းခန့်အား ဝန်ဆောင်ပေးလျက်ရှိနေသည်။

အမည်နာမ အမျိုးမျိုး တပ်ဆင်ပြေးဆွဲနေသော သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းများအနက် ပါရမီနှင့် ရွှေညော့်သည်ယာဉ်လိုင်းသာ ကုမ္ပဏီပိုင်ဖြစ်၍ ကျန်ယာဉ်လိုင်းအားလုံးမှ ယာဉ်များမှာ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့် သော်လည်းကောင်း ပိုင်ဆိုင်သည့် ပုဂ္ဂလိကပိုင်ယာဉ်များဖြစ်သည်။ ပုဂ္ဂလိကပိုင်ယာဉ်များသည် (မထသ)စတင် ပေါ်ပေါက်လာချိန်မှပင် ယနေ့အချိန်အထိ ပြည်သူများအတွက် ရင်းနှီးမြှုပ်နှံ၍ ဝင်ရောက်ပြေးဆွဲပေးလျက်ရှိသည်။

(မထသ) အဝေးပြေးအနေဖြင့်လည်း ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးဝင်းမှ အခြေစိုက်၍ တစ်နိုင်ငံလုံးရှိ မြို့များသို့ အဝေးသွား (Air Con Bus) ယာဉ်ကြီးများဖြင့်လည်းကောင်း၊ ကုန်စည်အသင်းအနေဖြင့် ဘုရင့်နောင်အဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်းတွင် အမည်နာမအမျိုးမျိုးသော ဂိတ်များဖွင့်လှစ်၍ တစ်နိုင်ငံလုံးရှိ မြို့တော်များသို့ ကုန်စည်များပေးပို့ဝန်ဆောင်မှုပေးခြင်းဖြင့်လည်းကောင်း၊ ကုန်သေတ္တာအသင်းအနေဖြင့်လည်းကောင်း၊ မြို့တော်ရန်ကုန် ဗိုလ်တထောင်မြို့နယ်တွင် အခြေစိုက်၍ သီလဝါ၊ ဗိုလ်တထောင်၊ ဆူးလေ၊ ထီးတန်း၊ ကြည့်မြင်တိုင် (Asia World) ဆိပ်ကမ်းများသို့ ဆိုက်ကပ်လာသော သင်္ဘောများမှ ကုန်သေတ္တာများအား သယ်ယူပို့ဆောင်ဝန်ဆောင်မှုပေးခြင်းဖြင့်လည်းကောင်း၊ ရေယာဉ်များ အနေဖြင့်လည်းကောင်း၊ ဆူးလေ၊ ဗိုလ်တထောင်၊ ထီးတန်း၊ ဘုရင့်နောင်ဆိပ်ကမ်းအသီးသီးအား အခြေပြု၍ ဧရာဝတီတိုင်းဒေသကြီးနှင့် အခြားရေယာဉ်ဖြင့် သွားလာ၍ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ခရီးသွားပြည်သူများနှင့် ကုန်ပစ္စည်းများအား ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့တော်၏ သယ်ယူပို့ဆောင်ရေးအတွက် အဓိကကျသော (မထသ) မြို့တွင်းနှင့် ခရိုင်ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲနေသော ပုဂ္ဂလိကယာဉ်ပိုင်ရှင်များသည် နေ့စဉ်ပြေးဆွဲပေးရသည့် ခရီးလမ်းကြောင်းအလိုက်များသောအားဖြင့် အမှန်တကယ်မရရှိနိုင်သော တစ်ခေါက်ဝင်ငွေစံနှုန်းအပေါ် အခြေခံ၍ စီမံခန့်ခွဲမှုစရိတ် နှစ်ရာခိုင်နှုန်းနှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ၏ ဖွံ့ဖြိုးရေးစရိတ်ဟုဆိုကာ တစ်ရာခိုင်နှုန်း ကောက်ခံသော်လည်း ဖော်ပြပါ ဖွံ့ဖြိုးရေးစရိတ်အား ခံစားရသည့်အချိန်တွင် အမှန်တကယ်နေ့စဉ် ပြည်သူများအားပင်ပန်းဆင်းရဲစွာ ဝန်ဆောင်မှုပေးနေသော ယာဉ်မောင်းလုပ်သားနှင့် ယာဉ်နောက်လိုက်လုပ်သားများမှ ကန့်သတ်ချက်ဖြင့်သာ ခံစားခွင့်ရရှိပြီး ကောက်ခံစဉ်က အကျုံးဝင်ပါဝင်မှုမရှိသည့် (မထသ) လိုင်းဝန်ထမ်းများမှာ ဖွံ့ဖြိုးရေးကြေးအား အပြည့်အဝ ခံစားနေကြောင်း သိရှိရသည်။

ယနေ့ခေတ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလနှင့်အညီ နိုင်ငံတော်မှ ပြောင်းလဲကျင့်သုံးနေသော ပွင့်လင်းမြင်သာသော စီးပွားရေးစနစ် အကောင်အထည်ဖော်ရာတွင်တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်သည့်အနေဖြင့် ယာဉ်ပိုင်ရှင်များထံမှ နေ့စဉ်ကောက်ခံနေသော စီမံခန့်ခွဲမှုစရိတ် နှစ်ရာခိုင်နှုန်း၊ ဖွံ့ဖြိုးရေးစရိတ် တစ်ရာခိုင်နှုန်းနှင့် တရားဝင်မဟုတ်သော ပေးသွင်းငွေပါ ထည့်သွင်းတွက်ချက်ပါက ယာဉ်ကြီးတစ်စီးအား ဝယ်ယူရင်းနှီးမြှုပ်နှံ၍ ပြည်သူအား ဝန်ဆောင်မှုပေးနေသော ယာဉ်ပိုင်ရှင်တစ်ဦးအနေဖြင့် ယာဉ်ချွတ်ယွင်းမှုမရှိဘဲ သတ်မှတ်ခေါက်ရေအတိုင်း ပုံမှန်ဝန်ဆောင်မှုပေးနိုင်ပါက တစ်နေ့လျှင် ငွေကျပ် ၇၅၀၀ခန့်မှ ငွေကျပ် ၁၂၀၀၀ ခန့်အထိ ပေးသွင်းရသဖြင့် တစ်နှစ်လျှင် သက်ဆိုင်ရာယာဉ်လိုင်းအား ငွေကျပ် ၂၅၀၀၀၀၀ မှ ငွေကျပ် ၄၀၀၀၀၀၀ခန့်ပေးသွင်းနေရခြင်းသည် လွန်စွာများပြားသောပမာဏဖြစ်ခြင်းကြောင့် ပြည်သူများအတွက် သွယ်ဝိုက်သောနည်းဖြင့် အချိုးကျဝန်ထုပ်ဝန်ပိုးဖြစ်စေ၍ အမြန်ဆုံး တည့်မတ်ပြင်ဆင်ဖြေလျှော့မှုများ ဆောင်ရွက်ပေးသင့်သည့်အပြင် ပုဂ္ဂလိကယာဉ်ပိုင်ရှင်အများစုဖြင့် စုဖွဲ့ပြေးဆွဲသည့် ယာဉ်လိုင်းများဖြစ်၍ မူဝါဒအားဖြင့် ယာဉ်ပိုင်ရှင်နှင့်ယာဉ်လိုင်း အပြန်အလှန် ပိုမိုခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ရန် တစ်နှစ်လျှင် နှစ်ကြိမ်၊ ခြောက်လတစ်ကြိမ်ခန့် ငွေစာရင်းရှင်းတမ်းအား ပြန်လည်ရှင်းလင်းပြသင့်ပါသည်။

အစီးရေ ငါးထောင်ခန့်သော မြို့တွင်းပြေးဆွဲယာဉ်များနှင့် နှစ်သောင်းကျော်ခန့်သော ကုန်တင်၊ ကုန်စည်၊ ကုန်သေတ္တာယာဉ်များသည် ပုဂ္ဂလိကယာဉ်ပိုင်ရှင်များ ပိုင်ဆိုင်သော ယာဉ်များဖြစ်၍ လက်ရှိ ဖွဲ့စည်းပြေးဆွဲနေသော အမည်နာမများအား ခေတ်ကာလနှင့် လျော်ညီသော အမည်နာမများဖြင့် (ဥပမာ)အများပိုင်သယ်ယူပို့ဆောင်ရေးအသင်းကုမ္ပဏီအစရှိသဖြင့် ပြောင်းလဲဖွဲ့စည်း၍ ပြည်သူများအား ဝန်ဆောင်မှုပေးပါက ပိုမိုပွင့်လင်းမြင်သာပြီး ထပ်မံဝင်ရောက်ရင်းနှီးမြှုပ်နှံဝန်ဆောင်မှု ပေးလိုသူများအတွက်လည်း ပိုမိုယုံကြည်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

ဖော်ပြသော မြင့်မားသောစံနှုန်း၊ ရာခိုင်နှုန်းကောက်ခံမှုများသည် ကောင်းမွန်သောသယ်ယူပို့ဆောင်ရေး ဖြစ်ထွန်းလာရန်အတွက် ဝင်ရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ကြီးလေးသောအဟန့်အတားတစ်ခုဖြစ်သည်။ အုပ်ချုပ်မှုဆောင်ရွက်ပေးသော ယာဉ်လိုင်းများအနေဖြင့် အမှန်တကယ်လိုအပ်သော ဝန်ထမ်းလစာနှင့် အခြားအလေအလွင့်မရှိသော အုပ်ချုပ်မှုစရိတ်များအတွက်သာ စနစ်တကျတွက်ချက်၍ ကောက်ခံသောနည်းဖြင့် ဖြေလျှော့ကောက်ခံမှသာ ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း ယာဉ်တစ်စီးချင်းအလိုက် ယာဉ်များ၏ ကြံ့ခိုင်မှုအစ သန့်ရှင်းသပ်ရပ်မှုအဆုံး လိုအပ်သလို ငွေကြေးအကုန်အကျခံသုံးစွဲ၍ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်လိမ့်မည်ဖြစ်သည်။

မြို့တော်အားအခြေစိုက်၍ တစ်နိုင်ငံလုံးရှိ နေရာဒေသအသီးသီးသို့ ခရီးသွားပြည်သူနှင့် ကုန်စည်များ ပေးပို့ဝန်ဆောင်မှုပေးနေသော (မထသ)အဝေးပြေးနှင့် အခြားကုန်တင်ယာဉ်အသင်းအဖွဲ့အသီးသီးတို့သည်လည်း ခေတ်အဆက်ဆက်မှ ကျင့်သုံးခဲ့သည့် စနစ်များကဲ့သို့ ခါတော်မီပေါ်ပင်စျေးနှုန်းများ ဇာတ်လမ်းများ လုပ်ကြံဖန်တီး၍ စျေးနှုန်းများမြင့်မားအောင်ပြုလုပ်ပြီး ဝန်ဆောင်မှုပေးမှုများအား ဂရုပြုထိန်းသိမ်းရန် အချိန်တန်ပြီဖြစ်သလို တာဝန်ရှိ ယာဉ်လိုင်းများအနေဖြင့်လည်း အထူးအလေးထားကြပ်မတ်ဆောင်ရွက်ပေးသင့်ပါသည်။

မြို့တော်ရန်ကုန်နှင့် တစ်နိုင်ငံလုံးနေ့စဉ်ဖြစ်ပွားနေသော ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်မှုနှင့် ယာဉ်တိမ်းမှောက်မှုအားလုံး၏ ၈၅ ရာခိုင်နှုန်းကျော်သည် ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ၏ စည်းကမ်းမဲ့မှုကြောင့် ဖြစ်ပေါ်နေသည်ကို သိရှိရပါသည်။ ဖော်ပြပါ စည်းကမ်းမဲ့မှုများကြောင့် တိုင်းပြည်အတွက် တန်ဖိုးမဖြတ်နိုင်သော သားကောင်း၊ သမီးကောင်းရတနာများပင် အခါအားလျော်စွာ အသက်ဆုံးရှုံးမှုနှင့် ကိုယ်အင်္ဂါချို့ယွင်းမှုများ ဖြစ်ပေါ်နေသလို ဆက်လက်၍လည်း အသက်အန္တရာယ် ကြုံတွေ့ရနိုင်သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။

ပိုမိုဆိုးရွားသော ဖြစ်စဉ်များမှာ ၈၀ ရာခိုင်နှုန်းကျော်သော ယာဉ်မောင်းများသည် မည်သည့်အကြောင်းကြောင်းကြောင့် ယာဉ်အား(တိုက်/မှောက်/ထိခိုက်)မိသည်ဖြစ်စေ ဥပဒေအရလည်းကောင်း၊ လူ့ကျင့်ဝတ်စည်းကမ်းအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း ရင်ဆိုင်ဖြေရှင်းမှုမရှိဘဲ တိမ်းရှောင်ထွက်ပြေးသွားသည်ကိုသာ အမြဲကြားသိနေရပါသည်။ အပြစ်မဲ့ပြည်သူများအား အသက်အန္တရာယ်ကင်းရှင်းစွာ သွားလာလှုပ်ရှားလုပ်ကိုင် ဆောင်ရွက်နိုင်ရန် ယာဉ်မောင်းများအား ပြည်သူများအတွက် ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ပြီး ဥပဒေလေးစားလိုက်နာသူများဖြစ်လာအောင် အမြန်ဆုံးပြုပြင်ပြောင်းလဲပေးသင့်သော အချိန်ကာလရောက်ရှိနေပြီဖြစ်ပါသည်။

မြို့တော်တွင်း ဆောက်လုပ်ရေးပစ္စည်းရောင်းချသော ကုမ္ပဏီများ၊ ကုန်မာဆိုင်များနှင့် လုပ်ငန်းခွင်အသီးသီးသို့ ဘိလပ်မြေ၊ သဲနှင့် ကျောက်များပေးပို့နေသော ခြောက်ဘီး၊ ဆယ်ဘီး၊ တစ်ဆယ့်နှစ်ဘီး၊ နှစ်ဆယ့်နှစ်ဘီးတပ်ယာဉ်နှင့် အခြားအုတ်၊ သဲ၊ ကျောက်တင်ယာဉ်များမှာ အကာအရံမပါရှိသောကြောင့် မြေကြီးများ၊ ဘိလပ်မြေမှုန့်များ၊ ကျောက်မှုန့်များ၊ သဲမှုန့်များ ယိုဖိတ်လွင့်စဉ်မှုများ၏ဒဏ်ကို ပြည်သူများနှင့် စည်ပင်ပိုင်လမ်းများ နိစ္စဓူဝခံစားနေရသည်ကို တွေ့မြင်ကြားသိနေရပါသည်။

ယာဉ်ကြီးများသည် တာဝန်ရှိသူများ မရောက်ရှိနိုင်သည့်အချိန်အပေါ် သုံးသပ်အခွင့်အရေးယူ၍ ဝင်ခွင့်မရှိသော ရပ်ကွက်တွင်း လမ်းကျဉ်းများမှ တိတ်တဆိတ်ခိုးဝင်ပြီး လိုရာခရီးသို့ သွားရောက်နေမှုများကိုလည်းကောင်း၊ လူနေရပ်ကွက်နှင့် လိုက်လျောညီထွေစွာ ဖောက်လုပ်ထားသည့် လမ်းကျဉ်းများပေါ်တွင် မော်တော်ယာဉ် ရောင်းဝယ်ရေးစခန်းငယ်များဖွင့်လှစ်၍ အရောင်းအဝယ် ပြုလုပ်နေမှုများသည် ရပ်ကွက်တွင်းရှိ နေထိုင်သူနှင့် ခရီးသွားပြည်သူများအား လွန်စွာ စိတ်အနှောင့်အယှက်ဖြစ်စေသည့်(ကိစ္စ)လုပ်ရပ်များဖြစ်၍ သက်ဆိုင်ရာမှ ပြည်သူများအတွက် အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးသင့်ပါသည်။

၂၀၁၃ ခုနှစ်ကုန်ပိုင်းတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် (SEA Games) ပွဲတော်နှင့် ၂၀၁၄ တွင် နိုင်ငံတော်သမ္မတကြီးမှ အာဆီယံဥက္ကဋ္ဌ အလှည့်ကျတာဝန်ထမ်းဆောင်မည့်အချိန်မှာလည်း နီးကပ်လာပြီဖြစ်သောကြောင့် သက်ဆိုင်ရာယာဉ်လိုင်း အုပ်ချုပ်ရေးကော်မတီမှစ၍ သယ်ယူပို့ဆောင်ရေး အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အဆုံး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာမှ ဧည့်သည်များ၊ အားကစားသမားများ ရောက်ရှိလာချိန်တွင် မြို့တော်နှင့် နိုင်ငံ၏ ဂုဏ်သိက္ခာပုံရိပ်အား အရုပ်ဆိုးအကျည်းတန်မှုမရှိစေရန် ခရီးသွားပြည်သူများအတွက် လှပသန့်ရှင်းသပ်ရပ်သော ကားမှတ်တိုင်များ တည်ဆောက်ပေးခြင်း၊ လမ်းကူးအမှတ်အသားများ ပြင်ဆင်ရေးဆွဲခြင်း၊ ကောင်းမွန်စွာ ယာဉ်ကြောရှင်းလင်းနိုင်ရန်အတွက် လမ်းဆုံမီးပွိုင့်များအား လျှပ်စစ်မီးမပြတ်တောက်ရန် စီစဉ်ခြင်း၊ ပြေးဆွဲရန် အင်္ဂါရပ်နှင့် မညီညွတ်သောယာဉ်များအား ပြေးဆွဲခွင့်ရပ်ဆိုင်း၊ ရုပ်သိမ်းခြင်း၊ Model မြင့် ခရီးသည်တင်ယာဉ်များ မှာယူတင်သွင်းပြေးဆွဲနိုင်ရန် ရင်းနှီးမြှုပ်နှံမည့်ယာဉ်ပိုင်ရှင်/လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ လက်ရှိပြေးဆွဲနေသောယာဉ်များ၏ ကြံ့ခိုင်မှုအတွက် လိုအပ်သောအင်ဂျင်မှအစ အခြားယာဉ်အရန် ပစ္စည်းအဆုံး မှာယူတင်သွင်းရောင်းချပေးနိုင်ရန် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်ပေးသင့်ပါသည်။

နိုင်ငံတော်မှ ပြည်သူလူထုအကျိုးရည်ရွယ်ဖွဲ့စည်းပေးခဲ့သော သယ်ယူပို့ဆောင်ရေးအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အနေဖြင့် ခေတ်အဆက်ဆက် ချို့ယွင်းအားနည်းခဲ့သော စနစ်ဟောင်းများအား ကိုင်စွဲ၍ စီမံအုပ်ချုပ်မှုများ ဆောင်ရွက်နေသော အမည်နာမအမျိုးမျိုးသော ယာဉ်လိုင်းအုပ်ချုပ်ရေးအဖွဲ့များ၏ အားနည်းချက်၊ အားသာချက်များအပေါ် ဂရုပြုတည့်မတ်မှုများ ပြုလုပ်ပေးခြင်းဖြင့် ပြည်သူလူထုအတွက် ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်ပေါ်ထွန်းလာရန် မွန်မြတ်သော စိတ်စေတနာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။

တောင်သူလယ်သမားများနှင့် အလုပ်သမားများအကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေများဖြစ်ရေး ဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၃

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့တွင် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးက"နိုင်ငံတကာ ဒီမိုကရေစီကျင့်စဉ်များကို သိရှိလေ့လာနိုင်ရန် ကျောင်းသင်ခန်းစာများတွင် ထည့်သွင်း သင်ကြားပေးနိုင်ခြင်းရှိ/မရှိ"သိရှိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင် ယခုမေးခွန်းနှင့်ဖြေကြားသည့် ဖြေကြားမှုများကို နောက်နေ့ထုတ်ဝေမည့် သတင်းစာများတွင် အပြည့်အဝဖော်ပြပေးစေလိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါကြောင်း၊ ထိုနည်းတူ ဤမေးခွန်းနှင့် အဖြေကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်ပေးရန်အတွက်လည်း လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများနှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် ပညာရေးနှင့်ပတ်သက်၍ မိမိတို့လွှတ်တော်က ဥပဒေပြဋ္ဌာန်းရန် ဝိုင်းဝန်းဆွေးနွေးနေသည်များလည်း ရှိပါကြောင်း၊ မိမိတို့လွှတ်တော်ဘက်က ပြောမည်ဆိုလျှင် ဤဥပဒေမြန်မြန်နှင့် ဥပဒေကောင်းတစ်ခုဖြစ်ရေးအတွက်လည်း လိုလားပါကြောင်း၊ ထို့ကြောင့်တာဝန်ရှိသူများအားလုံးပူးပေါင်းပြီး လာမည့်သတ္တမပုံမှန်အစည်းအဝေးတွင် ဤဥပဒေတစ်ခုဖြစ်လာရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာကော်မတီအသီးသီးက ဝိုင်းဝန်းကြိုးပမ်းပေးရန်ကိုလည်း မေတ္တာရပ်ခံတင်ပြလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ မေးမြန်းချက်နှင့်ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၏ မေးခွန်းများသည် ဆက်စပ်ဖြေကြားရမည့် မေးခွန်းများဖြစ်ပါကြောင်း၊ ဦးအောင်မြသန်းမေးလိုသည့် မေးခွန်းအနှစ်ချုပ်သည် တောင်သူလယ်သမားများ၏အသံ၊ တောင်သူလယ်သမားများ၏ဆန္ဒဖြစ်သည့် တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာမြေများ ခါတ်ခွဲစမ်းသပ်နိုင်ရေး ဆောင်ရွက်ပေးရန်၊ မျိုးကောင်း မျိုးသန့် အထွက်နှုန်း ကောင်းပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များအဖြစ် သုတေသနပြုထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ လယ်ယာမြေဥပဒေနှင့်အညီ ဘဏ်များမှလုံလောက်သောချေးငွေခွင့်ပြုရန်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အာမခံသည့် ပိုးသတ်ဆေးဥပဒေအဖြစ် ဖော်ဆောင်ပေးရန်၊ စိုက်ပျိုးရေးနည်းပညာ စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားပေးရန်၊ သီးနှံများသင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုသည်ဟု ဆိုသည့် မေးခွန်းဖြစ်ပါကြောင်း၊ ထိုသို့မေးမြန်းသည့်နေရာတွင် လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏မေးမြန်းချက်ကို ဖြေကြားရန် မိမိတို့လွှတ်တော်တွင်တာဝန်ရှိလာပါကြောင်း၊ ထို့ကြောင့်လည်း ပြီးခဲ့သော ဖေဖော်ဝါရီ ၂၅ ရက်က ပြည်ထောင်စုလွှတ်တော်တွင် တင်ပြခဲ့သည့် တင်ပြချက်နှင့်သက်ဆိုင်သည့်အတွက် ဖြေကြားရန် မိမိတွင်တာဝန်ရှိသည်ဟု ယူဆပါကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးမှတစ်ဆင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ၂၀၁၃ ခုနှစ် မတ်လ ၁ ရက်နေ့တွင် အကြောင်းကြားခဲ့ပါကြောင်း။

အကြောင်းအရာမှာ ဥပဒေများညှိနှိုင်းရေးဆွဲနိုင်ရေးဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေများပြဋ္ဌာန်းထားရှိခြင်း ရှိ၊ မရှိနှင့် ပြဋ္ဌာန်းထားရှိခြင်းရှိပါက ယနေ့အချိန်အခါတွင် အမှန်တကယ်ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ၊ မရှိ၊ ထုတ်ပြန်ထားခြင်းမရှိသေးပါက သက်ဆိုင်ရာကော်မတီများ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲနိုင်ရေး အကြောင်းကြားပါသည်ဟူ၍ ကော်မရှင်သို့ ပေးပို့ခဲ့ပါကြောင်း၊ ယနေ့ကော်မရှင်အနေဖြင့်လည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းကို သိရပါကြောင်း၊ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာကော်မတီများ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲပြီး လာမည့်သတ္တမပုံမှန်အစည်းအဝေးများအတွင်း ဥပဒေတစ်ရပ်ဖြစ်လာရေးအတွက် ဆောင်ရွက်သွားရန်ကိုလည်း လွှတ်တော်က တိုက်တွန်းလိုပါကြောင်း၊ သို့ဖြစ်၍ ယခုတိုက်တွန်းချက်နှင့်အညီ လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ မေးခွန်းအား ပြန်လည်ဖြေကြားခြင်းဖြစ်ပါကြောင်း။

ဦးအောင်မြသန်းမေးသည့် မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅)၊ (၆)သည် ဥပဒေအရ ဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် ဥပဒေပြုပြီးမှသာ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖြေကြားနိုင်မည်မဟုတ်သကဲ့သို့ ဖြေကြားမှုသည်လည်း ထိရောက်မှုရှိမည်မဟုတ်ပါကြောင်း၊ ဥပဒေပြုရေးဆိုသည့်နေရာတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး နားလည်ထားသည့်အတိုင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ဥပဒေကြမ်းများတင်သွင်းနိုင်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေကြမ်းများ တင်သွင်းနိုင်သည့်အတွက် အကယ်၍ ပြဋ္ဌာန်းထားသောဥပဒေများသည် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်လိုအပ်ပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစပျိုးတင်ပြနိုင်သည့် အခွင့်အရေးများရှိပါကြောင်း၊ ထိုသို့မဟုတ်ဘဲ ဥပဒေအသစ်ရေးဆွဲရန် လိုသည်ဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ ကော်မတီအနေဖြင့်သော်လည်းကောင်း ရေးဆွဲနိုင်သည့်အတွက် မိမိတို့ရရှိထားသည့် အခွင့်အရေးကို မှန်မှန်ကန်ကန်အသုံးချပြီး ပြည်သူလူထု ယနေ့ပြောနေသော တောင်သူလယ်သမားများနှင့် အလုပ်သမားများ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေများဖြစ်ရေးအတွက်လည်း မိမိတို့လွှတ်တော်က ဆောင်ရွက်နိုင်သကဲ့သို့ ဆောင်ရွက်ပေးရန်လည်း လိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ဇွန်လ ၂၁ ရက် ထက်စော၍ ခေါ်မည်မဟုတ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းဆင်း

နေပြည်တော် မတ် ၂၃

ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၅၀/၂၀၁၂)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၃၄/၂၀၁၂)ဆင်းပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက နယ်စပ်ဒေသ၌နေထိုင်သည့် တိုင်းရင်းသူအမျိုးသမီးငယ်များကို အိမ်တွင်းမှု သက်မွေးပညာများ သင်ကြားပေးခြင်းဖြင့် မိမိတို့ဒေသတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကိုယ်ပိုင်လုပ်ကိုင်နိုင်ပြီး စားဝတ်နေရေးဘက်စုံဖွံ့ဖြိုး တိုးတက်ကာ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးများ ဖြစ်စေရေး ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်းပြောကြားကာ တာဝန်ရှိသူတို့နှင့်အတူ ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် မတ် ၂၃

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြစ်တွင်းဆီးနှင်းထူထပ်စွာကျ၍ ကူးတို့သင်္ဘောခေါက်ရေပျောက်

ရန်ကုန် မတ် ၂၃

ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်လိုင်း ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ဒလ-ပန်းဆိုးတန်း အသွားအပြန် သင်္ဘောငါးခေါက်ပြေးဆွဲခြင်း မပြုနိုင်ကြောင်း တပင်ရွှေထီးရေယာဉ်မှူး ဦးတင့်လွင်က ပြောကြားသည်။

၎င်းက "မနက် ၅ နာရီမှာ ဒလဆိပ်ကမ်းကနေ ပန်းဆိုးတန်းကို ကျန်စစ်သားသင်္ဘော စထွက်သွားတယ်။ နောက်သိပ်မကြာဘူး ဆီးနှင်းတွေက ဖွေးနေအောင်ကျလာတယ်။ ရှေ့သုံးပေအကွာတောင် ဘာမှမမြင်ရတော့ဘူး။ ဆီးနှင်းတွေဖွေးနေတာပဲ။ ဒါကြောင့် ဌာနကအန္တရာယ်ဖြစ်မှာစိုးတဲ့အတွက် မထွက်ခိုင်းတာပါ။ မနက် ၅ နာရီခွဲမှာ ထွက်ရမှာ မထွက်ရတဲ့အပြင် ၆ နာရီ၊ ၆ နာရီ မိနစ် ၂၀၊ ၆ နာရီ မိနစ် ၄၀၊ ခုနစ်နာရီ ထိ မထွက်နိုင်ဘူး။ ၇ နာရီ မိနစ် ၂၀ ကျမှ ထွက်နိုင်တယ်။ ခရီးသည်တွေ ဒုက္ခရောက်တာပေါ့ဗျာ။ မနေ့ကလည်း နှစ်ခေါက်ပျောက်သေးတယ်။ ဒီနှစ် ဒလက ဆယ်တန်းဖြေတဲ့ ကလေးတွေ ရန်ကုန်မှာ သွားမဖြေရတော့ တော်သေးတာပေါ့"ဟု ပြောသည်။

ဂျာနယ်ပို့သူတစ်ဦးကလည်း "မြစ်ထဲမှာ နှင်းတွေက ဖွေးနေတယ်။ ရှေ့ ၁၀ ပေလောက်တော့မြင်ရတယ်။ တဖြည်းဖြည်းချင်း မောင်းလာတာ။ ဒီဘက်ကမ်းကို ရောက်လာတယ်။ ရာသီဥတုကောင်းရင် ၁၀ မိနစ်ကအလွန်ဆုံး၊ ခုတော့ နာရီဝက်လောက်ကြာတယ်။ အရင်ကတစ်စင်းကို တစ်ထောင်၊ ခုတော့ သုံးထောင်ပေးရတယ်။ လိုရာခရီးကို အန္တရာယ်ကင်းစွာ ရောက်လာတာပဲ ဝမ်းသာပါတယ်"ဟု ပြောသည်။

(၅၆၉)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၂၄-၃-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၄၀	"မိဘကျေးဇူးတရားနှင့်ဗုဒ္ဓ၏ အဆုံးအမစကား"တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၁၁း၅၅	ဓလေ့ရိုးရာမမေ့သာ
၃း၀၀	ဗီဒီယိုပြခန်း
၄း၂၅	Kid's Show
၆း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၁၄)
၇း၅၀	သဘာဝထဲမှရန်သူများ (စက်ရုံမီး)
၈း၁၅	YANGON ICT Fair 2013
၉း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ (လေညင်းလေးရဲ့ပျော်ရွှင်မှု) (အပိုင်း - ၅၈)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

မြန်မာနိုင်ငံ၌ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် ဖိတ်ခေါ်

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မတ် ၂၂ ရက် နံနက် ၁၁ နာရီခွဲတွင် ဟိုချီမင်းမြို့ရှိ ပြည်သူ့ကော်မတီရုံး၌ ပြည်သူ့ကော်မတီဥက္ကဋ္ဌ မစ္စတာလီဟွမ်ကွမ်း**(ယာပုံ)**အား လည်းကောင်း၊ ညနေပိုင်းတွင် ဟိုချီမင်းမြို့ ပြန်လည်စည်းလုံးညီညွတ်ရေးနန်းတော် (Reunification Palace)၌ ဟိုချီမင်းမြို့ပါတီအတွင်းရေးမှူး မစ္စတာလီသန်ဟိုင်အား လည်းကောင်း လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ အနေဖြင့် အစဉ်အလာအရ ခင်မင်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ရှိသည့်အပြင် ရန်ကုန်မြို့နှင့် ဟိုချီမင်းမြို့တို့ကို ညီအစ်ကိုမြို့များအဖြစ် ၂၀၁၁ခုနှစ် စတုတ္ထအကြိမ်မြောက် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးတွင် နှစ်နိုင်ငံခေါင်းဆောင်များက သတ်မှတ်ခဲ့ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံ ခေါင်းဆောင်များ၏ အပြန်အလှန်လည်ပတ်မှုနှင့်အတူ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုနက်ရှိုင်းလာကြောင်း၊ နှစ်နိုင်ငံ အစိုးရအဖွဲ့များသာမက မြန်မာ-ဗီယက်နမ်လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိလာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးဖော်ဆောင်မှုအရ အောင်မြင်မှုများရရှိလာပြီးဖြစ်သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ရန် များစွာကျန်ရှိနေဆဲဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန်များပြဋ္ဌာန်းပြီး ရင်းနှီးမြှုပ်နှံမှုအခြေအနေကောင်းများ ဖန်တီးပေးလျက်ရှိပါကြောင်း၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန်ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားရာ ပြည်သူ့ကော်မတီဥက္ကဋ္ဌနှင့် ဟိုချီမင်းမြို့ပါတီအတွင်းရေးမှူးတို့က မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအတွက် ကောင်းမွန်ပြည့်စုံသည့် အနာဂတ်များ ဖန်တီးပေးနိုင်မှာဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ဟိုချီမင်းမြို့ပါတီအတွင်းရေးမှူးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ဟိုချီမင်းမြို့ပြဇာတ်ရုံ၌ ရိုးရာယဉ်ကျေးမှုအနုပညာဖျော်ဖြေတင်ဆက်မှုကို တက်ရောက်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**



●ဒုတိယသမ္မတမှ

ဥက္ကဋ္ဌဖြစ်သူ Dr. VU TIEN LOC နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ Daewoo International Corp မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်လည်းကောင်း ခေတ္တတည်းခိုသည့် Melia Hanoi ဟိုတယ် Business Center ၌ အသီးသီး လာရောက်တွေ့ဆုံကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဟန္နိုင်းမြို့အနောက်ဘက်တွင် VINACONEX မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် An Khanh (Splendora) မြို့သစ်စီမံကိန်းကို သွားရောက်ကြည့်ရှုလေ့လာရာ သက်ဆိုင်ရာ တာဝန်ရှိသူများက မြို့သစ်ဖော်ထုတ်ပြီးစီးမှု၊ အဆောက်အအုံများ တည်ဆောက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ An Khanh (Splendora) မြို့ကွက်သစ်စီမံကိန်းကို VINA-CONEX မှ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံဖြင့် ဟန္နိုင်းမြို့အနောက်ဘက်၌ မြေဧရိယာ ၂၆၄ ဟက်တာပေါ်တွင် အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညနေ ၅ နာရီခွဲတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဟန္နိုင်းမြို့ရှိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံရုံးနှင့်စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်များအား တွေ့ဆုံသည်။ ထို့နောက် ဟန္နိုင်းမြို့မှ ဟိုချီမင်းမြို့သို့ ဗီယက်နမ်လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာကြရာ ဗီယက်နမ်နိုင်ငံသမ္မတရုံး ဒုတိယဥက္ကဋ္ဌ H.E.Mr.Chu Van Yem နှင့် တာဝန်ရှိသူများက နိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ဟိုချီမင်းမြို့ တန်ဆွံနတ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၁၀ နာရီတွင် ရောက်ရှိရာ ဟိုချီမင်းမြို့တော် ဒုတိယဥက္ကဋ္ဌ Mr.Le Manh ha၊ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr.Dam Trung Bacနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(သတင်းစဉ်)**

❒ရှေ့ဖုံးမှ

လက်မှတ်ရေးထိုးခဲ့ကြသည်။ သဘောတူညီချက်တွင် နှစ်ဖက် အပစ်အခတ်ရပ်စဲရေးအတွက် ဆက်လက်သဘောတူညီခဲ့ကြသည့်အပြင် ကယ်ဆယ်ရေး၊ လူမှုရေး၊ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကဏ္ဍများအပါအဝင် ကဏ္ဍကြီး(၁၀)ရပ်နှင့်ပတ်သက်၍လည်း သဘောတူညီခဲ့မှု ရရှိခဲ့ကြသည်။

နိုင်ငံရေးဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြင့်လည်း သဘောတူညီခဲ့ကြသည်။ **(သတင်းစဉ်)**

ရပ်ကွက်အုပ်ချုပ်ရေးမှူးများ သင်တန်းဖွင့်

ရန်ကုန် မတ် ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြှင့်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို အလုံခန်းမ၌ ယနေ့ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာဦးကျော်သူဇော်က အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ် ၁၃ မြို့နယ်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ၁၅၉ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ **ရန်နိုင်ဝင်း(လှိုင်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နေပြည်တော် မတ် ၂၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ(အေအက်ဖ်ဒီ)တို့အကြား လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို မတ် ၂၂ ရက် ညနေ ၃ နာရီခွဲတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pascal CANFIN ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတော်အစိုးရအနေဖြင့် လူထုဗဟိုပြု ဖွံ့ဖြိုးမှုမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ လူဦးရေသန်း ၆၀ အတွက် စားဝတ်နေရေး၊ အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ သယ်ယူပို့ဆောင်ရေး ပိုမိုလွယ်ကူအဆင်ပြေစေရေးတို့ကို ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ထိရောက်သောအကူအညီ အထောက်အပံ့များ ဖြစ်စေရေးအတွက် အလှူရှင်အဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ် ဇန်နဝါရီလတွင် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို အောင်မြင်စွာကျင်းပခဲ့ပြီး နေပြည်တော် သဘောတူညီချက်ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီအနေဖြင့်လည်း အလှူရှင်အသိုင်းအဝိုင်းတွင် ပူးပေါင်းပါဝင်ပြီး မိမိတို့နှင့်အတူတကွ လက်တွဲဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်ပါကြောင်း၊ နားလည်မှုစာချွန်လွှာအရ ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ၏ ဆောင်ရွက်မှုနယ်ပယ်များသည်လည်း မြန်မာနိုင်ငံမှ ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီမှ Chief Operating Officer တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံ နှစ်နိုင်ငံကြား (၃၅)နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ(အေအက်ဖ်ဒီ)မှ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေးတို့အတွက် အခြေခံအဆောက်အအုံများကို အကူအညီပေးအပ်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနှင့် ပြင်သစ်နိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

မြစ်ဝကျွန်းပေါ်ဒေသများတွင် နေ့အပူချိန်များ အနည်းငယ်ဆက်လက်ပိုနေမည်

နေပြည်တော် မတ် ၂၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မချမ်းဘောမြို့တွင် သုည ဒသမ ၄၇ လက်မ၊ ပူတာအိုမြို့တွင် သုည ဒသမ ၃၀ လက်မ၊ မြစ်ကြီးနားမြို့နှင့် ကသာမြို့တို့တွင် သုည ဒသမ ၁၉ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်ဒေသများတွင် နေ့အပူချိန်များ အနည်းငယ် ဆက်လက်ပိုနေမည်။

Myanmar Investment Seminar ဖွင့်

ရန်ကုန် မတ် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry (METI)၊ JETRO နှင့် Japan SME Agency တို့ ပူးပေါင်းကျင်းပသော Myanmar Investment Seminar ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် UMFCCI ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ JETRO မှ Executive Vice-President Mr. Soichi Yoshimura ၊ ဂျပန်နိုင်ငံ SME Agency မှ Director-General Mr. Kensuke Tomita နှင့် Japan Myanmar Association မှ Chairman Mr. Hideo Watanabe တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီနှင့် UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကားပြောကြားကြပြီး ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ မိုင်ဒါကွင်း၌ကျင်းပသော သကြ်န်အကြို ကုန်စည်ပြပွဲနှင့် ကားပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးညဏ်ထွန်းဦးနှင့် တာဝန်ရှိသူများက ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြခန်းအတွင်း ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် ကုမ္ပဏီ ၇၀ က ပြခန်းပေါင်း ၁၈၀ ပါဝင်ပြသပြီး မတ် ၂၃ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့၌ တည်...
မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒုက္ခသည်...
ဒုက္ခသည်များ၏ စားသောက်နေထိုင်...

နေပြည်တော် မတ် ၂၃

နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၃)ဖြင့် အရေးပေါ်အခြေအနေ ကြေညာခြင်းကို မတ် ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် မိတ္ထီလာမြို့၏ အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းခဲ့ရာ မတ် ၂၂ ရက် ညပိုင်းမှစတင်၍ အခြေအနေမှာ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည်။

မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သော ဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချထားဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့အတွက် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆား၊ ပဲနှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေဆောင်ရွက်ပေးလျက် ရှိသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်ဦးစီးသည့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ကယ်ဆယ်ရေးစခန်း အသီးသီးရှိ ဒုက္ခသည်များ၏ စားသောက်နေထိုင်ရေးအတွက်လိုအပ်သည့် ကိစ္စအဝဝကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် အလှူခံဌာန ဖွင့်လှစ်ထားရှိ၍ စီစဉ်...

ရှိသည်။

ထို့ပြင် ...

ဒုက္ခသည်များ...

ဆွဲခြောက်နှင့် စ...

ဖြန့်ဝေပေးလျ...

အလှူရှင်များက...

လျက်ရှိရာ ဒေ...

မြို့ရှိ သံဃာမျ...

The Action T...



စေတ...

Sky Net ရုပ်...

ဒေသကြီး အစိုး...

ကယ်ဆယ်ရေး...

ချထားရေးဝန်...

ကယ်ဆယ်ရေးစခန်းများမှ နေအိမ်သို့ ပြန်လို... ပို့ဆောင်ပေးစဉ်။

စားသုံးသူအကာအကွယ်ပေး...
Mobile Team...

မြိတ် မတ် ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန... မြိတ်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ကုန်ပစ္စည်းမျာ... တင်ပို့ခြင်း၊ တင်သွင်းခြင်းများကို ခွင့်ပြုချက်ရယူပြီ... ခွင့်ပြုချက်ပါ စည်းကမ်းဖောက်ဖျက်ခြင်းတို့ကို အရေ... ယူ ဆောင်ရွက်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး... ကုန်သွယ်မှုမြှင့်တင်ရေး၊ တရားမဝင်ကုန်သွယ်မှုမျာ... လျော့နည်းပပျောက်ရေးအတွက် Mobile Team... ထုတ်နုတ်အင်အားအဖွဲ့သည် ပြည်တွင်းပို့ကုန်၊ သွင်း...

မိတ္ထီလာမြို့၌ တည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိနေပြီဖြစ်

မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချထားဆောင်ရွက်ပေးလျက်ရှိ

ဒုက္ခသည်များ၏ စားသောက်နေထိုင်ရေးအတွက် လိုအပ်သည့်ကိစ္စအဝဝကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးထား

နေပြည်တော် မတ် ၂၃

နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၃)ဖြင့် အရေးပေါ်အခြေအနေ ကြေညာခြင်းကို မတ် ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် မိတ္ထီလာမြို့၏ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းခဲ့ရာ မတ် ၂၂ ရက် ညပိုင်းမှစတင်၍ အခြေအနေမှာ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည်။

မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သော ဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချထားဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့အတွက် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆား၊ ပဲနှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေဆောင်ရွက်ပေးလျက် ရှိသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်ဦးစီးသည့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ကယ်ဆယ်ရေးစခန်း အသီးသီးရှိ ဒုက္ခသည်များ၏ စားသောက်နေထိုင်ရေးအတွက်လိုအပ်သည့် ကိစ္စအဝဝကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် အလှူခံဌာန ဖွင့်လှစ်ထားရှိ၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင် ဒုက္ခသည်များအား ရေသန့်၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ကုန်များကို ဖြန့်ဝေပေးလျက်ရှိပြီး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ ဧဒင်ကုမ္ပဏီ၊ မန္တလေးမြို့ရှိ သံဃာများနှင့် အလှူရှင်များ၊ The Action Time Foundation၊ Sky Net ရုပ်သံ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဦးအောင်ကျော်ဦး၊ ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပျော်ဘွယ်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးတို့က ခေါက်ဆွဲခြောက်ထုပ်များ၊ မုန့်မျိုးစုံ၊ ရေသန့်ဘူးများ၊ အအေးဘူးများ၊ ဆန်အိတ်များ၊ ဆေးဝါးများ၊ မိုးကာတဲများ၊ အထည်မျိုးစုံ၊ ကော်ဖီမစ်ထုပ်များ၊ ဓာတ်ဆားထုပ်များနှင့် အလှူငွေများကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကယ်ဆယ်ရေးစခန်းများ၌ ယာယီနေထိုင်လျက်ရှိသော ဒုက္ခသည်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့်ပေးပို့သည့် ထောက်ပံ့ရေး ပစ္စည်းများသည် ရန်ကုန်မြို့မှ မိတ္ထီလာမြို့သို့ ယနေ့မွန်းလွဲပိုင်းတွင် Y-8 လေယာဉ်ဖြင့် ရောက်ရှိလာသည်။

စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ကယ်ဆယ်ရေးစခန်းများမှ နေရပ်အသီးသီးရှိ မိမိတို့နေအိမ်သို့ ပြန်လိုသူများကိုလည်း သက်ဆိုင်ရာက လုံခြုံရေးတာဝန်ယူ၍ လိုက်ပါပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။

လုံခြုံရေး တာဝန်ကျဝန်ထမ်းများသည် ဒေသတည်ငြိမ်အေးချမ်းရေးကို အပြည့်အဝဆောင်ရွက်နိုင်ခဲ့ပြီးနောက် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်အပျက်အစီးများအတွင်းမှ စုစုပေါင်း သေဆုံးသူ ၂၀ ဦး၏ ရုပ်အလောင်းများကို ထပ်မံရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ရုပ်အလောင်းများသည် ရုပ်ဆင်းအင်္ဂါ ပျက်ယွင်းနေပြီး အမည်နှင့် လူမျိုးဘာသာခွဲခြားနိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

မိတ္ထီလာမြို့၌ ဖြစ်ပွားသည့် ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်ကြောင့် ယနေ့ညနေပိုင်းအထိ ရရှိသော သတင်းများအရ သေဆုံးသူ စုစုပေါင်း ၃၂ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကယ်ဆယ်ရေးစခန်းများမှ နေအိမ်သို့ ပြန်လိုသူများကို သက်ဆိုင်ရာက လုံခြုံရေးတာဝန်ယူ၍ လိုက်ပါပို့ဆောင်ပေးစဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့ ကယ်ဆယ်ရေးစခန်းများတွင် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေမှု ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေသည် မိတ္ထီလာမြို့ မြို့ပေါ်ရှိကယ်ဆယ်ရေးစခန်းများ၌ ယာယီခိုလှုံလျက်ရှိကြသော ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးမှုကို ယနေ့ညနေပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မိတ္ထီလာမြို့ ပညာရေးလေ့ကျင့်ရေးကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ခရိုင်အားကစားကွင်းနှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်ထုပ်၊ ဘီစကွတ်ထုပ်နှင့် ထမင်းထုပ်များ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေး၍ ဒုက္ခသည်များအား အားပေးစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယခုအခါ မိတ္ထီလာမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ယာယီခိုလှုံလျက်ရှိကြသော ဒုက္ခသည် ၉၆၄၄ ဦးတို့အတွက် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုဖြင့် ရက်သတ္တပတ်စာ စားဝတ်နေရေး အဆင်ပြေအောင် စီစဉ်ထားရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့ ကယ်ဆယ်ရေးစခန်းများ၌ ယာယီခိုလှုံလျက်ရှိကြသော ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးစဉ်။ (သတင်းစဉ်)

စားသုံးသူအကာအကွယ်ပေးရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး Mobile Team ကွင်းဆင်းဆောင်ရွက်

မြိတ် မတ် ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြိတ်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ကုန်ပစ္စည်းများ တင်ပို့ခြင်း၊ တင်သွင်းခြင်းများကို ခွင့်ပြုချက်ရယူပြီး ခွင့်ပြုချက်ပါ စည်းကမ်းဖောက်ဖျက်ခြင်းတို့ကို အရေးယူ ဆောင်ရွက်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ တရားမဝင်ကုန်သွယ်မှုများ လျှော့နည်းပပျောက်ရေးအတွက် Mobile Team ထုတ်နုတ်အင်အားအဖွဲ့သည် ပြည်တွင်းပို့ကုန်၊ သွင်းကုန်များ လုပ်ကိုင်လျက်ရှိသော မြိတ်မြို့ဆိပ်ငယ်တံတားမှ ခုနစ်မိုင်ခန့်အကွာ မြိတ်မြို့ (မီးပြ)ရေလယ်ရှိ MT-PNG Express ဆီတင်သင်္ဘောသို့ မတ် ၁၈ ရက် နံနက် ၉ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ Mobile Team အဖွဲ့သည် MT-PNG Express ဆီတင်သင်္ဘောသို့ ရောက်ရှိစစ်ဆေးရာ သင်္ဘောပေါ်တွင်ပါရှိသော လိုင်စင်ဖြင့်သယ်ဆောင်လာသည့် ဒီဇယ်ဆီ ၄၀၅ တန်ကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မြိတ်ခရိုင်(ပြန်/ဆက်)

သွေး သည် အသက်

မော်တော်ယာဉ်မီးလောင်မှုသတိပြု

မော်တော်ယာဉ်များအသုံးပြုရာတွင် ယာဉ်မောင်းနေစဉ်အတွင်း ကားဂတ်စ်အိုးအပါအဝင် ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ်ဆီထည့်ခြင်း၊ ကာပရိုက်တာဆီလျှံခြင်း၊ ကားခေါင်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသော ရာသီကာလနေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန် ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့် ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်အလက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်ကတူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူး (Dry Chemical Powder) အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

(မီးသတ်ဦးစီးဌာန)

အဖျက်စိတ်ကင်းစေချင်

စောရန်ကျော်

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပွင့်လင်းမြင်သာစွာ တည်ဆောက်လျက်ရှိသည့် ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ အလျှင်အမြန် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ လမ်း၊ တံတား၊ တိုက်တာအဆောက်အအုံများလည်း အလျှင်အမြန် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့မြင်နိုင်ပေသည်။ အပြုသဘောဆောင်သည့် ဤတည်ဆောက်ရေးလုပ်ငန်းများမှာ လွယ်ကူစွာ တိုးတက်ဖြစ်ထွန်းလာသည်ကားမဟုတ်ချေ။ အချိန်၊ ငွေကြေး၊ ပစ္စည်း၊ အတတ်ပညာ၊ လုပ်အား စသည့် အရင်းအနှီးများစွာ ကုန်ကျခံပြီးမှသာလျှင် တိုးတက်ဖြစ်ထွန်းလာခြင်းဖြစ်သည်။

ဤသို့ရရှိထားသည့် တိုးတက်ဖြစ်ထွန်းမှုများကို ရေရှည်တည်တံ့စေရန် နိုင်ငံတော်တွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ မြန်မာနိုင်ငံသား တစ်ဦးချင်းစီတွင်လည်း တာဝန်ရှိနေပေသည်။ ဤတာဝန်ကို နိုင်ငံသားတစ်ဦးချင်းစီက ကျေပွန်ရမည့်အစား အဖျက်သဘောဆောင်ကာ ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်မိမည်ဆိုပါက နိုင်ငံတော်အတွက် ကြီးမားသော အရင်းအနှီးဆုံးရှုံးမှုများ ရရှိမည်ဖြစ်သည်။ ထို့အတူ နိုင်ငံသားတစ်ဦးချင်းစီအတွက်လည်း လူမှုစီးပွားပျက်စီးဆုံးရှုံးမှုများ ရရှိမည်ဖြစ်သည်။ ရှေ့ကကောင်းရာကောင်းကြောင်း ပြုသူက ပြုသွားသည်ကို နောက်ကပျက်စီးရာပျက်စီးကြောင်း ဖျက်သူက ဖျက်နေကြပါလျှင် သမင်မွေးရင်း ကျားစားရင်း အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။ နိုင်ငံတော်သည်လည်း အခြားနိုင်ငံများနှင့် ရင်ပေါင်မတန်းနိုင်ဘဲ ခေတ်နောက်ကျကျန်သည့် အခြေအနေသို့ ရောက်သွားပေလိမ့်မည်။ ဤအခြေအနေမျိုးကို ခေတ်စနစ်တစ်ခုမှတစ်ခု အပြောင်းအလဲဖြစ်ပေါ်သည့် အသွင်ကူးပြောင်းရေးကြားကာလတွင် ဖြစ်ပေါ်တတ်လေ့ရှိကြောင်း မြန်မာ့သမိုင်းကြောင်းတွင် ပြန်ပြောင်းကြည့်လျှင် အထင်အရှားတွေ့မြင်နိုင်ပေသည်။

နောင်ခေတ်အဆက်ဆက်တွင် ဤအခြေအနေမျိုး ထပ်မံမဖြစ်ပေါ်စေရန် နိုင်ငံသားတစ်ဦးချင်းစီတွင် အဖျက်စိတ်ကင်းနေစေရန် လိုပေသည်။ အဖျက်စိတ်ကင်းနေစေရန် ကလေးငယ်ဘဝကတည်းက ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ “ပုဗ္ဗာစရိယ မိနှင့်ဖ” ဆိုစကားအတိုင်း အိမ်တွင်မိဘအုပ်ထိန်းသူများက မိမိတို့၏ ကလေးငယ်များကို အဖျက်စိတ်ကင်းအောင် လက်ဦးဆရာများအဖြစ် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ အိမ်တွင် ကလေးငယ်တစ်ဦးသည် စိတ်အလိုမကျသဖြင့် မိမိ၏ ကစားစရာအရုပ်များကို ဖျက်ဆီးပစ်ခြင်း၊ စာအုပ်များကို ဆုတ်ဖြဲခြင်း၊ ခဲတံ၊ ပေတံများကို ချိုးပစ်ခြင်း၊ စာရေးစားပွဲနှင့် အိမ်နံရံတို့ပေါ်တွင် ခဲတံဖြင့် ရေးခြစ်ခြင်း၊ ပုံဆွဲခြင်း စသည့် အဖျက်စိတ်အခြေခံသည့် အပြုအမူများကို မိဘများက အချိန်မီ တားမြစ်ပေးကြရမည်ဖြစ်သည်။ ထို့အတူ ကျောင်းတွင်လည်း ကျောင်းနေအရွယ် ကလေးငယ်များကို အဖျက်စိတ်ကင်းအောင် ဆရာ ဆရာမများက ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ စာရေးစားပွဲနှင့် ထိုင်ခုံများပေါ်တွင် ခဲတံချွန်ဓားဖြင့် ထွင်း၍စာရေးခြင်း၊ မင်ဖျက်ဆေးရည်ဖြင့် ရေးခြစ်ခြင်း၊ စာသင်ခန်းတွင်း နံရံများပေါ်တွင် ခဲတံဖြင့်ရေးခြစ်ခြင်း၊ ပုံများဆွဲခြင်း၊ ကျောင်းပန်းခြံထဲမှ ပန်းများကို ခွင့်မတောင်းဘဲခူးခြင်း၊ ကျောင်းဝင်းအတွင်း စားပင်များမှအသီးများကို ခွင့်မတောင်းဘဲခူးခြင်း၊ စာသင်ခန်းတွင်းနံရံပေါ်တွင် ကျောင်းစည်းကမ်းအရ ရေးသားထားသော သတိပေးစာတန်းများကို ဖျက်ဆီးခြင်း၊ ကျောင်းကြော်ငြာသင်ပုန်းတွင် ကပ်ထားသော ကြော်ငြာစာရွက်များကိုဆုတ်ဖြဲခြင်း၊ သန့်စင်ခန်းတွင် မဖွယ်မရာရုပ်ပုံများ ဆွဲခြင်း၊ စာများရေးခြင်း စသည့် အဖျက်စိတ်အခြေခံသည့် အပြုအမူများကိုလည်း ဆရာ ဆရာမများက အချိန်မီတားမြစ်ပေးကြရမည် ဖြစ်သည်။ ဆရာ ဆရာမများသည် ကလေးငယ်များကို စာထူးချွန်ရုံသာမက ယဉ်ကျေးလိမ္မာသူများ ဖြစ်လာအောင် “စာလည်းသင် လူလည်းပြင်” ကြရမည်သာဖြစ်သည်။

သို့သော် ယနေ့ပညာရေးနယ်ပယ်တွင် အချို့မိဘများနှင့် အချို့ဆရာ ဆရာမများသည် စာထူးချွန်ရေးလောက်ကိုသာ ဦးစားပေးနေကြပြီး ကလေးငယ်များ၏ စိတ်ဓာတ်ဖွံ့ဖြိုးမှု၊ စည်းကမ်းလိုက်နာမှု၊ ကျန်းမာရေးပြည့်စုံမှုနှင့် စာရိတ္တကောင်းမွန်မှုတို့ကို အလေးထားမှု နည်းလာကြသည်ကို တွေ့ရပေသည်။ ကျောင်းနံရံပေါ်က “စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ” ဆောင်ပုဒ်သည် ကလေးငယ်များအတွင်း ပီပီပြင်ပြင် အသက်ဝင်ရှင်သန်နေရန်လိုပေသည်။ သို့မှသာ လူ့စွမ်းအား အရင်းအမြစ်များဖြစ်ကြသည့် ယနေ့မျိုးဆက်သစ်ကျောင်းသားလူငယ်များသည် အဖျက်စိတ်ကင်းသည့် နိုင်ငံသားကောင်းများ ဖြစ်လာကြပြီး အနာဂတ်နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းရွက်နိုင်ကြမည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

၁၃၇၄/၁၃၇၅ ခုနှစ်အတွက် မဟာသင်္ကြန်အခါတော် (အကျ-အကြတ်-အတက်)ရက်နှင့် မြန်မာ-ရခိုင်-ဝါဆို-ဝါကပ်-လ ရက်များ

၁။ မဟာသင်္ကြန် အကျရက်

- ဇယတု-မြန်မာသက္ကရာဇ်-၁၃၇၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက် တနင်္ဂနွေနေ့။
- ရခိုင်သက္ကရာဇ်-၁၃၇၄ ခုနှစ်၊ တာကူးလဆန်း (၄)ရက် တနင်္ဂနွေနေ့။
- ခရစ်နှစ် ၂၀၁၃၊ ဧပြီလ ၁၄ ရက် တနင်္ဂနွေနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက်စက် ၄ နာရီ၊ ၆ မိနစ်၊ ၂ စက္ကန့် အချိန်တွင် မဟာသင်္ကြန်အကျဖြစ်သည်။

၂။ မဟာသင်္ကြန် အကြတ်ရက်

- မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅)ရက် တနင်္လာနေ့။
- ရခိုင်သက္ကရာဇ် ၁၃၇၄ ခုနှစ် တာကူးလဆန်း (၅)ရက် တနင်္လာနေ့။
- ခရစ်နှစ် ၂၀၁၃၊ ဧပြီလ ၁၅ ရက် တနင်္လာနေ့သည် မဟာသင်္ကြန် အကြတ်ရက်ဖြစ်သည်။

၃။ မဟာသင်္ကြန် အတက်ရက်

- မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆)ရက် အင်္ဂါနေ့။
- ရခိုင်သက္ကရာဇ်၁၃၇၄ ခုနှစ်၊ တာကူးလဆန်း (၆)ရက် အင်္ဂါနေ့။
- ခရစ်နှစ် ၂၀၁၃ ၊ ဧပြီလ ၁၆ ရက် အင်္ဂါနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် ၈ နာရီ၊ ၁၀မိနစ်၊ ၄၄ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အတက်ရက်ဖြစ်သည်။

၄။ မြန်မာ-ရခိုင်- နှစ်ဆန်း ၁ ရက်

- မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ ဦးတန်ခူးလဆန်း (၇) ရက် ဗုဒ္ဓဟူးနေ့။
- ရခိုင်သက္ကရာဇ် ၁၃၇၅ ခုနှစ်၊ တာကူးလဆန်း (၇) ရက် ဗုဒ္ဓဟူးနေ့။
- ခရစ်နှစ် ၂၀၁၃၊ ဧပြီလ ၁၇ ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း ၁ ရက်နေ့ ဖြစ်ပါသည်။

၅။ ဝါဆို- ဝါကပ်- လ-ရက်များ

- မြန်မာ-ရခိုင် ၁၃၇၅ ခုနှစ်တွင် အဓိမာသ-အဓိကဝါ မရှိသောကြောင့် ဗုဒ္ဓဘာသာ သာသနာတော် ဝန်ထမ်း၊ ရဟန်းတော်အရှင်သူမြတ်တို့မှာ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၃ -ဇူလိုင်လ-၂၃ ရက်)အင်္ဂါနေ့
- ရခိုင်သက္ကရာဇ် ၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၃- ဇူလိုင်လ- ၂၃ ရက်)အင်္ဂါနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြ၍---
- မြန်မာ-ရခိုင် ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၃ -ဩဂုတ်လ-၂၂ ရက်) ကြာသပတေးနေ့တွင် ဒုတိယပစ္ဆိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

AIR KBZ မှ လေယာဉ်သစ်အကြောင်းရှင်းလင်း

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံသူ နိုင်ငံသားများခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရန်၊ တိုးတက်လာသည့် ကမ္ဘာလှည့်ခရီးသွားများ သွားလာရလွယ်ကူစေရန်အတွက် AIR KBZ လေကြောင်းလိုင်းသည် နိုင်ငံတကာအဆင့်မီ လေယာဉ်များဖြင့် ပြေးဆွဲလျက်ရှိပြီး အသစ်ဝယ်ယူထားသော ATR 72-600 လေယာဉ်သစ်အား မိတ်ဆက်ရှင်းလင်းပွဲကို မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် Park Royal ဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် AIR KBZ Ltd. မှ Deputy Managing Director ဦးခင်မောင်မြင့်က အသစ်ရောက်ရှိလာသည့် ATR 72-600 လေယာဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသော စာနယ်ဇင်းများမှ သိလိုသည်များကို မေးမြန်းကြရာ AIR KBZ Ltd. မှ Deputy Managing Director ဦးခင်မောင်မြင့်၊ CEO ဦးဉက္ကာထွန်းနှင့် General Manager Commercial ဦးမြတ်သူတို့က ပြန်လည် ရှင်းလင်းပြောကြားကြသည်။

AIR KBZ လေကြောင်းလိုင်းသည် ၂၀၁၀ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားပြည်သူများအတွက် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော လေယာဉ်များဖြင့် ပြေးဆွဲလျက်ရှိသည်။ ယခု အသစ်ဝယ်ယူထားသော ATR 72-600 လေယာဉ်မှာ မြန်မာနိုင်ငံတွင် ပထမဆုံး ပျံသန်းပြေးဆွဲမည့် လေယာဉ်လည်း ဖြစ်သည်။ ယင်းလေယာဉ်မှာ ခရီးသည် ၆၈ ဦး ဆံ့ပြီး မတ် ၂၁ ရက်မှစ၍ ပြည်တွင်းခရီးစဉ်များ စတင်ပျံသန်း ပြေးဆွဲနေကြောင်း သိရသည်။

(ကိုကိုစိုးညွန့်)

ပြည်တွင်းရေးရာ

စားအုန်းဆီဈေးနှုန်းများမြင့်တက်

ရန်ကုန် မတ် ၂၃

ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် အခြေခံစားကုန်အများစု ဈေးနှုန်းများ ပြောင်းလဲမှုမရှိသော်လည်း စားအုန်းဆီဈေးနှုန်းထူးခြားစွာ မြင့်တက်ခဲ့ပြီး မန်ကျည်း၊ အာလူး ဈေးနှုန်းများလည်း မြင့်တက်လာသည်ဟု သိရသည်။

ကြက်သွန်နီဈေးနှုန်းများ ဈေးနိမ့်တွင် ရှိနေဆဲဖြစ်ရာ မတ် ၂၁ ရက်တွင် ဆိပ်ဖြူအမျိုးအစား တစ်ပိဿာကျပ် ၂၅၀၊ ၃၁၅၊၃၂၅၊ ၃၂၅ နှုန်း၊ တောင်တွင်းအမျိုးအစား ကျပ် ၂၇၅၊ ၃၂၅၊ ၃၂၅၊ ၃၂၅ နှုန်း၊ မြစ်သား၃၇၅၊ ၄၇၅၊ ၄၇၅၊ ၄၇၅ နှုန်းသာရှိနေကြောင်း၊ ငရုတ်ဈေးနှုန်းများမှာ မိုးထောင်ငရုတ် တစ်ပိဿာ ကျပ် ၁၇၅၀၊ ၁၈၀၀ နှုန်း၊ ကျောက်ရဲငရုတ်ရှည် တစ်ပိဿာ ကျပ် ၁၆၀၀၊ ၁၇၀၀ နှုန်း၊ ပန်းတနော်ငရုတ်ရှည် ကျပ် ၁၇၅၀၊ ၁၈၀၀ ကျပ်နှုန်း၊ ဆင်ဖြူကျွန်း ငရုတ်ပွ တစ်ပိဿာ ကျပ် ၄၀၀၀၊ ကျပ် ၅၂၀၀ ဈေးနှုန်းဖြင့် ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း သိရသည်။

ရှမ်းကြက်သွန်ဖြူသည်လည်း မတ် ၂၁ ရက်တွင် တစ်ပိဿာ ကျပ် ၅၅၀၊ ၇၅၀၊ ၁၀၅၀၊၁၂၀၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၂၂၀၀၊ ၂၂၅၀ နှုန်း၊ သကြားတစ်ပိဿာ ကျပ် ၈၅၀၊ ၉၀၀၊ ၉၃၀ နှုန်း၊ ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာကျပ် ၈၅၀ နှုန်း၊ ကြံသကာတစ်ပိဿာ ကျပ် ၈၅၀ နှုန်းဖြင့် ဈေးငြိမ်လျက်ရှိသည်ဟု သိရသည်။

မန်ကျည်းသီးအသား ဈေးနှုန်း တစ်ပိဿာ ကျပ် ၁၀၅၀၊ ၁၂၀၀ နှုန်း၊ ဆင်ဖြူကျွန်းအာလူးတစ်ပိဿာလျှင် အရွယ်အစားအလိုက် တစ်ပိဿာ ကျပ် ၃၄၀ မှ ၇၀၀ နှုန်းရှိရာ တစ်ပိဿာ ကျပ် ၁၀၀ ဈေးတက်လာသည်ဟု သိရသည်။

သကြံန်ပိတ်ရက်နီးလာခြင်း၊ ဆီကုမ္ပဏီအချို့ အရောင်းပိတ်ခြင်းတို့ကြောင့် မတ် ၂၁ ရက်တွင် စားအုန်းဆီ တစ်ပိဿာ ၁၄၄၅ ကျပ်နှုန်းသို့ တစ်ပိဿာလျှင် ကျပ်နှစ်ဆယ်မြင့်တက်လာကြောင်း၊ မတ် ၂၀ ရက် ပြည်ပမလေးရှား စားအုန်းဆီ FOB ဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၈၄၀၊ ပြည်တွင်းငွေလဲနှုန်း ၈၈၅ ကျပ်ဖြင့် စားအုန်းဆီတစ်ပိဿာ အရင်းဈေး ၁၄၅၁ ကျပ်ဖြစ်ရာ ပြည်ပဈေးနှင့်ကွာခြားမှု နည်းလာကြောင်း၊ ယခင်ရက်ပိုင်းများတွင် ပြည်ပအရင်းဈေးထက် ပြည်တွင်းရောင်းဈေးမှာ တစ်ပိဿာလျှင် ကျပ်နှစ်ဆယ်ဝန်းကျင် နည်းလေ့ရှိကြောင်း ဆီကုန်သည်တစ်ဦးက ဆိုသည်။

အခြေခံနေ့စဉ် ဝယ်ယူသုံးစွဲနေရသော ဆန်ဈေးနှုန်းမှာလည်း ဆန်ကြမ်း၊ ဆန်ချောများဈေးငြိမ်နေပြီး ဆန်ကွဲဈေးကျနေသည်ဟု သိရသည်။ မတ် ၂၁ ရက်ပေါ်ကွဲ တစ်အိတ်လျှင် ကျပ် ၁၆၅၀၀ ဝန်းကျင်၊ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၁၈၅၀၀ မှ ၂၃၅၀၀ အတွင်း၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၂၇၅၀၀ ဝန်းကျင်၊ ငွေဆန်တစ်အိတ်လျှင် ကျပ် ၁၅၃၀၀ မှ ၁၆၃၀၀ အတွင်း၊ မိုးဇီယာဆန် ထိပ်စတစ်အိတ်လျှင် ကျပ် ၁၇၅၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ ဆန်ကွဲ ၂၊ ၃၊ ၄ အမျိုးအစားမှာ ယခင်ရက်ပိုင်းက တစ်အိတ်လျှင် ကျပ် ၁၀၃၀၀ မှ ယခုအခါ ကျပ် ၉၇၀၀ သို့ဈေးကျလာသည်ဟု သိရသည်။ **(မောင်စေအောင်)**

ဦးသောင်းမြင့်လိုလူစား အများကြီးလိုသည်

မကွေးမြို့မှ စားသောက်ဆိုင်တစ်ဆိုင်အကြောင်း ဂျာနယ်တစ်စောင်တွင် ဖတ်ရသည်။ ၁၉-၂-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရပြန်သည်။ “ဒါဖတ်ပြီးမှ မကွေးမှာ ထမင်းစားပါ”ဟူသည့် သတင်းဆောင်းပါး။

နေရာဌာန မျိုးစုံတွင် အလိမ်အညာမကင်းပါ။ အပြင်ထွက်သည့်အခါမှ မဟုတ်။ အိမ်တိုင်ရာရောက်လာ၍ လိမ်ညာနေသူများလည်းရှိပါသည်။ လူတို့သည် နည်းမျိုးစုံဖြင့် အလိမ်အညာခံနေရသည်ဖြစ်ရာ အချို့လိမ်နည်းများသည် အလိမ်ခံရမှန်းမသိနိုင်လောက်အောင်ပင် လိမ္မာပါးနပ်ကြသည်။ အချို့လိမ်နည်းများကား မကြာခဏ ကြားသိနေရသော်လည်း အကြားအမြင်ဗဟုသုတနည်းကြ၍ အလိမ်ခံနေကြရခြင်းများရှိ၏။ အချို့သော အလိမ်အညာခံနေရခြင်းများကား လိမ်ညာနေမှန်းသိပါလျက် ထိရောက်စွာ မဟန့်တားနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ရန်ကုန်မြို့တွင်လည်း လမ်းဘေးထမင်းဆိုင်များရှိပါသည်။ အပြိုင်အဆိုင် အလုအယက်ခေါ်ပါသည်။ အချို့ဆိုင်များက အဝစားမည်ရွေ့မည်မျှ ဟူ၍ လည်းကောင်း၊ အချို့ဆိုင်းဘုတ်ချိတ်၍ လည်းကောင်း ရောင်းချနေသည်ကို တွေ့ရ၏။ မီးရထားပေါ်တွင်လည်း မလိမ့်တစ်ပတ်ရောင်းစားနေသူများ တွေ့ဖူးသည်။ ထမင်းအဝစား ခြောက်ရာဟု အော်ရောင်းသည်။ ကြက်သားဟင်းတစ်တုံးနှင့် စားသည့်အခါ တစ်ထောင့်နှစ်ရာဖြစ်သွားသည်။ ထမင်းဖြူနှင့် ချဉ်ပေါင်ရွက်ကြော်လောက်ကို ခြောက်ရာအော်ဟန်တူသည်။ သွားနေသည့် မီးရထားပေါ်တွင် မည်သို့ အရေးယူကြမည်နည်း။ အကောင်းဆုံးမှာ တိတိကျကျ မေးစမ်းပြီးမှ စားရန်ပင်ဖြစ်သည်။

ယခုမကွေးမြို့မှ “ခင်မင်သူ”ထမင်းဆိုင်ဆိုလျှင် ဤသို့အကြိမ်ကြိမ်အခါခါ လိမ်ညာနေသည်ကို သက်ဆိုင်ရာတို့ သိရှိပြီး ဖြစ်နေပါသည်။ ခံရသူလည်း မနည်းတော့ပြီ။ ယင်းဆိုင်နှင့် ပတ်သက်လျှင် “သိသူကျော်သွား မသိသူ ခံလိုက်ရသည့်”သဘောပင်။ ခံလိုက်ရသူများကလည်း မိမိတို့ခံလိုက်ရသည့်အဖြစ်ကို မသိစေလို၍ ဖြစ်မည်။ တိုင်မည်ဆိုလျှင်လည်း မည်သည့်အဖွဲ့ဌာနက တာဝန်ယူဖြေရှင်းပေးမည်ကို မသိသည်က တစ်ကြောင်း၊ အလုပ်ရှုပ်မခံလိုသည်က တစ်ကြောင်းကြောင့် လျစ်လျူရှုခဲ့ကြဟန်တူပါသည်။ သို့သော် မကွေးမြို့နယ်မှ ဦးသောင်းမြင့်ကမူ ဤသို့မဟုတ်ခဲ့ပါ။ မိမိအမှန်တကယ်ခံစားခဲ့ရသည်ကို သက်ဆိုင်သူများထံသို့ မရောက်ရောက်အောင်သွားခဲ့သည်။ ပြောဖြစ်အောင် ပြောခဲ့သည်။ နောင်လာမည့် လူအများ မိမိကဲ့သို့ မခံစားရအောင် (အလိမ်အညာ မခံရအောင်) ပွင့်လင်းရိုးသားသော စိတ်ဆန္ဒအမှန်ဖြင့် ရင်ဖွင့်ခဲ့ခြင်းဖြစ်သည်။ ဦးသောင်းမြင့်၏ တာဝန်သိစိတ်မှာ ရှာမှရှားသည့် လေးစားအတုယူဖွယ်ပင်ဖြစ်သည်။

ဤသို့မဟုတ်ခဲ့လျှင် လိမ်ညာလှည့်ပတ်သူများအား အခွင့်အရေးပေးထားသကဲ့သို့ ဖြစ်နေသည်။ မြို့ပေါ်နေသူများ အကြောင်းသိဖြစ်သော်လည်း အကြောင်းကိစ္စအမျိုးမျိုးဖြင့် မြို့ပေါ်တက်လာသည့် ကျေးလက်မှ ရပ်မိရပ်ဖများ အလိမ်အညာခံနေရဦးမည်ဖြစ်သည်။ လိမ်ညာနေမှန်းသိသော်လည်း တိုင်ကြားမှုမရှိလျှင် လွတ်ငြိမ်းခွင့်ရနေသည့် အလေ့အထမှာလည်း ကောင်းလှသည်တော့ မဟုတ်ပါ။

ထို့ကြောင့် လူလိမ်လူညာများ လျော့နည်းပပျောက်ဖို့ ကျေးလက်နေပြည်သူတို့၏ ဖြူစင်ရိုးသားသော ဘဝများအား သာယာငြိမ်းအေးဖို့ဆိုလျှင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်းကဝကျေးရွာအုပ်စု ဆူးလေကုန်းကျေးရွာတွင်နေသော ဦးသောင်းမြင့်လိုလူစား အများကြီးလိုသည်ဟု ပြောရတော့မည်ဖြစ်သည်။ **ခင်မောင်ဌေး(ပညာရေး)**

အမှိုက်ပုံးများကြောင့် ပတ်ဝန်းကျင်မထိခိုက်ရန် ဒေသစီမံခန့်ခွဲနိုင်မှု အရေးကြီးကြောင်းသိရ

ရန်ကုန် မတ် ၂၃

အမှိုက်ပုံးများကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများမဖြစ်စေရန် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုများသည် အရေးကြီးကြောင်း သိရှိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တော်ကို သန့်ရှင်းသာယာလှပသောမြို့တော်ဖြစ်စေရန် ဒေသခံလူထု၏ အမှိုက်စွန့်ပစ်မှု၌ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမျိုး မရှိစေရန် လုပ်ဆောင်ကာ ငွေကြေးအကုန်ကျခံ၍အမှိုက်ပုံးများကို ပြည်ပမှ မှာယူတင်သွင်းကာ မြို့နယ်ရပ်ကွက်များ၌ ချထားပေးသော်လည်း အချို့သောရပ်ကွက်များတွင် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များမှ စီမံခန့်ခွဲကြပ်မတ်နိုင်မှုအားနည်းခြင်းကြောင့် ဒေသတွင်း အနံ့အသက်ဆိုးများကြုံကာ ထိခိုက်စေခြင်းများရှိလာခဲ့သည်။

မီးဖိုချောင်ထွက် အမှိုက်များကို လုံခြုံစွာ ထုပ်ပိုးချည်နှောင်ပြီးမှ စွန့်ပစ်ရမည်ဟုဆိုသော်လည်း ပုံးအတွင်းသို့ မီးဖိုချောင်ထွက်သားငါးစွန့်ပစ်အမှိုက်များသွန်ချ၍ အိတ်ပြန်ယူကာ လုပ်ဆောင်ခြင်းကြောင့် သားငါးအပုပ်အသိုးများ၏ အနံ့အသက်များသည် ပတ်ဝန်းကျင်ကို ထိခိုက်စေသော အခြေအနေမျိုးတစ်ခုလည်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက်၌ ကြုံခဲ့ရခြင်းကြောင့် အမှိုက်ပုံးများနေရာရွှေ့ပြောင်း စီစဉ်ကြရကာ စည်းကမ်းတကျ အမှိုက်စွန့်ပစ်သော ပြည်သူလူထုအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံခဲ့ရကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာရှိတစ်ဦးက ရပ်ကွက်အုပ်ချုပ်ရေးပိုင်းတာဝန်ထမ်းဆောင်သူများက ဒေသခံများ၏ စည်းကမ်းတကျ စွန့်ပစ်မှုအတွက် ကြပ်မတ်ပေးသင့်ကြောင်း၊ အမှိုက်ပုံးများပျက်စီး ပျောက်ဆုံးခြင်း မဖြစ်စေရန် စောင့်ရှောက်သင့်ပြီး သတ်မှတ်ထားသော အမှိုက်ပုံးတွင် သတ်မှတ်ထားသည့် အမှိုက်များကို စနစ်တကျစွန့်ပစ်သင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။

ထက်ခိုင် (စမ်းချောင်း)

မတ် ၂၂ ရက်က ဒလမြို့နယ် ကူးတို့သင်္ဘောဆိပ်တွင် ကမ္ဘာ့ရေကောင်းရေသန့် အထိမ်းအမှတ်နေ့အဖြစ် ခရီးသွားပြည်သူများအား သောက်ရေသန့်ဘူးများ ပေးဝေလျက်ရှိသည်ကို တွေ့မြင်ရစဉ်။

(မင်းရဲမာန်-နေပြည်တော်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့



ဆော်ဒီအာရေဗျနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာပွဲတော်တစ်ခုသို့ ယဉ်ကျေးမှုသံတမန်အဖြစ် ဂျက်ကီချန်းအား ဖိတ်ကြားထား

ဆော်ဒီအာရေဗျနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့် (၂၈)ကြိမ်မြောက် Janadriyah အမျိုးသား ယဉ်ကျေးမှုပွဲတော်သို့ နာမည်ကျော် တရုတ်မင်းသား ဂျက်ကီချန်းအား တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ သံတမန်တစ်ဦး အနေဖြင့် ဖိတ်ကြားခြင်းခံထားရကြောင်း သိရသည်။

ဧပြီ ၄ ရက်တွင် ကျင်းပမည့် အဆိုပါပွဲတော်တွင် သရုပ်ဆောင် ဂျက်ကီချန်းအား အထူးဧည့်သည်တော်အဖြစ် ဂုဏ်ပြုဖိတ်ကြားထားခြင်းဖြစ်ကြောင်း၊ ယင်းပွဲတော်တွင်

ဂျက်ကီချန်းက တရုတ်နိုင်ငံ၏ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် သိပ္ပံဆိုင်ရာဆန်းသစ်တီထွင်ဖန်တီးမှုများ၏ အနှစ်သာရများကို ဆော်ဒီအာရေဗျနိုင်ငံ၏ စင်မြင့်ထက်၌ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဖော်ထုတ်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ ဂျက်ကီချန်းကို အထူးဧည့်သည်သံတမန်တစ်ဦးအနေနဲ့ ဖိတ်ကြားခြင်းခံရတဲ့အတွက် ကျွန်တော်တို့အရမ်းကို ဂုဏ်ယူကျေနပ်ပါတယ်၊ ဒီပွဲမှာ တရုတ်နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုအကြောင်းတွေကို ဖော်ထုတ်ခွင့်ရမယ့် ပွဲတစ်ပွဲလည်းဖြစ်ပါတယ်"ဟု Riyadh မြို့ရှိ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လီချန်ဝမ်းက ပြောကြားခဲ့သည်။

ယင်းပွဲတော်အတွက် သရုပ်ဆောင် ဂျက်ကီချန်းအား အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားထားပြီး "သူ့ဘက်က လာဖြစ်၊ မလာဖြစ် အတည်ပြုချက်ကို စောင့်နေပါတယ်၊ သေချာတယ်ဆိုရင်တော့ အားလုံးကို ကြေညာသွားပါမယ်" ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသည့် အဆိုပါ Janadriyah ပွဲတော်တွင် ယဉ်ကျေးမှုမတူညီသည့် အခြားသော နိုင်ငံများမှ ကိုယ်စားလှယ်သံတမန်များ တက်ရောက်ကာ ဆော်ဒီအာရဗျနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် တွဲဖက်ကာ မိမိတို့နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များနှင့် ရိုးရာယဉ်ကျေးမှုများအကြောင်းကို ဖော်ထုတ်ပြသခွင့်ရသော ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

၎င်းပွဲတော်တွင် ဆော်ဒီအာရေဗျနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို စိတ်ဝင်စားဖွယ် ဖော်ထုတ်ပြသနိုင်မည့်အခွင့်အရေးများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင်ဂျွန်မိုင်ရာ၏ ဂီတဖျော်ဖြေပွဲများပြန်လည်စတင်



ဂရမ်မီဆုရှင် တေးရေးဆရာ၊ အဆိုတော် ဂျွန်မိုင်ရာက လွန်ခဲ့သည့် သုံးနှစ်အတွင်း ပရိသတ်နှင့်အဆက်အသွယ်ပြတ်ခဲ့ရသည့် ၎င်း၏ ဂီတဖျော်ဖြေပွဲများကို ပြန်လည်အသက်သွင်းသည့်အနေဖြင့် သောကြာနေ့က မြောက်အမေရိကနိုင်ငံများသို့ သွားရောက်ဖျော်ဖြေမည့် ဂီတခရီးစဉ်ကို စတင်ခဲ့ကြောင်း သိရသည်။

မိုင်ရာသည် ဇွန် ၆ ရက်တွင် အမေရိကန်နိုင်ငံ Wisconsin ပြည်နယ် Milwaukee မြို့၌ နှစ်စဉ် ကျင်းပလေ့ရှိသည့် ဂီတပွဲတော်တွင် သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် ၂၀၁၂ ခုနှစ်အတွင်းက ထွက်ရှိခဲ့သည့် မိုင်ရာ၏ Born and Raised အယ်လ်ဘမ်အတွက် ပရိုမိုးရှင်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး ဂျွန်မိုင်ရာ၏ ခရီးစဉ်တစ်လျှောက်တွင် မကြာမီကမှ American Idol ဆုရရှိထားသော တေးသံရှင် ဖိလစ်ဖိလစ်က အချို့သောဂီတဖျော်ဖြေပွဲများ၏ ဖွင့်ပွဲအစီအစဉ်တွင် ပါဝင်ပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါ ဂီတဖျော်ဖြေပွဲလက်မှတ်များကို မတ် ၂၉ ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ကြောင်း လိုက်ဖ်နေးရှင်းအင်န်တာတိန်းမန့်က သတင်းဖော်ပြထားသည်။

ဟောင်ကောင်ရုပ်ရှင်လောကကို အဆင့်အတန်းပိုမိုမြင့်မားစေလိုတဲ့ ဒါရိုက်တာနှင့်သရုပ်ဆောင် ဒွန်နီးယမ်

ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်

Ip Man ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ဟောင်ကောင်သရုပ်ဆောင်၊ ဒါရိုက်တာ ဒွန်နီးယမ်က မီဒီယာ အေးရှားရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းကာ ဟောင်ကောင်ရုပ်ရှင်ထုတ်လုပ်ရေးကို ကမ္ဘာကျော် ဟောလိဝုဒ်ရုပ်ရှင်လောကကဲ့သို့ နည်းပညာသစ်များဖြင့် တီထွင်ဖန်တီးမှုများပြုလုပ်လိုကြောင်း ပြောကြားခဲ့သည်။

"ဟောင်ကောင်ရုပ်ရှင်လောကအတွက် ဟောလိဝုဒ်ရုပ်ရှင်လောကက နည်းပညာတွေကို စုပေါင်းပြီး ကမ္ဘာ့ရုပ်ရှင်လောကကို ထိုးဖောက်နိုင်မယ့် တရုတ်အက်ရှင်သရုပ်ဆောင်တွေကို ဖော်ထုတ်ပေးချင်ပါတယ်" ဟု မကြာမီက ကျင်းပခဲ့သည့် စာနယ်ဇင်းရှင်းလင်းပွဲတစ်ခုတွင် ဒါရိုက်တာ ဒွန်နီးယမ်က ဆိုသည်။

ထို့ပြင် ဒါရိုက်တာနှင့်သရုပ်ဆောင် ဒွန်နီးယမ်က ၎င်း၏မိတ်ဆွေ ပီတာလမ်နှင့်အတူ Super Hero အမည်ရှိ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီအသစ်တစ်ခု ထူထောင်ပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မည့် အက်ရှင်ဇာတ်ကားကောင်းများကို ဆက်လက်ဖန်တီးရိုက်ကူးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး "ကျွန်တော်ရဲ့ ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ ရှိနေပေမယ့် တခြားကုမ္ပဏီတွေနဲ့လည်း ဇာတ်ကားတွေကို ဆက်လက်ဖန်တီးသွားဦးမှာပါ" ဟု ဒွန်နီးယမ်က ပြောကြားခဲ့ပြီး မကြာမီ တရုတ်ပြည်မကြီးမှ ဒါရိုက်တာ Feng Xiaogang နှင့်အတူ ဇာတ်ကားတစ်ကားရိုက်ကူးသွားရန်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ဒါရိုက်တာ Feng Xiaogang ဟာ ကျွန်တော်လေးစားရတဲ့ ဒါရိုက်တာတစ်ဦးပါ။ သူရိုက်လိုက်တဲ့ ဇာတ်ကားတွေဟာ ထူးထူးဆန်းဆန်းလေးတွေပါ။ သူက ဟာသဇာတ်ကားဘက်ကို အားသန်တယ်။ ကျွန်တော်က အက်ရှင်ဇာတ်ကားဘက်ကို အားသန်တယ်။ ဘာပဲဖြစ်ဖြစ် အဲဒီအပြောင်းအလဲတွေကလည်း ဖျော်ဖြေမှုတစ်ရပ်ပါပဲ" ဟု ဒါရိုက်တာ ဒွန်နီးယမ်က ပြောကြားခဲ့သည်။

ကျေးဇူးဆပ်ပါမည်
ညောင်ဒွန့်လွန်း (အဖ)ကျင်ရှင်းနန် PP.M.၀၅၀၂၉၉ ၏ နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
Ph:09421044437

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ကျော်ကျော်ခိုင် CDC 60790 SID Card သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။
Ph:095416791

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ်၊ နေပြည်တော် ဇေယျာသီရိရှိ ထုတ်လုပ်ရေးဌာနမှရရှိသော သတင်းလွှာရိုက်ပျက် (၅၁. ၀၁) ပိဿာကို အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၂၄-၃-၂၀၁၃ ရက်မှ ၂၅-၃-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၃-၂၀၁၃ ရက် ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း မြန်မာ့သတင်းစဉ် ရန်ကုန်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ သတင်းလွှာရိုက်ပျက်များ၏ မျက်မြင်အခြေအနေကို ကြည့်ရှုလိုသူများသည် မြန်မာ့ သတင်းစဉ်၊ နေပြည်တော်ဇေယျာသီရိ(နေပြည်တော်သတင်းစာတိုက်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၉၄၁၆၀၊ ၂၉၄၂၀၄ တို့ထံသို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ်(ရန်ကုန်)
အမှတ်-၂၂/၃၂ ကမ်းနားလမ်းနှင့် (၄၃)လမ်းထောင့်
နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

မသက်ဆိုင်ပါကြောင်း

ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးသောင်းလွင်[၁/မကန(နိုင်)၀၄၂၈၄၄]သည် ကျွန်မနှင့် ပေါင်းသင်းခဲ့ရာ သားသမီး (၃)ဦး ရရှိခဲ့ပါသည်။ ယခုအခါ အိမ်ထောင်ရေးတွင် ခွင့်မလွှတ်နိုင်သောကိစ္စရပ်များ ပြုလုပ်သွားပါသဖြင့် ကျွန်မနှင့် လုံးဝသက်ဆိုင်မှုမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကို တာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်မာရီ
[၁/မကန(နိုင်)၀၄၂၈၄၆]
ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့

ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲရင်ခုန်သံ

ရှိုင်းမင်းမင်း

၂၀၁၄ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲတွေကို မတ် ၂၂ ရက်မှာ ကျင်းပပြီးတဲ့နောက် မတ် ၂၆ ရက်မှာ ဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ ဒါကြောင့် အဆိုပါ ပွဲစဉ်တွေအနက်က ပရိသတ်စိတ်ဝင်စားမယ့် ပွဲကောင်းတွေကို ကြိုတင်သုံးသပ်တင်ပြပေးလိုက်ရပါတယ်။

အဇာဘိုင်ဂျန် Vs ပေါ်တူဂီ

ည ၁၁း၃၀ နာရီ(၂၆-၃-၂၀၁၃)

အဇာဘိုင်ဂျန်ဟာ အိမ်ကွင်းမှာအမှတ်ရရှိရေးအတွက် အသင်းလိုက်ကစားအားနဲ့ ခံကစားသွားမှာ ဖြစ်ပေမယ့် ပေါ်တူဂီကိုယှဉ်နိုင်ဖို့ မလွယ်ပါဘူး။ အဇာဘိုင်ဂျန်ဟာ အသင်းလိုက်ကစားပုံရော တစ်ဦးချင်းခြေစွမ်းပိုင်းမှာပါ ပေါ်တူဂီကိုမမီတဲ့အပြင် ပေါ်တူဂီအနေနဲ့ အမှတ်လိုအပ်နေတာကြောင့် ဒီလိုပွဲမျိုးကိုအမှားအယွင်းအဖြစ်မခံဘဲ ဂရုတစိုက်ကစားသွားမှာပါ။

ဟော်လန် Vs ရိုမေးနီးယား

နံနက် ၂း၀၀ နာရီ(၂၇-၃-၂၀၁၃)

ရိုမေးနီးယားအနေနဲ့ ဒီပွဲအနိုင်ရခဲ့မယ်ဆိုရင် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ခွင့်ကို မျှော်လင့်နိုင်မှာဖြစ်တာကြောင့် ခြေကုန်ထုတ်ကစားလာမှာပါ။ ဒါ့အပြင်ရိုမေးနီးယားဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး အထူးသဖြင့် အသင်းလိုက်ကစားပုံအားကောင်းတာကြောင့် ဟော်လန်ကို ယှဉ်နိုင်ခြေရှိပါတယ်။ ဒါပေမယ့် ဟော်လန်ကလည်း ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်နိုင်ဖို့အတွက် ရုန်းကန်လာမှာဖြစ်သလို လက်ရှိခြေစွမ်းပိုင်းကလည်းအားကောင်းနေပါတယ်။ ဒါ့အပြင် ကွင်းကလည်းဟော်လန်ရဲ့ ကွင်းဖြစ်ပြီး ကစားသမားပိုင်းမှာလည်း ဟော်လန်ကအားသာပါတယ်။

ဂျာမနီ Vs ကာဇက်စတန်

နံနက် ၂း၁၅ နာရီ(၂၇-၃-၂၀၁၃)

ကာဇက်စတန်ဟာ အသင်းငယ်လေးတစ်သင်းသာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အမှတ်တစ်မှတ်ရယူနိုင်ရေး အတွက် ခံစစ်ကိုဦးစားပေးကစားလာမှာ ဖြစ်ပေမယ့် ဂျာမနီကိုပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ခဲမှုတွေရှိလာမှာပါ။ ဂျာမနီဟာ ကစားသမားအင်အားပိုင်းမှာရော အသင်းလိုက်ကစားအားမှာပါ ကာဇက်စတန်ထက်အားသာမှုအပြည့်ရှိနေတဲ့အပြင် အိမ်ကွင်းမှာ ကစားရမှာလည်းဖြစ်တာကြောင့် ကာဇက်စတန်ကို ဖိအားပေးနိုင်ဖို့ အခက်အခဲမရှိနိုင်ပါဘူး။ အိုဇေးလ်၊ ဂေါ့ဇီ၊ သောမက်မူလာ၊ စတိုင်ဂါတို့လိုကစားသမားကောင်းတွေပါဝင်လာမှာဖြစ်တယ်။

မော်လ်တာ Vs အီတလီ

နံနက် ၂း၁၅ နာရီ(၂၇-၃-၂၀၁၃)

အီတလီဟာ အသင်းကောင်းတစ်သင်းဖြစ်သလို ဒီခြေစစ်ပွဲမှာလည်း ခြေစွမ်းပိုင်းတည်ငြိမ်နေတာတွေ့ရပါတယ်။ လေးပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိဘဲ အုပ်စု(B)ကို ရမှတ် ၁၀ မှတ်နဲ့ဦးဆောင်နေသလို ခြေစစ်ပွဲအောင်မြင်ရေးအတွက် ဒီလိုပွဲမျိုးမှာ အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ပါဘူး။ အီတလီအနေနဲ့ ဒီခြေစစ်ပွဲအတွက်လည်း ဂီလာဒီနို၊ မွန်တိုလီဗို၊ ဒီရော့စီပီယာလို၊ ရှာရာဝီလ်၊ ဘာလော့တယ်လီတို့လို ကစားသမားကောင်းတွေကို ရွေးချယ်ထားပါတယ်။ မော်လ်တာကတော့ အိမ်ကွင်းမှာကစားရမှာ ဖြစ်ပေမယ့် ခြေစွမ်းအရသာမန်သာရှိတဲ့ အသင်းငယ်တစ်သင်းသာဖြစ်ပါတယ်။ ဒါကြောင့် အဝေးကွင်းဖြစ်ပေမယ့်လည်း အီတလီကသာ ခြေအသာနဲ့ဖိအားပေးသွားမှာပါ။

ပြင်သစ် Vs စပိန်

နံနက် ၂း၃၀ နာရီ(၂၇-၃-၂၀၁၃)

အသင်းကြီးနှစ်သင်း ဆုံတွေ့တဲ့ပွဲဖြစ်တာကြောင့် အကြိတ်အနယ်ရှိမှာပါ။ အထူးသဖြင့် ဒီပွဲစဉ်မှာ အနိုင်ရရှိခဲ့မယ်ဆိုရင် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်နိုင်ဖို့ အထောက်အကူကောင်းတစ်ခု ရရှိလာမှာဖြစ်တဲ့အတွက်ကြောင့်လည်း နှစ်သင်းစလုံး ခြေကုန်ထုတ်ကစားလာပါလိမ့်မယ်။ ဒီနှစ်သင်းကိုယှဉ်ကြည့်မယ်ဆိုရင် ကစားသမားအင်အားပိုင်းနဲ့ အသင်းလိုက်ကစားပုံမှာ စပိန်ကအားသာမှုရှိပေမယ့် ပြင်သစ်ကလည်း အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းဖြစ်သလို ဘင်ဇီမာ၊ ရီဘာရီတို့လို ထိပ်တန်းကစားသမားတွေ ပါဝင်နေတယ်။ ဒါကြောင့် ပထမအကျော့အဖြစ် စပိန်မြေမှာ ကစားခဲ့တုန်းကတောင် စပိန်ဟာ ပြင်သစ်ကို အနိုင်မရဘဲ တစ်ဂိုးစီ သရေနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ အခုပွဲက ပြင်သစ်မှာကစားရမှာလည်း ဖြစ်တော့ စပိန်အနေနဲ့ ပိုပြီးတော့တောင်ရုန်းကန်ရနိုင်ခြေရှိပါတယ်။

မွန်တီနီဂရိုး Vs အင်္ဂလန်

နံနက် ၂း၃၀ နာရီ(၂၇-၃-၂၀၁၃)

ဒီပွဲကလည်း စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲပါ။ မွန်တီနီဂရိုးဟာ အခုလက်ရှိ ဒီခြေစစ်ပွဲအတွင်း အုပ်စု(H)ကို ဦးဆောင်နေတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာသာ အနိုင်ရခဲ့ရင် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်နိုင်ဖို့ ပြန်လည်မျှော်လင့်လာနိုင်မှာဖြစ်တာကြောင့် အင်္ဂလန်တို့ ဒီပွဲစဉ်မှာ အနိုင်ရရှိရေး ပိုမိုအားစိုက်လာမှာပါ။ ဒါပေမယ့် မွန်တီနီဂရိုးက အိမ်ကွင်းကစားအား တည်ငြိမ်မှုရှိကာ အသင်းလိုက်ခြေစွမ်းပိုင်းလည်း ကောင်းမွန်လို့ အင်္ဂလန်တို့ လွယ်လွယ်နဲ့တော့ အနိုင်မရနိုင်ပါဘူး။ အခုနောက်ပိုင်းမှာ အင်္ဂလန်ဟာ မွန်တီနီဂရိုးနဲ့တွေ့တိုင်း ရုန်းကန်ရလေ့ရှိလို့ အင်္ဂလန်တို့နိုင်မယ်ဆိုရင်တောင် ပြတ်သားဖို့ခက်ပါတယ်။

ပိုလန် Vs ဆမ်မာရီနို

နံနက် ၂း၁၅ နာရီ(၂၇-၃-၂၀၁၃)

ပိုလန်အနေနဲ့ လက်ရှိခြေစစ်ပွဲအတွင်း အုပ်စု(H)မှာမွန်တီနီဂရိုးနဲ့ အင်္ဂလန်တို့နောက် တတိယနေရာမှာ ရပ်တည်နေရတဲ့အတွက် အခုလိုမွန်တီနီဂရိုးနဲ့ အင်္ဂလန်တို့ထိပ်တိုက်ဆုံတွေ့နေချိန်မှာ ဒီပွဲကိုအမှားခံမှာ မဟုတ်ပါဘူး။ ဆမ်မာရီနိုက အသင်းငယ်တစ်သင်းသာဖြစ်ပြီး ကွင်းကလည်း ပိုလန်ကွင်းဖြစ်တာကြောင့် ဒီပွဲမှာ ပိုလန်တို့ အသာရဖို့လည်း ခက်ခဲမှုမရှိနိုင်ပါဘူး။ လီဝန်ဒေါဖ်စကီး၊ အိုဘရာနစ်၊ ဘလက်ဇီးကောစကီး၊ မစ်ဇက်၊ ဆာလမွန်၊ ပိုလန်စကီး၊ ကလီဘန်တို့လို ကစားသမားကောင်းတွေကို ရွေးချယ်ခေါ်ယူထားတဲ့ အိမ်ရှင်ပိုလန်ကသာ ပွဲချိန်တစ်လျှောက်ဖိအားပေးနိုင်ဖွယ်ရှိနေပါတယ်။

ဝေလ Vs ခရိုအေးရှား

နံနက် ၂း၁၅ နာရီ(၂၇-၃-၂၀၁၃)

ဝေလဟာဒီခြေစစ်ပွဲအတွင်းရလဒ်တွေဆိုးရွားလွန်းနေပါတယ်။ ဂါရတ်ဘေးလ်၊ ဘယ်လာမီ၊ ရမ်ဆေး စတဲ့ အင်္ဂလန်ကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေရှိပေမယ့် လေးပွဲကစားပြီးချိန်မှာ စကော့တလန်တစ်သင်းတည်းကိုသာ အနိုင်ရရှိခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် ဝေလအနေနဲ့ အမှတ်လိုအပ်နေတာကြောင့် ဒီပွဲမှာအနိုင်ရရှိရေး ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် အုပ်စုပထမနေရာရရေး အားစိုက်နေတဲ့ အသင်းကောင်း ခရိုအေးရှားကို အသာရယူနိုင်ဖို့အခက်အခဲတွေရှိလာမှာပါ။

ဆန်မာရီနိုကို ရှစ်ဂိုးပြတ်ဖြင့် အင်္ဂလန် အနိုင်ယူ

ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲ ပွဲစဉ်များကို မတ် ၂၃ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(H)မှ အုပ်စုဒုတိယနေရာတွင် ရပ်တည်ခဲ့သော အင်္ဂလန်အသင်းက အုပ်စု၏ အောက်ခြေတွင် ရောက်ရှိနေသော ဆန်မာရီနိုအသင်းကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ယူကာ အုပ်စုဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

နည်းပြကြီး ရွိုင်းဟော့ဂ်ဆန် တာဝန်ယူ ကိုင်တွယ်လျက်ရှိသည့် အင်္ဂလန်အသင်းသည် ယင်းပွဲစဉ်တွင် ဥရောပတစ်လွှားရှိ ကလပ်အသင်းများတွင် အကောင်းဆုံးခြေစွမ်းပြကစားလျက်ရှိသည့် ရွန်းနီ၊ ဒီဖိုး၊ လမ်းပတ်၊ ချန်ဘာလိန်၊ အက်ရှ်လေယန်း၊ ကလီဗာလေ၊ စမောလင်း၊ စတားရစ်၊ လက်စ်ကော့၊ ကီလီဝေါ့ကာ စသည့် ကစားသမားများကို ၄-၄-၂ ဗျူဟာခင်းကျင်း၍ ကစားစေခဲ့ရာ အဝေးကွင်းသို့ သွားရောက်ကစားခဲ့ရသော်လည်း အိမ်ရှင်ဆန်မာရီနိုအသင်းကို အကောင်းဆုံးနှင့် ရင်နာဖွယ်ရာ သင်ခန်းစာတစ်ရပ်ပေးနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ပွဲစပြီး ၁၂ မိနစ်မှာပင် ဆန်မာရီနိုကစားသမား အလက်ဆန်ဒရိုဒယ်လာဗယ်လီ၏ အမှားကြောင့် ဦးဆောင်အဖွင့်ဂိုးရရှိခဲ့ပြီး ပထမပိုင်းပွဲကစားချိန်မပြီးဆုံးမီမှာပင် ချန်ဘာလိန်၊ ဂျာမိန်းဒီဖိုး၊ အက်ရှ်လေယန်း၊ ဖရန့်လမ်းပတ် စသည့်ကစားသမားများ၏ သွင်းဂိုးများဖြင့် ငါးဂိုးပြတ်ဖြင့် အိမ်ရှင်ဆန်မာရီနိုကို ဦးဆောင်ကစားနိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် ရွန်းနီ (၅၄ မိနစ်)၊ စတားရစ်(မိနစ် ၇၀)နှင့် ဒီဖိုး(၇၇ မိနစ်)တို့က ထပ်မံ၍ ဂိုးများသွင်းယူပေးခဲ့ခြင်းကြောင့် အင်္ဂလန်အသင်းက ပွဲပြီးဆုံးချိန်တွင် ဆန်မာရီနိုအသင်းကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းသည် ယင်းကဲ့သို့ ပြိုင်ဘက်အသင်းကို ရှစ်ဂိုးပြတ်အထိ သွင်းယူနိုင်ခဲ့ခြင်းမှာ ၁၉၈၇ ခုနှစ်က ဝင်ဘလေကွင်းတွင် တူရကီကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၂၆ နှစ်တာကာလအတွင်း အကောင်းမွန်ဆုံးစွမ်းဆောင်မှုလည်း ဖြစ်ခဲ့ရသည်။

နိုင်လင်းကြည်

သက်တောင့်သက်သာ ခရီးသွားဧည့်သည် သင်္ကြန်ခရီးစဉ်
တောင်ကြီး – ကျိုင်းတုံ – တာချီလိတ် – မယ်ဆိုင် သင်္ကြန် (၁၀) ရက် Apr-12 HOTEL PACKAGE
ထားဝယ်ရှင်ကိုးရှင် – မောင်းမကန်ကမ်းခြေ – မော်လမြိုင် – ကျိုက်ထီး (၆) ရက် Apr-12
မန္တလေး – ပြင်ဦးလွင် – လားရှိုး – မူဆယ် – ရွှေလီ (၇) ရက် Apr-12 GUEST HOUSE PACKAGE
09-73159071, 09-49330287

သန္တာသုခ Hotel, Restaurant, Aircon Express
ငပလီ၊ ချောင်းသာ → APR 13
ရွှေတိဂုံ → APR 12
မန္တလေး – မင်းကွန်း – လားရှိုး → APR 12
653575 Ext : 211
09 421014940

အကျော်ဝါချစ်သူ
"ငပလီ"
Hyundai Bus - 80,000/-
Hyundai Bus - 1,00,000/-
Air-Con Bus - 1,30,000/-

အမြန်လမ်းမကြီးအား ယာဉ်အန္တရာယ်ကင်းဝေးစေရန် ဝိုင်းဝန်းထိန်းသိမ်းပေးစေလို

ရန်ကုန်- နေပြည်တော်- မန္တလေး အမြန်လမ်းမကြီးအား နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဖောက်လုပ်ခဲ့ခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်ရေး၊ ဒေသများ ဖွံ့ဖြိုးရေး၊ လမ်းပန်းခရီးလုံခြုံချောမွေ့ရေး၊ အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးတွင် အကြီးမားဆုံးအထောက်အကူဖြစ်စေရေးဆိုသည်ကို သာမန်လူတစ်ယောက်အတွေးနှင့်ပင် သိနိုင်သည်။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး၏ ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို ၂၀၀၉ ခုနှစ် မတ်လတွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး လမ်းဖောက်လုပ်ဆဲကာလ၌ပင် ကန့်သတ်ပိုင်းခြားမှုဖြင့် သွားလာခွင့်ပြုထားခဲ့သဖြင့် လမ်းဖောက်လုပ်ဆဲ သုံးနှစ်တာကာလအတွင်း ယာဉ်မတော်တဆမှု အကြိမ် ၂၄၀ ဖြစ်ပွားခဲ့ရာတွင် သေဆုံးသူ ၁၀၈ဦး၊ ဒဏ်ရာရရှိသူ ၅၀၅ ဦးခန့် ရှိကြောင်းသိရသည်။ ယင်းနောက် နေပြည်တော်- မန္တလေး လမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုလမ်းပိုင်းတွင် ယာဉ်မတော်တဆမှုပေါင်း ၅၀ ဖြစ်ပွားခဲ့ရာ လူ ၃၉ ဦး သေဆုံးကာ ၁၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါယာဉ်မတော်တဆမှုများ၏ ရာခိုင်နှုန်းအများဆုံးမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် ပျက်ကွက်ခဲ့ကြသော ယာဉ်မောင်းများကြောင့် ဖြစ်သည်။ အထူးသဖြင့် ယာဉ်မောင်းများ အိပ်ငိုက်မှုကြောင့် ဖြစ်ရမှုကများပြား၍ ယခုအခါ ယာဉ်မောင်းများ အိပ်ငိုက်ခြင်း မဖြစ်စေရန် သတိပေးသည့် ဆိုင်းဘုတ်များကို စိုက်ထူကာ သတိပေးထားကြောင်း တွေ့ရသည်။ ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်ရေးအတွက်လည်း အမြန်လမ်းရဲတပ်ဖွဲ့မှ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကို အထူးဆောင်ရွက်လျက်ရှိပြီး ယာဉ်အန္တရာယ်လျော့ပါးရေးအတွက် လိုအပ်သည့်နေရာတိုင်းတွင် လမ်းညွှန်အမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များကို စိုက်ထူခြင်း၊ တံတားအဝင်လမ်းကွေ့များတွင် ဆိုလာမီးတိုင်များလဲခြင်း၊ လမ်းများကိုပြုပြင်ခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များ လမ်းပေါ်မတက်ရန် လမ်းကင်းများချ၍ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများဘက်ကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုပါသည်။ ယခုအခါ တာဝန်ရှိသူများဘက်က တာဝန်ကျေစွာ လုပ်ဆောင်သော်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မလိုက်နာဘဲ ကုန်တင်ယာဉ်ကြီးကို လမ်းအသုံးပြုခရှောင်ရှားလို၍ ခိုးခိုးဝှက်ဝှက် တက်ရောက်မောင်းနှင်နေရာ မူလအနေအထားအတိုင်း မပျက်စီးစေဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးသည် လူတိုင်းတွင် တာဝန်ရှိသည့်အတွက် ကိုယ်စီတာဝန်ယူတတ်စေရန် အကြံပြုရေးသားလိုက်ပါသည်။

ကျော်ကျော်(မလှိုင်)

တရားမဝင်သယ်ဆောင်လာသော နွားထီး ၄၂ ကောင် ဖမ်းဆီးရမိ

မော်လူး မတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ဇော်ဝင်းသည် ခရိုင်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင် ကျွဲ၊ နွား မှောင်ခိုရောင်းဝယ်မှု ပပျောက်ရေးအတွက် ဆောင်ရွက်နေစဉ် သတင်းအရ ကသာခရိုင် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးခိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မော်လူးရဲတပ်ဖွဲ့စခန်းနှင့် ပူးပေါင်းအဖွဲ့သည် တရားမဝင်သယ်ဆောင်လာသော နွားထီး ၄၂ ကောင်အား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၁၇ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ကသာခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ရဲအုပ်မျိုးခိုင်၊ ဒုရဲအုပ်အောင်ကိုမင်း၊ တပ်ကြပ် စိုးလွင်၊ တပ်ကြပ် သိန်းထိုက်ဦး၊ မော်လူးရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ် စိုးလင်း၊ ဒုရဲအုပ်အောင်အောင်သန်း၊ ဒုရဲအုပ် မင်းသိန်းထွန်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ သက်သေများဖြစ်သော ငွေ့ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ အရန်မီးသတ်တပ်ဖွဲ့မှ ဦးမြင့်ဆွေ၊ မော်လူးမှ ဦးသံချောင်း၊ မံဟဲကျေးရွာမှ ဦးဝင်းသိန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရုတ်နိုင်ငံသို့ တရားမဝင်နွားများ သယ်ယူရောင်းချနေကြောင်း သတင်းရရှိ၍ နန့်ရုံကျေးရွာအနီး လှည်းလမ်းမပေါ်၌ စောင့်ဆိုင်းနေစဉ် အင်းတော်မြို့နယ် ပျဉ်ထောင်ကုန်းကျေးရွာဘက်မှ ဇော်ဦးအပါအဝင် ကိုးဦးအဖွဲ့သည် တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ နွားထီး ၄၂ ကောင်နှင့်အတူ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရန် သယ်ဆောင်လာစဉ် စစ်ဆေးတွေ့ရှိသဖြင့် သက်သေများ ရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(နီတိုး-မော်လူး)

စကားများ ခိုက်ရန်ဖြစ်ပွား

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်တွင် လူငယ်ချင်းစကားများ၍ ခိုက်ရန်ဖြစ်ပွားရာမှ စကေဘာနှင့်ထိုးခံရသဖြင့် လူငယ်တစ်ဦးဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မတ် ၁၄ ရက် ည ၈ နာရီခန့်က မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် ကနောင် (၁၃) လမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် အောင်နိုင်ဌေးအပါအဝင် ခုနစ်ဦးနှင့် နေလင်း(ခ)ဒါးပိန်တို့ လူငယ်ချင်း စကားများ၍ ခိုက်ရန်ဖြစ်ပွားရာ အောင်နိုင်ဌေး(၁၆)နှစ် ဦးပုည (၃) လမ်း (၁၇) ရပ်ကွက် ရွှေ ပေါက်ကံနေသူက နေလင်း(ခ)ဒါးပိန်၏ဝဲဘက်ခါးအထက်ပိုင်းအား စကေဘာဖြင့် ထိုးခံရသဖြင့် မြောက်ဥက္ကလာပ ဆေးရုံသို့ အတွင်းလူနာ(စိုးရိမ်ရ) အဖြစ် တင်ပို့ထားသောကြောင့် အောင်နိုင်ဌေးအပါအဝင် ခုနစ်ဦးအား ရွှေပေါက်ကံရဲစခန်းက အမှုဖွင့်လှစ်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဇော်ကြီး-ပဏ္ဍိတ)

မြိတ်မြို့ ကျောက်ဖျာကျေးရွာ၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွား

မြိတ် မတ် ၂၃

မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ ကုန်းအတက်တောင်ပေါ်လမ်းဘေးကိုင်းတောတွင် မတ် ၂၁ ရက် ညနေ ၆ နာရီ ၃၅ မိနစ်ခန့်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုမှာ ကဘင်းရွာနေ တင်ကိုလတ်က ကိုင်းတောအားခုတ်ထွင်ရှင်းလင်းထားခဲ့ရာမှ လမ်းသွားလမ်းလာများ၏ မီးပေါ့ဆမှုကြောင့် တောမီးလောင်ကျွမ်းခဲ့ပြီး ဖိုးလမင်းကုမ္ပဏီပိုင် မြေသုံးဧကခန့် မီးလောင်ကျွမ်းခဲ့သည်။ မီးမှာ ည ၉ နာရီ မိနစ် ၄၀ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါတောမီးအား မြိတ်မြို့မှ မီးသတ်ယာဉ် ငါးစီး၊ ကျွဲကူးရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံတကာ သတင်းဂျာနယ်
INTERNATIONAL NEWS JOURNAL

○ အကြီးမားဆုံးအကျိုးအမြတ်ရရှိ ပြုပြင်ပြောင်းလဲရေးလုပ်ရမည်ဟု တရုတ်ဝန်ကြီးချုပ်ပြောကြား ○ ပညာရေးဆိုင်ရာ အသားအရောင် ခွဲခြားဆက်ဆံမှု ○ တရုတ်က ပြူယမ်းအား လက်နက်တပ်ဆင်ပေးခြင်းကြောင့် အမေရိကန် ကာကွယ်ရေးအဆင့်မြှင့် ○ အီရတ်စစ်ပွဲတွင် အမေရိကန်က ဒေါ်လာ နှစ်ထရီလီယံသုံးခဲ့ ○ ပြည်သူ့အိမ်ရာများ တည်ဆောက်ရန် အစွမ်းရှေ့ ... များကို ရွေးမည် ○ ... ○ ... အကြား လွန်ဆွဲနေသည့် အီရတ်နိုင်ငံ ○ ... ○ အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ လက်နက်ပြိုင်ပွဲ ○ ... ○ ... ပတ်ဝန်းကျင်ဆိုင်ရာသတင်းများ ... ပြည်ပအနုပညာသတင်းများနှင့် သတင်းထူးသတင်းဆန်းများ ပြည့်ပြည့်စုံစုံဖတ်ရှုရမည်။

ထွက်ပြီ

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၀၈၃၃၊ ၂၉၂၈၃၀၊ ၂၉၉၄၂၇

ရွှေတောင်မြို့တွင် ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ ခရီးသည် ၁၄ ဦး ဒဏ်ရာရရှိ

ရွှေတောင် မတ် ၂၃

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာထိပ် ရန်ကုန်-ပြည်လမ်းမကြီး မိုင်တိုင်အမှတ်(၁၆၈/၃)တွင် မတ် ၁၉ ရက်က ယာဉ်မောင်း ဦးထွန်းခင်(၅၃)နှစ် မောင်းနှင်လာသော လိုက်ထရပ်(၃ဂ/----)ပြည်-ကြို့ပင်ကောက် ခရီးသည်တင်ယာဉ်နှင့် ယာဉ်မောင်း မောင်ကျော်ကျော်(၃၀)နှစ် မောင်းနှင်လာသော CP ကြက်၊ ကြက်ဥပို့သော လိုက်အေ့ (၈ခ/----)တို့ မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ ကြို့ပင်ကောက်မြို့မှ ပြည်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်လိုက်ထရပ်ယာဉ်သည် ရွှေတောင်မြို့နယ် ကြို့ကုန်းရွာထိပ်တွင်ရပ်၍ ခရီးသည်တင်၊ချပြုလုပ်နေစဉ် ပြည်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော လိုက်အေ့ယာဉ်က အရှိန်များ၍ ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ ၁၄ ဦးရှိပြီး ရွှေတောင်ဆေးရုံတွင် ၁၀ ဦးနှင့် မျက်စိအတွင်းအက်စစ်ဝင်သူ လေးဦးကို ပြည်ဆေးရုံသို့ ချက်ချင်းပို့ဆောင်ကုသပေးခဲ့သည်။ ယင်းယာဉ်တိုက်မှုကို ရွှေတောင်မြို့နယ် ရဲစခန်းမှ ယာဉ် (ပ/၆)၃၃၇-၃၃၈ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(တောဘောလုံး- ရွှေတောင်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ရက်(၁၁၁)ပြည့်မွေးနေ့ဆုတောင်း

ချစ်သားချောလေး နေသွင်လင်းဦး **@ Apple** ၏ ၁၆-၃-၂၀၁၃ရက်တွင် ကျရောက်သော ရက်(၁၁၁)ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင်အောင် ဖေဖေ-မေမေ၊ ချစ်မမတို့နှင့်အတူ အသက်ထက်ဆုံး ကျန်းမာချမ်းသာပျော်ရွှင်၍ ထူးချွန်လိမ္မာပြီး အရာရာတွင် ပြည့်စုံအောင်မြင်သောဘဝကို ရယူပိုင်ဆိုင်နိုင်သော သားကောင်းရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဘိုးဘိုး - **ဦးမောင်မောင်အေး(ခ) JOHNNY**
ဘွားဘွား - **ဒေါ်မီမီအောင်**
ဖေဖေ - **ဦးကျော်သက်ဦး**
မေမေ - **ဒေါ်အေးနွေနွေအောင်**
တီတီကြီး - **ဒေါ်အေးသဥ္ဇာအောင် (Pinky Fashion -Tawin)**
တီတီငယ် - **ဒေါ်အေးမို့မို့အောင် (Pinky Fashion-Capital)-**
ဦးတေဇာဝင်း (JSM Shipping Co.,Ltd)
အန်ကယ်လေး - **နေဗလကျော်နီ(Final Part I)** (ဆေး-၂)
ချစ်မမ - **ချမ်းမြေ့သီရိကျော် @ Pinky (ILBC Nursery)**
ချစ်ကိုကို - **ဂွန်ကိုတေဇာ @ Gu Guu [ILBC Pre-(KG)]**

ရက်(၁၁၁)ပြည့်မွေးနေ့ဆုတောင်း

ချစ်မောင်လေး နေသွင်လင်းဦး **@ Apple** ၏ ရက်(၁၁၁)ပြည့်မွေးနေ့မှသည် ဖေဖေ-မေမေ၊ မမတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နှစ်ပေါင်းများစွာ ဖြတ်သန်းနိုင်ပါစေ။

Pinky Fashion (Tawin Centre) ဝန်ထမ်းများ
Pinky Fashion (Capital) မှ ဝန်ထမ်းများ

NEW WAY 0973238655, 0973217877
+ အာလောင်းတော်ကဿပ(သီးသန့်) + ရွှေစက်တော်(သီးသန့်)
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အာလောင်းတော်ကဿပ
+ ပုဂံ-ပုပ္ပါး (ရွှေဇီးခုံ...)
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်ဝမ်း ... Mar 24

ရွှေတာမ်းငြေ
Air-con Express
ပေါင်/ မြောင်းမြ
09-861 4228, 09-730 67788
09-430 51977, 01-222 575

ဆရာအာသာ SUCCESS Language Academy
202046, 256954, 0949249463
Y.W.C.A ...

Basic English Speaking 7:30-10:30 Sat+ Sun 30 Mar 2 - 5 Sat+ Sun 20 Apr 7:30 - 9 Mon-Thurs 22 Apr	**Vocab Enrichment** 2 - 5:00 Sat+Sun 20 Apr **Basic Grammar** 7:30-9:30 Sat+Sun 30 Mar 1 - 2:30 Mon-Thurs 8 Apr	**IELTS Four Skills** 1 - 3:30 Mon-Thurs 11 Mar 1 - 4:30 Sat + Sun 20 Apr **IELTS Exam Practice** 7:30-10:30 Sat+Sun 16 Mar
Four Skills English (Basic) 7:30-10:30 Sat + Sun 30 Mar 7:30-10:30 Sat + Sun 6 Apr 1 - 2:30 Mon-Thurs 8 Apr 3:30 - 5 Mon-Thurs 8 Apr	**Intermediate Grammar** 7:30 - 9 Mon-Thurs 6 May **Basic Writing** 1 - 3:00 Sat+Sun 23 Mar 7:30 - 9 Mon-Thurs 8 Apr 7:30-9:30 Sat+Sun 20 Apr	**IELTS Speaking** 1 - 2:30 Mon-Thurs 22 Apr **IELTS Reading** 7:30-9:30 Mon-Thurs 22 Apr
Pre-Intermediate (4-Skill English) 7:30-10:30 Sat+Sun 23 Mar 2 - 5:00 Sat+Sun 30 Mar 1 - 2:30 Mon-Thurs 1 Apr 10 - 11:30 Mon-Thurs 8 Apr	**Intermediate Writing** 7:30-9:30 Sat+Sun 20 Apr	**IELTS Writing** 7:30-9:30 Sat+Sun 16 Mar 3 - 5:00 Sat+Sun 20 Apr
Intermediate (Academic English) 3:30 - 5 Mon-Thurs 25 Mar 9:30-12:30 Sat+Sun 30 Mar	Marlins English သင်တန်း 4:30-7:30 (Sat+Sun) Apr 27	

အထက်မြန်မာပြည်သတင်း

မြန်မာ့လေကြောင်းမှ မန္တလေး-ရန်ကုန်ခရီးစဉ်အား မဟာသင်္ကြန်အထူးအစီအစဉ်အဖြစ် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ ဖြင့် လေယာဉ်လက်မှတ်ရောင်းချ

မန္တလေး မတ် ၂၃

မြန်မာ့လေကြောင်းအနေဖြင့် မန္တလေးမှ ရန်ကုန်သို့ ပြေးဆွဲလျက်ရှိသော ခရီးစဉ်အား ဖေဖော်ဝါရီ ၁၃ ရက်မှ မတ် ၁၃ ရက်အထိ Promotion ကာလ တစ်လသတ်မှတ်၍ ပြေးဆွဲပေးခဲ့ပြီး ယခုတစ်ဖန် မဟာသင်္ကြန် အထူးအစီအစဉ်အဖြစ် မတ် ၁၄ ရက်မှ ဧပြီ ၁၃ ရက်အထိ Promotion ကာလ တစ်လထပ်မံသတ်မှတ်၍ လေယာဉ်လက်မှတ်အား တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ ဖြင့် ရုံးပိတ်ရက်မရှိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၃ နာရီအထိ မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ) တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်အတွက် Promotion ကာလ ထပ်မံသတ်မှတ်ပေးခြင်းသည် မန္တလေးမြို့နှင့် အထက်မြန်မာနိုင်ငံ မြို့များတွင် နေထိုင်ကြသော ပြည်သူများ မဟာသင်္ကြန်မတိုင်မီ မန္တလေးမှ ရန်ကုန်သို့ သွားရောက်ရာတွင် ခရီးသွားလာမှုလွယ်ကူစေရန်နှင့် Promotion ကာလအတွင်း လေယာဉ်လက်မှတ်များကို ကြိုတင်ဝယ်ယူနိုင်ရန် မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ) မှ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ) မှ ကျန်ခရီးစဉ်များဖြစ်သော မန္တလေးမှ နေပြည်တော်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ခန္တီး၊ ဟုမ္မလင်း၊ ကလေး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့များသို့ ပျံသန်းပြေးဆွဲမည့် ခရီးစဉ်များကိုလည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

ခြေသုံးချောင်းနဲ့ ကြက်ကလေး

မြစ်ငယ် မတ် ၂၃

တစ်နေ့တွင် ဖြိုးလက်ဖက်ရည်ဆိုင်ပိုင်ရှင် ယောက်ဖဖြစ်သူ ကိုသန်းဦး၏ သတင်းပေးချက်အရ ထူးဆန်းသော ခြေထောက်သုံးချောင်းပါ ကြက်ကလေးအကြောင်းကို သွားရောက်စုံစမ်းဖြစ်ခဲ့သည်။

ဤကမ္ဘာလောကကြီးတွင် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဆန်းများ အမှန်ပင်ရှိကြသည်။ ကျွန်ုပ်တို့ မနုဿလူသားများတွင်လည်း ရင်ချင်းဆက်အမြွှာ၊ ဦးခေါင်းချင်းဆက်၊ ကျောချင်းဆက်စသည့် ထူးခြားဆန်းပြားစွာ မွေးဖွားလာသော လူသားများစွာလည်း ရှိကြပါကုန်၏။ ထို့အတူ တိရစ္ဆာန်လောကတွင်လည်း ထူးခြားဆန်းကြယ်စွာနှင့် ပေါက်ပွားလာသော တိရစ္ဆာန်အမျိုးမျိုး ရှိကြကြောင်း သိရသည်။ ဥပမာ ခေါင်းနှစ်လုံးနှင့် ဝက်ကလေး၊ ဆင်နှာမောင်းသဏ္ဌာန်ပါသော ဝက်ကလေးများ အကြောင်းနှင့် တခြားတိရစ္ဆာန်များ အကြောင်းပါ ကြားသိနေရသည်။

ယခုမူ "သက်ပြင်း" အမည်ရှိ ခြေထောက်သုံးချောင်းပါသော မြန်မာကြက်ကလေးအကြောင်းပင်ဖြစ်သည်။ ခြေထောက်သုံးချောင်းပါ ကြက်ကလေးသည် ပင်ကိုခြေနှစ်ချောင်းအပြင် စအို၏အောက်မှ ခြေထောက်တစ်ချောင်း အပိုတစ်ခုပါ ဥမှပေါက်ကတည်းက ပါလာခဲ့ခြင်းဖြစ်သည်။

ခြေထောက်သုံးချောင်းပါ ကြက်ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းမေက "မြန်မာကြက်မျိုးပါပဲ။ သူ့အမေကြက်မကြီးက ဥတာကလည်း သုံးလုံးတည်းဥတာပါ။ ကြက်ဥသုံးလုံးစလုံး အကောင်ပေါက်တယ်။ အကုန်ရှင်တယ်။ ပေါက်ခါစကတော့ လိမ်တိန်ပိန်တိန်နဲ့ ဘယ်တော့သေမလဲဆိုပြီး စောင့်ကြည့်နေတာပါ။ အခုတော့ မြင်နေရတဲ့အတိုင်း ဒေါင်ဒေါင်မြည်ပါပဲ။ ကြက်ချေးပါတဲ့အခါကျရင်တော့ ခြေထောက်ပေါ်ကို တည့်တည့်ချေးယိုချတယ်။ ရှောင်ပါလို့မရဘူး။ ဒီကြက်ကလေးက ၂၀၁၂ ခုနှစ် ခုနစ်လပိုင်းလောက်က ပေါက်တာဆိုတော့ အခု ရှစ်လသားရှိပြီ၊ တွန်တော့ မတွန်သေးဘူး"ဟု ပြောသည်။ ထူးခြားဆန်းကြယ်စွာနှင့် ခြေထောက်သုံးချောင်းပါ ကြက်ကလေး၏ လိပ်စာကတော့ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရွှေကာကျေးရွာ ဒေါ်သန်းမေ၏ အိမ်တွင်ဖြစ်သည်။

မောင်မောင်စိုး(မြစ်ငယ်)

သီးပွံနည်းကျ စိုက်ပျိုးရေးနည်းပညာများ ဆွေးနွေး

မန္တလေး မတ် ၂၃

ယနေ့ ရာသီဥတုအရ မိုးရွာသွန်းမှုအခြေအနေ၊ ရေရရှိမှုအခြေအနေ၊ ဈေးကွက်တောင်းဆိုမှုအခြေအနေ၊ တောင်သူများ၏ အကျိုးအမြတ်ရရှိမှုအခြေအနေအရ သီးနှံပုံစံများ (Eropping Pattern) ပြောင်းလဲလာမှုနှင့် သီးနှံအလိုက် သီးပွံနည်းကျ စိုက်ပျိုးရေးနည်းပညာများ၊ ယနေ့ပညာပေးဆွေးနွေးပွဲမှ ရရှိလာသော နည်းပညာများကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှတစ်ဆင့် တောင်သူများထံအရောက်ပြန့်ပွားရေး ဆက်တိုက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ယခုစိုက်ပျိုးဆဲဖြစ်သော နွေးစပါးနှင့်နွေနှမ်းတို့ကို ယနေ့ ဆွေးနွေးပွဲမှရရှိလာသော နည်းပညာများကို အသုံးချပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် လက်တွေ့ကျကျ ဆောင်ရွက်ကြရန် မတ် ၁၈ ရက်နှင့် ၁၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးဆွေးနွေးပွဲ၌ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်က မှာကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ် စိုက်ပျိုးပညာပေးရေးဌာနခွဲမှ ဒေါ်မြင့်မြင့်အေး၊ အထက်မြန်မာပြည်မျိုးစေ့ဌာနခွဲ တာဝန်ခံ ဒေါ်ဝင်းဝင်းမြင့်နှင့် သီးနှံပိုးမွှားရောဂါကာကွယ်ရေးဌာနခွဲမှ ဒေါ်အေးအေးမြတို့က ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသော ဝန်ထမ်းများက မိမိတို့ဒေသတွင် တွေ့ကြုံရသော သီးနှံစိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများနှင့် ပြဿနာများကို တင်ပြကြရာ ပညာရှင်များက ပြန်လည်ရှင်းလင်းပြောကြားကြသည်။**တင်မောင်(ကိုယ်ပွား-မန္တလေး)**

နံနက်မိုးမလင်းမီ ပန်းသည်များ စုဝေးရောင်းချမှုကြောင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်

မန္တလေး မတ် ၂၃

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း (၃၀)၊(၈၄) လမ်းမှ (၈၆) လမ်းကြားတွင် နေ့စဉ်နံနက် မိုးမလင်းခင်အချိန်တိုင်း ပန်းသည်များ စုဝေးရောင်းချနေသဖြင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်များစွာဖြစ်နေကြရကြောင်း သိရသည်။ အဆိုပါနေရာသည် ဈေးချိုတော်အနီးတွင် တည်ရှိပြီး စည်ကားသောနေရာဖြစ်သည်။ ပန်းသည်များသည် နံနက် ၂ နာရီခန့်မှ စတင်ကာ စုရုံးရောက်ရှိလာပြီး လမ်းမအပြည့် နေရာယူကာ လမ်းပိတ်ဆို့ရောင်းချနေခြင်းဖြစ်သည်။ ရပ်ကွက်ပြည်သူများ အိပ်စက်အနားယူချိန်ဖြစ်သည့် အလျောက် သက်ကြီးရွယ်အိုများ၊ ကလေးများသာမက ရပ်ကွက်နေပြည်သူများသည် ပန်းသည်များ အရောင်းအဝယ်ပြုချိန်တွင် အော်ဟစ်ဆူညံသံများကြောင့် ကောင်းစွာ အိပ်စက်အနားယူရခြင်း မရှိသကဲ့သို့ ပန်းသည်များ ဖြစ်သလိုသွားသော အပေ့ါအပါးများ၊ ကျန်ရှိသော အမှိုက်သရိုက်များ၊ လူမှုရေးပြဿနာများကြောင့် များစွာစိတ်အနှောင့်အယှက်ဖြစ်နေရသည်ကို ကြားသိရသည်။

"မနက်အိပ်ကောင်းတဲ့ အချိန်မှာ ပန်းသည်တွေ ရောက်လာကြတယ်။ ဆိုင်ကယ်သံတွေ၊ ဈေးရောင်းဈေးဝယ်အသံတွေက ဆူညံနေတယ်။ ရန်ဖြစ်သံ၊ ငြင်းခုံသံတွေလည်း တစ်ခါတလေကြားရတယ်။ အိမ်ရှေ့မှာပဲ အပေ့ါအပါးသွားကြတယ်။ အိမ်ရှေ့မှာ ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ ပိတ်ရပ်ထားတယ်။ ဒီနေရာက ဈေးလည်းမဟုတ်ပါဘူး။ နေ့စဉ်အခုလို ကြုံတွေ့နေရတော့ စိတ်မသက်မသာဖြစ်ရတယ်။ သက်ဆိုင်ရာကိုလည်း အကြောင်းကြားတယ်။ တိုင်စာပို့တယ်။ အခုထိ လာရောက်အရေးယူတာ မတွေ့ရပါဘူး"ဟု အဆိုပါနေရာတွင် နေထိုင်သူ ဦးအောင်မြင့်က ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သက်ဆိုင်ရာဝန်ထမ်းများက လာရောက်ရှင်းလင်းသည်ကို ကြားသိရသော်လည်း ပန်းဈေးတန်းမှာ ယခင်ကထက် ပိုမိုစည်ကားနေသည်ကို တွေ့ရသည်။ **(၀၀၂)**

ကလေးမြို့ ခုံတိုးမြို့သာကျေးရွာတွင်
ကုန်ထုတ်လမ်းဖောက်လုပ် တောင်သူများ ကျေနပ်ဝမ်းမြောက်

ကလေး မတ် ၂၃

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်ကုန်ထုတ်လမ်းသည် မရှိမဖြစ် အရေးကြီးလှသည်ဖြစ်ရာ ကလေးမြို့နယ် ခုံတိုးမြို့သာကျေးရွာမှ တောင်သူများသည် ပေပေါင်း ၁၀၉၉၅ ပေ၊ လမ်းအကျယ် ၁၅ ပေ ရှိသော လယ်ယာကုန်ထုတ်လမ်းကို ဖေဖော်ဝါရီ ၂ ရက်မှ စတင်၍ ပြုပြင်ဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းသည် ရှေးယခင်ကတည်းက လမ်းသာရှိခဲ့ပြီး ပြုပြင်မှုမရှိခဲ့ခြင်းကြောင့် ပျက်စီးယိုယွင်းနေခဲ့သည်မှာ အချိန်ကြာခဲ့ပြီဖြစ်ရာ မိုးရာသီကာလများတွင် သွားလာ၍မရသဖြင့် တောင်သူများ အခက်အခဲကြုံရခြင်း၊ ကွင်းလမ်းများကိုသာ အသုံးပြုသွားလာရခြင်းများကြောင့် အချိန်ကုန်လူပန်း ဖြစ်ခဲ့ကြရသည်။

ထိုကဲ့သို့ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းဦး ဦးဆောင်စည်းရုံးကာ ကျေးရွာတောင်သူတို့၏ လှူဒါန်းငွေကျပ် ၅၆၀၆၀၀ နှင့် လယ်ယာကုန်ထုတ်လမ်းကို နှစ်နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုပထမနှစ်တွင် ကျောက်သားများခင်းပြီးဖြစ်ရာ လုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

လယ်ယာကုန်ထုတ်လမ်း ကောင်းမွန်လာခြင်းနှင့် ပတ်သက်၍ ဒေသခံတစ်ဦးက "တောင်သူများကတော့ ကျေနပ်ဝမ်းသာနေကြတယ်ဗျ၊ မိုးရာသီဆိုရင် အခက်အခဲ မရှိတော့ဘူးပေါ့ဗျာ၊ မိမိလယ်ယာထွက် သီးနှံတွေကို အချိန်မရွေး သိမ်းဆည်းလို့ရပြီပေါ့၊ သူများတွေ အခင်းထဲကလည်း ဖြတ်စရာမလိုတော့ဘူးပေါ့၊ အရမ်းလည်း ကောင်းပါတယ်"ဟု ရှင်းပြသည်။

ကျေးရွာပြည်သူများ၏ အားတက်သရောပါဝင်ဆောင်ရွက်မှု၊ လမ်းကော်မတီအဖွဲ့အစည်းများကလည်း ဉာဏစွမ်းအား၊ ကာယစွမ်းအားတို့ဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြခြင်းတို့ကြောင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း အဆိုပါလမ်းကို အမြဲကောင်းမွန်အောင် ပြုပြင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **သျှင်နေမင်း(ဂန့်ဂေါ)**

ပါမောက္ခ ဦးတင်ရွှေ (ဓာတု)

၁။ ရန်ကုန်မြို့ပေါ်နှင့် အနီးတစ်ဝိုက် ကိုယ်ပိုင်အထက်တန်းကျောင်းကြီးများ၌ ဓာတ်ခွဲခန်း ထူထောင်ပေးမည်။ သင်ကြားပေးမည်။

၂။ (၉)တန်း၊ ၁၀ တန်း၊ နွေ(၂)လ ဓာတုဗေဒသင်တန်း 1st April စမည်။

၃။ Guide များ၊ ဆရာ၊ ဆရာမများအတွက် ဓာတုဗေဒ အရည်အချင်းပြည့် ဆရာဖြစ်(၂)ပတ်သင်တန်း 16th June စမည်။ (လက်တွေ့ပြသခြင်းများပါဝင်မည်။)

ဖုန်း-၀၉-၄၃၁၁၂၀၂၃

တစ်ဦးတည်းဖြစ်ကြောင်း

ကလေးမြို့၊ တာဟန်းရပ် ၁၂/၁၂၁ နေ အဖ ဦးဗျက်နွန်း၏သား မောင်မောရှေလားဗျက်သွားငါ(ခ)မောင်မောရှေလာလ်ဗျက်တလွန်းအာ[၅/ကလထ(နိုင်)၂၁၂၁၂၂]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်မောရှေလားဗျက်သွားငါ(ခ)
မောင်မောရှေလာလ်ဗျက်တလွန်းအာ

ရောင်းရန်

၅၈ လမ်း၊ လလ-၄၂၊ (၂)ကွက်တွဲ ရောင်းမည်။ ဝယ်လိုသူ တိုက်ရိုက်ဆက်သွယ်ပါ။ ပွဲစားမလို။

ဖုန်း-၀၉-၆၅၀၆၂၈၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စဝ်စံထွန်းဈေးအတွင်း ဈေးဆိုင်ခန်းအမှတ် ၈-၄/၁၃၊ ဆိုင်ခန်းအမည်ပေါက် ဦးစိုင်းမောင်မောင်တင့်(ခ)ဦးတင့် ဈေးဆိုင်ခန်းအငှား လိုင်စင်စာအုပ်ပျောက်ဆုံးသွားပါ၍ အသစ်ပြန်လည်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထားတင်ပြ၍ ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နေ ဦးဉာဏ်လွင်-ဒေါ်သင်းသင်းကြည်တို့၏သမီး မသင်းထက်ထက်လွင်မြင့် နဝမတန်း(က) အထက ခန္တီးအား မသင်းထက်ထက်သစ်ဟု ပြောင်းလဲခေါ်ပါရန်။ **မသင်းထက်ထက်သစ်**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉/၇၂၂၁၊ အမျိုးအမည် Hino TE 11၊ အမျိုးအစား ထရပ်(၄×၂) R ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်၊ မှတ်ပုံတင်အမှတ်[၉/မနတ(နိုင်)၀၅၇၉၂၂]မှ မှတ်ပုံတင်သက်တမ်းကြာမြင့်သော ဖျက်သိမ်းယာဉ်အတွက် အဖွဲ့၏ထောက်ခံချက် ပေးပို့ခြင်း ပုံစံ(ဃ)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဦးကျော်[၉/မနတ(နိုင်)၀၅၇၉၂၂]
ရာထွန်း(၁)၊ သံလျက်မော်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ဃ/၅၃၉၀၅ Yinxiang-125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဦးဆန်းထွန်းလင်း မှတ်ပုံတင်အမှတ်[၅/ငဇန(နိုင်)၀၆၀၅၃၂]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ခ/၄၁၈၀အမျိုးအမည် Super Mandalar SM 01 အမျိုးအစား Jeep(4x4)R ယာဉ်လက်ဝယ်ရှိသူအမည် ဦးသိန်းဇော် မှတ်ပုံတင်အမှတ်[၉/မရမ(နိုင်)၀၅၈၇၃၂]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၆၆)၊ လမ်း ၂၀ နှင့် ၂၁ လမ်းကြား၊ ၆၂×၆၃ လမ်းကြား၊ မောင်လှမိုးအမည်ပေါက် ဂရန်မြေကွက်အား ဦးမောင်လေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနမ(နိုင်)၀၅၅၅၉၂]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး/အမည်ပြောင်း/ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ဃ/၄၂၁၀၇ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ကျော်မောင် မှတ်ပုံတင်အမှတ်[၉/မရတ(နိုင်)၁၂၉၀၆၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

(24-3)15.pmd 1 3/22/2013, 11:04 PM

လယ်ထွန်စက်ကြီးနှင့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်း

ပုသိမ် မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများ လယ်ထွန်စက်ကြီးနှင့် ကောက်စိုက်စက်၊ တမန်းလှေစက်၊ ရိတ်သိမ်းခြွေလှေ့စက်များအစရှိသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို အသုံးပြုမောင်းနှင်တတ်စေရန် အခမဲ့သင်တန်းဖွင့်လှစ်ပေးစေလိုသော ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်၏ လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီးစက်မှုလယ်ယာတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် စက်မှုလယ်ယာခရိုင်ဦးစီးမှူး ဦးခင်အောင်ညွှန့်တို့ အနီးကပ်ကြီးကြပ်၍ ပညာရှင်များနှင့်အတူ လယ်ထွန်စက်ကြီးကိုင်တွယ်မောင်းနှင်မှုနှင့် လယ်ယာသုံးစက်ကိရိယာထိန်းသိမ်းမောင်းနှင်မှုသင်တန်းကို မတ် ၁၈ ရက် နံနက် ၉ နာရီတွင် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဆပ်ကွင်းစံပြကျေးရွာအမကဌဖွင့်လှစ်ရာ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာခရိုင်ဦးစီးမှူး ဦးခင်အောင်ညွှန့်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကန်ကြီးထောင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေ၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းကြာအုံနှင့် ပညာရှင်များက ပုသိမ်၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ သာပေါင်း၊ ကျုံပျော်၊ ရေကြည်၊ ငပုတောမြို့နယ်များမှ တက်ရောက်သင်ကြားကြသော တောင်သူလယ်သမား ၆၂ ဦးတို့၏ လက်တွေ့ထွန်စက်ကြီးမောင်းနှင်မှုကို ကြည့်ရှုအားပေးကြသည်။**(ဓါတ်ပုံ)**

(ပုသိမ်လှကြည်)

လဲချားမြို့၌ လျှပ်စစ်ဓာတ်အားအပြည့်အဝဖြန့်ဖြူးနိုင်တော့မည်

လဲချား မတ် ၂၃

လွိုင်လင်ခရိုင် လဲချားမြို့သည် တောင်ကြီး-လွိုင်လင်-မိုင်းရှူး ကားလမ်းမပေါ်တွင်တည်ရှိသည့် မြို့တစ်မြို့ဖြစ်ပြီး လွိုင်လင်မြို့မှ ၃၂ မိုင်အကွာတွင်တည်ရှိသည်။ လဲချားမြို့အား လွိုင်လင် - လဲချား(၁၁)ကေဗွီ ဓာတ်အားလိုင်း ၂၈ မိုင် တည်ဆောက်ထားပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ဓာတ်အားစနစ်ပိုမိုကောင်းမွန်စေရန်နှင့် ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးအတွက် လဲချားမြို့အဝင်တွင် (၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်လျက်ရှိရာ ပြီးစီးလုနီးပါးဖြစ်သည်။**(အပေါ်ပုံ)**

ယင်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ဓာတ်အားစနစ် ပိုမိုကောင်းမွန်လာပြီး လဲချားမြို့ပေါ်နှင့် အနီးအနားပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ဓာတ်အားအပြည့်အဝဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(မိုးလွင်ဦး-လွိုင်လင်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

ကျောက်ကြီး မတ် ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင် ကြီးကြပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာယီမြို့နယ်မှူးဦးခင်မောင်တင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး စောနောင်၊ ပဲခူးရပ်၊ ဆားတန်းရပ်နှင့် ကပ်ကျေးရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော အဖွဲ့သည် မတ် ၁၆ ရက်က ကျောက်ကြီးမြို့အဝင် ပဲခူးရပ်ကွက် လမ်းဆုံ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

"အများဆုံး စီးနင်းသွားလာနေကြတဲ့ မော်တော်ဆိုင်ကယ်တွေကို ယာဉ်အန္တရာယ်ကင်းရှင်းဖို့၊ နှစ်ယောက်ထက်ပိုပြီးစီးနင်းခြင်း မပြုကြဖို့၊ ဆိုင်ကယ်စီးဦးထုပ်တွေဆောင်းပြီး စီးနင်းကြဖို့ မော်တော်ဆိုင်ကယ်တစ်စီးချင်းအလိုက် အသိပညာပေးဆွေးနွေးတာပါ။ အရေးယူခြင်း၊ ဒဏ်ငွေပေးဆောင်စေခြင်း မဟုတ်ပါဘူး"ဟု ယာယီမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးခင်မောင်တင့်က ပြောသည်။ **(၁၂၂)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှမသုံးရ

ရန်ကုန်တက္ကသိုလ်

၁၉၈၄-၈၅ ဘူမိဗေဒဘွဲ့ရ ကျောင်းသား/ကျောင်းသူများ၏

အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၃ခုနှစ်၊ မတ်လ ၃၁ရက်၊ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ညနေ ၅ နာရီ
ကျင်းပမည့်နေရာ - PANDA HOTEL (ပန်ဒါဟိုတယ်)
(ဝါးတန်းလမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်)

အောက်ပါသူငယ်ချင်းနှင့် အမြန်ဆုံးဆက်သွယ်ပေးကြပါရန်။

ကျော်ဌေးမင်း	၀၉-၅၁၀၀၅၃၄	နိုင်ဦး	၀၉-၅၁၀၁၃၈၀
သန်းဌေးဇော်	၀၉-၅၁၅၀၁၃၁	စိန်ဌေး	၀၉-၅၁၅၉၉၇၉
မောင်မောင်ထွေး	၀၉-၅၀၀၃၀၈၀	ထွန်းဆင့်	၀၁-၅၁၆၀၅၄
နီနီအေး	၀၉-၅၀၅၁၃၅၅	မြတ်မင်း	၀၉-၅၀၀၀၆၇၇
စုစုမာ	၀၉ ၇၃၀၈၁၉၁၈	ချယ်ရီကျော်	၀၉-၇၃၁၅၇၉၅၇

ဆောက်လုပ်ရေးဝန်ကြီးဌာန

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်းနှင့် ရွှေဂုံ(လင့်လမ်း)ထောင့်ရှိ ဧရိယာ(၂.၂၀၇)ဧက ကျယ်ဝန်းသော ရွှေဂုံအိမ်ရာစခန်းအား ခေတ်မီမြို့ပြဖွံ့ဖြိုးရေး အိမ်ရာစီမံကိန်းအဖြစ် ပြန်လည်ဆောက်လုပ်မည် ဖြစ်ပါသည်။

၂။ အဆိုပါ လုပ်ငန်းအတွက် ပြည်တွင်း နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၃၀-၄-၂၀၁၃ ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို ရုံးအမှတ် (၄၀)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းကြရမည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၆၇-၄၂၀၃၁၂ နှင့် ၀၆၇-၄၀၇၅၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

ဖခင်အမည်မှန်

မှော်ဘီမြို့နယ်၊ ရေသိုး(ဖူးကြီး)ရွာနေ မောင်ထက်ဝေလင်းနှင့် မောင်သက်ဝေလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦးဖြစ်ပါသည်။ **မောင်ထက်ဝေလင်း**
မောင်သက်ဝေလင်း

TOP ☎ : 243363
09 73201786

မုံလယ်သင်္ကြန်(၇)ရက်တရားစခန်း မိုးကုတ်ဝိပဿနာပြန့်ပွားရေး

မုံလယ်တောရမ္မရိပ်သာ၊ အမှတ်(၁)တိုက်ခွဲ၊ (၁၀)မိုင်ကုန်း၊ ပဲခူးတွင် သင်္ကြန်(၇)ရက်တရားစခန်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၃-၄-၂၀၁၃ ရက်မှ ၁၉-၄-၂၀၁၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ အသက်(၁၈)နှစ်နှင့်အထက် ကျန်းမာရေးကောင်းပြီး တရားစခန်းပြီးဆုံးသည်အထိ တရားစခန်းဝင်လိုသူများအား တရားစခန်းဝင်နိုင်ကြောင်း အသိပေးအပ်ပါသည်။

၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ယောဂီစာရင်း ကြိုတင်လက်ခံပါမည်။

ယောဂီဦးရေ ကန့်သတ်ထားပါသဖြင့် သတ်မှတ်ဦးရေသာ လက်ခံပါမည်။

တရားစခန်းဝင်ခွင့်ရယောဂီများသည် ၁၂-၄-၂၀၁၃ ရက်၊ နံနက် ၇ နာရီထက် မစော ညနေ ၄ နာရီထက် နောက်မကျစေဘဲ တရားစခန်းသို့ ရောက်ရှိရမည်။ သတ်မှတ်ရက်ထက်စော၍ ကြိုတင်လာရောက်ခြင်းကို လက်မခံပါ။ စခန်းဝင်ခွင့်ရယောဂီသည် အိပ်ရာလိပ်၊ အခင်း၊ အဝတ်အစားအပြည့်အစုံ၊ မှတ်ပုံတင်မူရင်းနှင့် ယောဂီတဘက်တို့ ပါရှိရပါမည်။ ဒုလ္လဘရဟန်း၊ သာမဏေနှင့် ဒုလ္လဘသီလရှင်များ လက်မခံပါ။

အကြောင်းစုံသိလိုပါက ဖုန်း-၀၉-၈၆၅၀၉၄၇၊ ၀၉-၄၂၅၀၁၅၉၁၅၊ ၀၉-၅၀၇၉၂၄၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တော်ဝင်ထွန်း + တော်ဝင်ထိဝ်ထား

March - 29, APR - 5, 12, 17.

Ph:095081576, 09423722000.

အရုဏ် မင်းခေါင်

ဇမ္ဗူဒီပ

တိုင်းပြု ပြည်ပြု သာသနာပြု
တနင်္လာနေ့တိုင်း ထွက်လာပြီ
အမှတ် (၁၁) ထွက်ပြီ

ဆက်သွယ်ရန် ဖုန်း - ၀၁ - ၂၂၆၀၄၃၊ ၀၉ - ၄၂၁၁၂၈၀၀၉၊ ၀၉ - ၈၃၁၄၂၃၈၉။

MCC Training Institute

(Yangon Campus)

"အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်သော --"

- B.Sc (Hons) Business IT (ကွန်ပျူတာ ဘွဲ့)
- Diploma in Computing (L5DC)
  International Advanced Diploma in Computer Studies
  (ဒုတိယနှစ် ကွန်ပျူတာ ဒီပလိုမာ)
- Diploma in Computing (L4DC)
  International Diploma in Computer Studies (IDCS)
  (ပထမနှစ် ကွန်ပျူတာ ဒီပလိုမာ)

Weekend Section (Sat - Sun only) Enroll Now!

Theingyi Zay Block (C), Ward(3 & 4), 3rd Floor, Tel: 01-245762, 249152, 246634, 395512.

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

သည်နေရာမှာမှ တွေ့ရန် ချိန်းလေသော စင်သီယာ့ကို အံ့ဩမိသည်။ နတ်ဆိုသည်ကိုတော့ မိမိရော စင်သီယာပါမယုံကြ။ သို့ရာတွင် သည်နေရာက မပေါင်းစပ်ခြင်း၏သင်္ကေတလက္ခဏာနေရာ၊ ဆုံလျက်ဆက်လျက်နှင့် မပေါင်းစပ်နိုင်ခြင်း၏ နိမိတ်ပုံလက္ခဏာကို ဆောင်သောနေရာ။ မြေညီလမ်းမှ ဂျစ်ကားလေးတစ်စီးလာနေသည်ကို လှမ်းမြင်ရ၏။

ဂျစ်ကားသည် တောင်ကုန်းအခြေတွင် ရပ်လိုက်၏။

ဂျစ်ကားပေါ်မှ စင်သီယာနှင့်အတူ မိန်းကလေးသုံးဦး ဆင်းလာကြသည်။ အသားဖြူဖြူနှင့် တစ်ဦးကား စင်သီယာ့အချစ်ဆုံးသူငယ်ချင်း မေမေခင်။ ကားကလည်း မေမေခင်တို့ကား၊ မောင်းသူကလည်း မေမေခင်တို့အိမ်မှ ဒရိုင်ဘာ။ စင်သီယာတို့တစ်သိုက်က ရေကန်များဆီသို့ လာကြသည်။

မြင့်နွယ်ကမူ ဖောင်တော်ဦးစေတီဘက် လျှောက်လာခဲ့သည်။ စေတီတစ်ဖက် အခြေချင်းပူးကာ ပေါက်နေကြသော ထန်းသုံးပင်ရိပ်မှ မြင့်နွယ်က ရပ်စောင့်နေသည်။

မကြာပါ ခြေသံလေးကို စကြားရသည်။ စေတီကွယ်မှ စင်သီယာပေါ်လာသည်။ ထန်းသုံးပင်ရိပ်မှ သူ့ကို မြင်သော် စင်သီယာသည် အပြေးလေးဝင်လာ၏။

သူကလည်း စင်သီယာ့ကိုယ်လေးကို ဆီးကြိုဖမ်းကာ ရင်ချင်းအပ်၍ ပွေ့ဖက်ထားလိုက်ရသည်။

စင်သီယာက ကလေးငယ်ပမာ သူ့ကို အငမ်းမရ မွှေးကြူသည်။ မျက်နှာကိုရော၊ လည်ပင်းကိုရော၊ ပခုံးကိုရော၊ လက်မောင်းတွေကိုရော။ သူကတော့ ညင်သာစွာ တုံ့ပြန်သည်။ စံပယ်ပန်းနုနုလို လှသူလေးမို့ စံပယ်ပန်းနုနုကို ယုယရသည်သို့ ညင်သာစွာတုံ့ပြန်ရသည်။

မြက်ပင်လေးတို့ ဝါဝါရွှေရွှေ ညှိုးနွမ်းနေသော ထန်းသုံးပင်ကြားမြေတွင် တစ်ဦး၏ခါးကို တစ်ဦးဖက်ရင်း ထိုင်ကြ၏။

"မောင်"

"စင်သီယာ"

"စင်သီယာတို့ ဘာလုပ်ကြမလဲ"

သူက မဖြေ။ ဖြေစရာမရှိ၍ မဟုတ်၊ သူဖြေမည့် စကားကို ချစ်သူလေး နားဝင်စေဖို့ စကားလုံးတို့ကို ရှာနေရသောကြောင့် ဖြစ်သည်။

"ပြောလေ မောင်၊ အဲဒီလိုကြီး ငိုင်မနေနဲ့၊ စင်သီယာတို့ ဘာလုပ်ကြမလဲ"

"စင်သီယာတို့ဖေဖေက အခုရာထူးတက်ပြီး ပြောင်းရမှာနော်"

"ဟုတ်တယ် တိုင်းမင်းကြီးနဲ့၊ မောင့်ကို ပြောပြပြီးပြီ ဟာပဲ"

"ဝမ်းသာစရာကိစ္စပါကွယ်၊ စင်သီယာ ဝမ်းသာရမယ့်ကိစ္စနော်"

"ဒါပဲပြောနေတယ်၊ မောင်နဲ့ ခွဲသွားရမှာတော့ ထည့်မပြောဘူးလား၊ အဲဒါကို စင်သီယာက ဝမ်းသာရမှာလား"

"တစ်နေ့ စင်သီယာနဲ့ မောင် ခွဲကြရမယ်ဆိုတာ မောင်ပြောမထားဘူးလား၊ အစကတည်းက မောင်တို့ စွန့်ချစ်ကြရတာ၊ အဆိုးဆုံးကြုံလာရင် မတုန်လှုပ်ကြစတမ်းလို့ မောင်တို့ ကတိမထားခဲ့ကြဘူးလား၊ အခုဟာက အဆိုးဆုံးမဟုတ်သေးပါဘူး စင်သီယာရယ်"

"မောင့်အတွက်တော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ မောင်က နှလုံးမာတဲ့လူ၊ မောင့်နှလုံးက အပြင်က ပျော့ပျော့လေးလိုနဲ့ အတွင်းသားက သံမဏိကြီး၊ ဒါကို အစကတည်းက စင်သီယာ သိပါတယ်လေ၊ သိလို့လည်း မောင့်ကို ချစ်သာချစ်ရတယ်၊ စင်သီယာ ကြောက်တယ်၊ မောင့်ကို သိပ်ကြောက်တယ်"

"မောင့်နှလုံးက နုပါတယ် စင်သီယာ၊ အထူးသဖြင့် စင်သီယာဆိုတဲ့ အလှလေးနဲ့ပတ်သက်လာရင် မောင့်နှလုံးက သိပ်နုတယ်၊ စင်သီယာထင်ထားတာထက် နုတယ်၊ မောင့်ကိုယ်မောင် အသိဆုံးပါ စင်သီယာ၊ ဒါပေမယ့် မောင့်မှာ အသိဉာဏ်ရှိတယ်၊ စင်သီယာ့မှာလည်း အသိဉာဏ်ရှိပါတယ်"

" မရှိဘူး စင်သီယာ့မှာ ဘာမှမရှိတော့ဘူး၊ မောင့်ကို ချစ်တာပဲ ရှိတယ်၊ မောင်နဲ့ စင်သီယာ မခွဲချင်ဘူး၊ ဒီမှာ မောင်. . ."

"ဘာလဲ စင်သီယာ"

"စင်သီယာ ဆုံးဖြတ်ပြီးပြီ၊ အဲဒါကို အေးအေးဆေးဆေးပြောချင်လို့ မောင့်ကို ဒီမှာ ချိန်းတာ၊ မောင်နားထောင်မယ် မဟုတ်လား"

"ပြောပါ စင်သီယာ"

"အခု မက်ထရစ်အောင်ရင် မောင် တက္ကသိုလ်ကို ဆက်မသွားနိုင်ဘူးနော်"

သူက လေးပင်စွာ ခေါင်းညိတ်ပြသည်။

"မောင် တက္ကသိုလ်ကို သွားနိုင်ရင် အကောင်းသားပေါ့၊ အခု ခဏခွဲကြရမယ်၊ တက္ကသိုလ်မှာ ပြန်ဆုံတွေ့မယ်၊ အခုကတော့ စင်သီယာတို့ ရာသက်ပန် ခွဲကြရမလိုဖြစ်နေပြီ၊ ဒါကြောင့်လေ စင်သီယာစဉ်းစားထားတယ်"

"ဘယ်လို စဉ်းစားထားသလဲ"

"စင်သီယာနဲ့ မောင် လက်ထပ်လိုက်ကြရအောင်"

"အို . . . လက်ထပ်လိုက်ကြရအောင်"

"စင်သီယာတို့ ရန်ကုန်ပြေးကြမယ်၊ ဟိုကျတော့ ရုံးတစ်ခုခုမှာ လက်ထပ်ကြတာပေါ့၊ ပြီးတော့လေ စင်သီယာက အလုပ်ထွက်လုပ်မယ်၊ မောင်က ကျောင်းတက်၊ တက္ကသိုလ်တက်"

စင်သီယာ၏ စေတနာက သူ့ရင်ကို နင့်အောင်လာခိုက်သည်။ ချစ်နိုင်ရှာသူလေး၏ ခါးကို တင်းအောင်ဖက်လိုက်မိသည်။

စင်သီယာက သူ့ကို ပြုံးပြုံးလေးကြည့်သည်။ ချစ်ခြင်း၊ မျှော်လင့်ခြင်းတို့ဖြင့် ကြည့်သည်။

"နော် . . . မောင်၊ စင်သီယာ့အကြံ မကောင်းဘူးလား"

မပြုရက်ပေမယ့် သူက ခေါင်းကို ဖြည်းညင်းစွာ ခါပြမိ၏။

"အို . . . ဟင် . . . မောင်က သဘောမတူဘူး"

"မတူဘူး စင်သီယာ၊ စင်သီယာ့ကို ချစ်လွန်းလို့ မောင်သဘောမတူပါရစေနဲ့၊ မောင်ရှင်းပြမှာကို နားထောင်နော်၊ စင်သီယာက မောင့်ကိုချစ်တယ် မောင့်ကိုယုံတယ်၊ ဘယ်တော့မှ မောင့်ကို အထင်မလွဲဘူး၊ မောင် တစ်ခါက ပြောပြဖူးတဲ့ ဒီပက်ရာဇ် မင်းကြီးရဲ့ သမီးတော်က ဘုရားလောင်း နွားကျောင်းသားကို ချစ်တဲ့အချစ်မျိုးနဲ့တောင် စင်သီယာ့အချစ်ကို မောင်နှိုင်းတယ်၊ စင်သီယာရဲ့ မြင့်မြတ်ဖြူစင်တဲ့ အဲဒီအချစ်ကို ယုံလို့ပဲ မောင်ပြောပြမယ်၊ စင်သီယာနားထောင်နော်"

> "သွေးပူပူနဲ့ မဆင်ခြင်မိတာကို အချစ်စစ်နဲ့ ယောင်ယောင်မှားမှား မရောထွေးချင်ဘူး၊ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရ၊ ချစ်တာချစ်တာ ပဓာနဆိုတဲ့ သီချင်းကို မောင်လည်း ခဏခဏ ဆိုဖူးတယ်၊ ဒါပေမယ့် ဒီသီချင်းကို တဲအိုပျက်မှာ မနေဖူးသူတွေက နှစ်သက်ကြတယ် ထင်တာပဲ၊ တဲအိုပျက်မှာ နေရရင်လေ အဲဒီအချစ်ဆိုတာဟာလဲ အိုပြီး ပျက်သွားလိမ့်မယ်"

စင်သီယာသည် လူကြီးအချော့ခံရသော ကလေးငယ်ပမာ အားပျော့သော မျက်လုံးလေးများနှင့် ခေါင်းညိတ်ပြရှာ၏။

"နှလုံးသား ဗွေဖောက်တာကို မတားနိုင်လွန်းလို့ စင်သီယာ့ကို မောင်ချစ်ပြီး စင်သီယာ့အချစ်ကို မောင်ရအောင်ယူခဲ့ရပေမယ့် မောင် လိပ်ပြာမသန့်ဘူး၊ မောင်နဲ့တွေ့တော့ စင်သီယာက ငယ်ငယ်လေး ရှိသေးတယ်၊ စင်သီယာ့ထက် မောင် လပိုင်းသာ အသက်ကြီးတယ်ဆိုပေမယ့် အမှန်တော့ မောင်က အသိပိုကြီးတယ်၊ မောင့်ဘဝ မောင့်အတွေ့အကြုံကြောင့် မောင်က အရွယ်ငယ်ငယ်နဲ့ စိတ်သက်က ကြီးနေရသူပါ၊ စင်သီယာ ငယ်ငယ်ကို မောင် သွေးဆောင်မိလေသလားလို့ မောင် အမြဲတမ်း သံသယဝင်နေမိတယ်"

" အို . . . အဲဒါတော့ မဟုတ်ပါဘူး၊ မောင့်ကိုလေ စင်သီယာက အရင်ချစ်ရတာ၊ မောင့်ကို သနားတယ်၊ ပြီးတော့ ချစ်တယ်၊ မောင် ပြောင်းပြန်မပြောနဲ့"

"ထားပါတော့ စင်သီယာ၊ မောင့်သံသယကို ပြောပြရတာ၊ ဒါပေမယ့် မောင် အမြဲသတိထားတယ်၊ မောင့်စိတ်ကို မောင် အမြဲတမ်း ခွဲခွဲခြားခြားကြည့်တယ်၊ လှတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့လည်း စင်သီယာ့ကို မချစ်ဘဲမနေနိုင်လို့ မောင်ချစ်ရပါတယ် စင်သီယာ၊ အပြစ်ကင်းသူ၊ မောင့်အပေါ် စေတနာထားသူလေးမို့လည်း စင်သီယာ့အပေါ် မောင်ဖြူစင်တဲ့ မေတ္တာသန့်သန့်ကို ထားရပါတယ်၊ မောင့်အချစ်ဟာ ဟောဒီက ရေကြည်ရေနောက်လိုပါ၊ နှစ်ခုဟာ ဆက်စပ်လို့တော့နေတယ်၊ ဒါပေမယ့် မရောပါဘူး စင်သီယာ၊ တပ်မက်မှုနဲ့ မေတ္တာဟာ ယှဉ်နေပေမယ့် မရောပါဘူး"

"မောင်နော် လွမ်းအောင် သိပ်အပြောကောင်းတယ်၊ စင်သီယာ ငိုလိုက်မယ်နော်"

"မငိုပါနဲ့ စင်သီယာ၊ မောင့်စကားကြောင့် စင်သီယာ စိတ်ချမ်းသာပါစေ၊ ရေကြည်ကန်က ရေခပ်ပေးသလို မေတ္တာဘက်က စကားနဲ့ပဲ မောင်ပြောပြမယ်၊ စင်သီယာ့အကြံအတိုင်း မောင်တို့ လက်ထပ်လိုက်ကြတယ် ဆိုပါတော့၊ စင်သီယာ့ကို မောင် ဆင်းရဲခြင်းဆီ ဆွဲခေါ်ရတော့မယ်၊ အဲဒါကို မောင်မလုပ်နိုင်ဘူး စင်သီယာ၊ ငယ်တုန်း၊ လှတုန်း အစစပြည့်စုံတုန်းမို့ ဒီအချိန်မှာ ပျော်ရွှင်ခြင်းကလွဲပြီး ဘာကိုမှ မသိရမယ့် စင်သီယာ့ကို အခုလောက် စိတ်ဒုက္ခပေးမိတာပဲ မောင်လွန်လှပါပြီ"

"မောင်က ခေါ်တာမဟုတ်ဘူး၊ စင်သီယာကခေါ်တာ၊ တကယ်ချစ်ရင် အဆင်းရဲခံဝံ့ရတယ်၊ နို့မို့ဆိုရင် အချစ်စစ်ဆိုတာ ဘယ်ရှိတော့မလဲ"

"သွေးပူပူနဲ့ မဆင်ခြင်မိတာကို အချစ်စစ်နဲ့ ယောင်ယောင်မှားမှား မရောထွေးချင်ဘူး၊ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရ၊ ချစ်တာချစ်တာ ပဓာနဆိုတဲ့ သီချင်းကို မောင်လည်း ခဏခဏ ဆိုဖူးတယ်၊ ဒါပေမယ့် ဒီသီချင်းကို တဲအိုပျက်မှာ မနေဖူးသူတွေက နှစ်သက်ကြတယ် ထင်တာပဲ၊ တဲအိုပျက်မှာ နေရရင်လေ အဲဒီအချစ်ဆိုတာဟာလဲ အိုပြီး ပျက်သွားလိမ့်မယ်၊ မြန်မြန်အိုပြီး မြန်မြန်ပျက်သွားလိမ့်မယ်၊ ဒီလိုဆိုလို့ ရွှေဘုံပေါ်မှာစံမှ အချစ်စစ်ဟာ မြဲမယ်လို့လည်း ပြောနေတာ မဟုတ်ဘူး၊ ရွှေဘုံဆိုတာ မိုးတိမ်ထဲမှာ၊ တဲအိုဆိုတာ နွံထဲမှာ၊ မြေပေါ်မှာ နေသာတဲ့ အိမ်တွေလည်းရှိပါတယ်၊ အနည်းဆုံး အဲဒီအိမ်လောက် နေနိုင်ကြမှ ချစ်တာကို ပဓာနပြုကြရရင် ကောင်းမယ် စင်သီယာ၊ အဲဒါက စင်သီယာ့အတွက် မောင့်စေတနာပါ၊ ပြီးတော့ လက်တွေ့ အခက်အခဲတစ်ခုကိုလည်း မောင်ပြောပြဦးမယ်၊ ဒီနေ့ပဲ တဲအိုပျက်က အိုပြီး ပျက်သွားတဲ့ အချစ်တစ်ခုကို မောင် ရင်နင့်နင့်နဲ့ တွေ့ခဲ့ရတယ်"

"အို. . . မောင်တွေ့ခဲ့ရတယ်၊ ဘယ်မှာလဲ"

"မောင် တကယ်နေရတဲ့ တဲအိုပျက်က ဇာတ်လမ်းပါ စင်သီယာ၊ ဒီနေ့ပဲ မောင့်အမေဟာ သူ့ယောကျ်ားနဲ့ ခွဲပြီး ရွာကို ပြန်သွားရပြီ၊ ကိုအောင်ဘမှာက အငယ်အနှောင်း ရှိနေပြီကိုး၊ မောင့်အမေက ကျန်းမာရေးကလည်း မကောင်းဘူး၊ အရွယ်ကျလို့ ရုပ်ရည်ဆိုတာကလည်း မရှိတော့ဘူး၊ ပစ္စည်းဆိုတာကလည်း နတ္ထိ၊ အဲဒီတော့ ချစ်တယ်ဆိုတာတွေ အိုပြီးပျက်သွားရပြီပေါ့"

(ဆက်လက်ဖော်ပြပါမည်)

စင်ကာပူနိုင်ငံ နည်းပညာသိပ္ပံ ITE မှ အောင်လက်မှတ်ပေးအပ်ပြီး
စင်ကာပူအစိုးရမှ Low Levy အသိအမှတ်ပြုသည့်
General Fitter သင်တန်း
သင်တန်းပြီးလျှင် စင်ကာပူနိုင်ငံရှိ Process Industry တွင် အလုပ်ရမည်။

သင်တန်းကာလ - (၂-လခွဲ)	လစာ - S$ 400+OT+100
ပညာအရည်အချင်း - (၈)တန်း နှင့် အထက်	ရာထူး - General Fitter
အသက် - (၁၈ မှ ၃၂) နှစ်	နေစရာ နှင့် အလုပ် (သွား/ပြန်) - အခမဲ့

ISO 9001 : 2008 လက်မှတ်ရ
သူခစ်
Quality Summit
ပြည်တွင်း-ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ
စင်ကာပူနိုင်ငံ ITE လက်မှတ်ရ စက်မှုလက်မှု သင်တန်းကျောင်း
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး (၃၉-လမ်းထောင့်)၊ တိုက်အမှတ် (၅၀၆)၊ ကျောက်တံတားမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - (၀၁) ၃၇၇ ၃၅၃ ၊ ၃၇၇ ၃၅၆ ၊ ၃၈ ၅၇ ၅၈ ၊ ၃၈ ၆၈ ၇၇ ၊ ၃၉ ၂၂ ၃၃

ဦးဘညိန်သား-စတုမဓူ အစာအာဟာရဆေး
ကျေးမွှာ
ရဟန်းခံ၊ ရှင်ပြု၊ လှူဒါန်းပွဲ အမြဲသူကပါ။
အမှတ်-၂၈၊ မြောက်ဘက်တန်း(အပေါ်ထပ်)ဒိုလ်ချုပ်စျေး ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၃၁၀၆
1010YR003261

မော်ဒယ်မြင့်ကားများအတွက် ကွန်ပျူတာဘောက်သင်တန်း
အမှတ်စဉ် (၁၄)(၁၅)(၁၆) ပိုမှန်တန်းခွဲသစ်များကို
မတ်လ ၂၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်
အကြိုမိတ်ဆက်နှစ်ရက် (အခမဲ့) သင်တန်းကိုအပတ်စဉ်စနေ၊ တနင်္ဂနွေ
နေ့များတွင် ဖွင့်လှစ်လျက်ရှိပါသည်။ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။
Engine Doctor Engineering
No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

အလှူတော်မင်္ဂလာများနှင့် သံဃာတော်များအတွက် ဝိနည်းတော်နှင့်ညီသည့် လှူဖွယ်ပစ္စည်းမျိုးစုံ တစ်နေရာတည်း ပြီးပြည့်စုံစွာ ဝယ်ယူရရှိနိုင်သည့် ရွှေတိဂုံဘုရားအရှေ့မုခ်အနီးက

အလှူရှင်များအတွက် တစ်စုတည်းသော ဈေးဝယ်စင်တာ (One-Stop Donor Mart)

"မြန်မာဘစ်ရှော့ ဈေးဝယ်စင်တာ"

ရဟန်းခံ-သိက္ခာထပ်-ရှင်ပြု-သီလရှင်ဝတ် အထူးဈေးရောင်းပွဲတော်

နေ့စဉ် နံနက်(၉)နာရီမှ ည(၁၀)နာရီထိ ပိတ်ရက်မရှိ

မြန်မာဘစ်ရှော့စင်တာရှိ အရောင်းဆိုင်များ

၁။ ဇောတိက (၁၀)
၂။ Myanmar Handicraft Shop
၃။ Big Shops Supermart
၄။ Tha Aung Bookstore ❖ ... CD, Tape, DVD ရရှိနိုင်သည့် 'သာအောင်' စာအုပ်ဆိုင်
၅။ Beauty All - Fashion Corner ❖ ... (Men & Ladies)
၆။ Healthy All Pharmacy

အရက်ဘီယာ၊ စီးကရက် (လုံးဝ) မရောင်းပါ။

အမှတ်(၅၅)၊ ရေတာရှည်လမ်းထောင့်၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၅၄၇၀၊ ၃၇၅၄၇၃၊ ၅၅၂၀၂၊ ၅၅၉၂၅ E-mail : mbssmart@gmail.com 'ဇောတိကကုမ္ပဏီမှ ဖွင့်လှစ်ပါသည်'

ရိုးရာရွှေထိုးဝိဂြိုဟ်း (ဗေဒင်ဗေဒင်ဂလား)

ဦးလှဝေ + ဒေါ်ဝင်းမြင့်လွင်

ရိုးလုံ (၁) - အမှတ် (S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။
☎- ၂၀၀၇၄၇ (Ext.)၂၀၀၈၊ ၀၉-၄၅၀၀၅၁၃၁၃
ရိုးလုံ (၂) - ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား အမှတ် (F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။
၀၉-၇၃၇၇၇၄၄၄၊ ၂၀၀၇၄၇ (Ext.) ၂၈၀၀
ရိုးလုံ (၃) - (ပလတ်တီနမ်ဆိုင်) ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား (C-5)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ၀၉-၄၃၇၇၇၄၄၄
ချမ်းလုံ ရွှေဆိုင် - ဒေါက်တာတင်အောင်ဝေ+ဒေါက်တာချောစုငယ် အမှတ် (C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။
☎၀၉-၇၃၁၀၃၀၉၀၊ ၀၁-၂၀၀၇၄၇ (Ext.)၂၂၂၅
ချွန်းလုံ ရွှေဆိုင် - ကိုဘုန်းကျော်ဝေ+မငုဝင်းသိန်း H - 10၊ ယုဇနပလာဇာ(ပထမထပ်)
☎၀၉-၇၃၀၅၃၁၀၁၊ ၀၁-၂၀၀၇၄၇ (Ext.)၂၈၈၀

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ မယဉ်ယဉ်ထွန်း[၁၂/သကတ(နိုင်)၁၄၀၄၆၂]နှင့် မယဉ်မေထွန်းတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မယဉ်ယဉ်ထွန်း(ခ)မယဉ်မေထွန်း

မြေကွက်အမြန်ရောင်းမည်

တောင်ဒဂုံမြို့၊ ဓမ္မဒူတကျောင်းရှေ့၊ မြေ ၁. ၇၅ ဧက၊ ၂၄ မျိုး ရော်ဘာအပင် ၄၂၀ (၆နှစ်သား) မီတာပါ၊ ညှိနိုင်းဈေး။

ဖုန်း-၀၉၅၁၂၈၆၀၉၊ ၀၉ ၇၃၂၂၅၆၉၂

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊နိဗ္ဗာန်လမ်း၊ အမှတ် (၄၀)၊ ၇-လွှာနေ မတင်နွယ်ဝင်း[၅/ကလန(နိုင်)၀၃၃၀၁၈]၊ မတင်နွယ်လင်း[၅/ကလန(နိုင်)၀၃၃၈၅၅]၊ မောင်သက်ဇော်ဖြိုး[၁၂/ကမတ(နိုင်) ၀၆၉၅၀၇]၊ မခိုင်ဇာနှင်း[၁၂/ကမတ(နိုင်) ၀၇၈၃၉၈]၊မောင်ထက်လှိုင်ထွန်း [၁၂/ကမတ(နိုင်) ၀၆၇၉၆၇] မခိုင်ဇင်သက် [၁၂/ကမတ(နိုင်) ၀၆၇၉၉၁] တို့၏ ဖခင်အမည်မှန်မှာ ဦးချိုသင်း(ခ) ဦးခင်မောင်သင်း [၅/စကန(နိုင်)၀၁၄၅၈၄] ဖြစ်ပါသည်။

နွေရာသီ အခြေခံ/အဆင့်မြင့် ရေကူးသင်တန်းများနှင့် စနေ၊တနင်္ဂနွေ

အထူးသီးသန့်ရေကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါပြီ။

အထူးအစီအစဉ်-

ရေကူးပြိုင်ပွဲကျင်းပပေးမည်။ ထိုက်တန်စွာဆုချီးမြှင့်မည်။ အမျိုးသမီးများအတွက် မြန်မာ့လက်ရွေးစင် (မနှင်းနှင်းအိ)ကိုယ်တိုင်သင်ကြားပေးမည်။

**တက္ကသိုလ်ရေကူးကန်(အင်းယားလမ်း)၊ စိမ်းလန်းစိုပြေရေးပန်းခြံအနီး
ဖုန်း-၀၉ ၇၃၁၀၅၂၇၆၊ ၅၂၅၈၉၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာနရှိ Frame-5 Turbine Rotor (၂)ချောင်း ပြုပြင်ခြင်းလုပ်ငန်းအား နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	-	၂၈-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	-	၂၉-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂**

ဆီးချို၊ သွေးချို ပျောက်စေလို

"ချက်ခြင်းသောက် ဘာကျိုးသက်ရောက်မှုမြန်ရမည်။"

သဘာဝသုခ

ဖြန့်ချိရေးဗဟိုဌာန- အမှတ်(၃၃)၊ မြကန်သာ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့။
TEL : 09-730 71133, 09-730 81817
မင်္ဂလာဆိုင်ခွဲ - အမှတ်A-7၊ ... ရန်ကုန်မြို့။
TEL:01-9000929, 09-5098512, 01-206206(Ext:)1007
မန္တလေး(ဆိုင်ခွဲ) - ... မန္တလေးမြို့။ TEL : 02-66178

နွေရာသီမှာရေကူးသင်ကြစို့

ကန်တော်ကြီးရေကူးကန်နှင့် အပန်းဖြေစခန်း

သင်တန်းချိန် နံနက်(၆း၃၀ မှ ၈း၀၀ နာရီ)မသီးသန့် / ညနေ(၃း၀၀ မှ ၄း၃၀နာရီ)ကျား/မ
နံနက်(၇း၃၀ မှ ၉း၀၀ နာရီ)ကျား/မ / ညနေ(၄း၀၀ မှ ၅း၃၀နာရီ)မသီးသန့်
နံနက်(၈း၃၀ မှ ၁၀း၀၀နာရီ)ကျား/မ

သင်တန်းဖွင့်ရက် ၁.၄.၂၀၁၃ (April) (လူဦးရေကန့်သတ်ထားသည်)

ဗဟန်း(၃)လမ်းမှတ်တိုင်အနီး၊ ကန်တော်ကြီးဝင်းအတွင်း၊ ယောမင်္ဂလာ ☎ – 554266 , 553931

မူးလျှင်ရှူ၊ ဗောလျှင်သောက်

ရွှေမှုန်းမြင့်

အမှတ်တံဆိပ်

ပန်းပေါင်းစုံ ဖေးသွန်းဆေး

AGGA Travel & Tours Co., Ltd

IVECO = 19 Seaters
HIACE(G.L)= 14 Seaters
HIACE Limited = 7 Seaters
Alphard = 7 Seaters
Saloon = 4 Seaters

မြို့တွင်း/မြို့ပြင် ကားငှားမယ်ဆိုသတိရပါ

www.aggatravel.com www.facebook.com/aggatravel
Hot Line: 09 500 99 30, 09 4500 12695

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀ (က+ခ)၊ မြေကွက်အမှတ်-၁၉၊ မြေကွက်တည်နေရာအမှတ်-၁၉(က/ခ)၊ ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ် (ဦးဟုတ်ဝမ်၊ ဦးမောင်ကြည်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်များထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်လှလှမြင့်[၁၂/ကမရ(နိုင်) ၀၁၀၁၂၇] မှ ပါမစ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ လှိုင်မြို့နယ်ပိတောက်ချောင်းရဲတပ်ဖွဲ့စခန်း ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်စိုင်းမောင်မောင် [၁၂/သလန(နိုင်) ၁၂၄၇၄၃] သည် မိဘ၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးစန်းမောင်
[၁၂/သလန(နိုင်)၀၀၀၂၅၉]
ဒေါ်သင်းသင်းခိုင်
[၁၂/သလန(နိုင်) ၀၁၃၁၃၄]
အမှတ်(၂) မြို့မလမ်း၊ မြို့မမြောက်ရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း-၀၉-၇၃၀၈၄၅၂၂**

OD TOUR

Since 1997

သင်္ကြန်တွင်း ခရီးစဉ်များ အတွက် ကြိုတင်ဝယ်ယူနိုင်ပါပြီ။

- ကိုရီးယား - Apr 11
- ဇီယက်နမ် - Apr 11/13
- စင်ကာပူ၊မလေးရှား- Apr 12
- ဗန်ကောက်၊ကမ္ဘောဒီးယား - Apr 13
- ဗန်ကောက်၊အယုဒ္ဓယ၊ဖူးခက် - Apr 13
- ဗန်ကောက်၊အယုဒ္ဓယ၊ပတ္တရား - Apr 12
- ဟောင်ကောင်၊ကွမ်ကျိုး၊မကာအို - Apr 11,12
- မန္တလေး–ပုဂံ- Apr 12
- တောင်ကြီး၊မန္တလေး- Apr 12
- တောင်ကြီး–ပုဂံ- Apr 12/13
- ပုဂံ၊ရွှေစက်တော် - Apr 12/13
- အလောင်းတော်ကဿပ - Apr 12/13
- မော်လမြိုင်၊ကျိုက္ကမီ၊စက်စဲ - Apr 12
- မန္တလေး၊မုဆယ်၊ရွှေလီ၊မန်စီ - Apr 12/13
- မန္တလေး၊ပြင်ဦးလွင်၊မင်းကွန်း - Apr 13/18
- ပုဂံ၊ပုပ္ပါး၊ပနေ့ဘူ (သီဟိုဠ်ရှင်)- Apr 5/13/18
- တောင်ကြီး–အင်းလေး Mar 28, Apr 5/12/13/18

အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း: 01-536855, 526349, 504808, 523187
09-5108087, 09-5187045, 09-73022688

အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၃ ခုနှစ် မတ်လ ၂၃ ရက်တွင် နေပြည်တော် ပျဉ်းမနားမြို့၌ Palm Spring Executive Residence, Palm Spring Restaurant, Palm Spring Entertainment တို့အား အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

- Palm Spring Resort(Insein)
- Palm Spring Resort(Myitkyina)
- Triple Gems Bar and Restaurant
- White Knight Restaurant(Kamayut)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၆၉၀၊ မြေကွက်တည်နေရာအမှတ်(၆၉၀)၊ သစ္စာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးလှရီ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှရီ ကွယ်လွန်သဖြင့် ဒေါ်ခင်ကြည်[၁၂/ဥကတ(နိုင်)၀၅၁၀၄၉]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာ အမှတ် ၁၂၃၈(၂၃-၁-၁၃) ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်မြတ်သီတာလွင်[၁၂/မဘန(နိုင်)၀၅၂၇၉၂]မှ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂုဏ်ယူဝမ်းမြောက်သာဓုခေါ်ခြင်း

မောင်ငယ်အလှူ့ဒါယကာ ဦးချစ်နိုင်-ညီမငယ် အလှူ့ဒါယိကာမ ဒေါ်မိုးမိုးခိုင် မိသားစုမှ ၁၀-၃-၂၀၁၃ ရက်တွင် ပြုလုပ်ခဲ့သော ရှင်အပါး ၁၀၀ သာသနာပြုခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်စွာ သာဓု အနုမောဒနာခေါ်ယူ၍ ဆတက်ထမ်းပိုး သာသနာပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အစ်ကိုဦးကျော်မိုးထွန်း(မန်နေဂျင်းဒါရိုက်တာ-အစ်မ ဒေါ်ငုဝါဝါလှိုင် (ဒါရိုက်တာ)
စွမ်းတော်ဝင် ပြည်ပ အလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီလီမိတက်
Swann Royal Overseas Employment Agency
LB-4 မိုးမခလမ်း၊ မလိခ ဥယျာဉ်အိမ်ရာ၊ သယ်န်းကျွန်းမြို့နယ်

GOLDEN RICH
- တာချီလိတ်၊မယ်ဆိုင်(Apr12)
- မြဝတီ၊ မဲဆောက်(Apr13)
- တောင်ကြီး၊လွိုင်ကော် (Apr12)
- ထားဝယ်၊မောင်းမကန်(Apr12)

01-501518,09-420032688

TOP ☎ : 243363
09 73201786
(၂၄ နာရီ ဖုန်းဆက်လိုက်ပါလား!)

အိမ်၊ ခြံ၊ မြေ ဝယ်လိုသည်။
ဗဟန်း၊ ကမာရွတ်၊ မရမ်းကုန်း၊ ပြည်လမ်း၊ (၆) မိုင်၊ (၇) မိုင်၊ ရောင်းလိုသူပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
ဖုန်း - ၀၉ - ၇၃၂၀၀၆၂၆
၀၉ - ၅၁၄၉၉၆၅

နိုင်ငံသားစီးပွားရေးအာမခံအများပိုင်လီမိတက်

Finance Manager ကျား/မ (၁)ဦး
- B.Com , CPA ဘွဲ့ ရရှိပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅) နှစ်ရှိရမည်။
- Computer အသုံးပြုနိုင်ရမည်။
- အသက် (၃၅ မှ ၄၅) နှစ်အတွင်း ဖြစ်ရမည်။

လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၄. ၄. ၂၀၁၃) နေ့အထိ လာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ် (၅)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၆၇၂ ၁/၂)၊ အကျယ်အဝန်းပေ(၂၀ × ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ်(၆၇၂ ၁/၂)ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်ညို((ခ) ဒေါ်ပတ္တမြားခင်[၁၂/မဂတ(နိုင်)၀၃၁၁၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်သောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ၊ သက်ဆိုင်ပတ်သက်သူရှိသည်ဆိုပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊
၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၆၀၆၀၇

ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး

- ရာထူးနေရာမျိုးစုံအတွက်စိတ်တိုင်းကျ လျှောက်ထားနိုင်ပါသည်။
- လုပ်ငန်းရှင်များမှလည်း မိမိတို့လိုအပ်နေသောဝန်ထမ်းများကိုဆက်သွယ်ရွေးချယ်နိုင်ပါသည်။

CRANE

တိုက်(၁၆၆၊ခ)၊အခန်း(၇၊ခ)၊စမ်းချောင်းလမ်း
0973216922, 095094914, 518474

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၁၀၀)၊ အကျယ်အဝန်းပေ(၄၀ × ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ စိမ်းမြသာယာလမ်းနှင့် စိမ်းလဲ့သာယာလမ်းထောင့်၊ အမှတ်(၁၁၀၀)ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိန်လှိုင်[၁၂/ကမတ(နိုင်)၀၀၇၈၀၂]+၁၏ ကိုယ်စားလှယ်စာရသူ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်သောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ၊ သက်ဆိုင်ပတ်သက်သူရှိသည်ဆိုပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊
၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၆၀၆၀၇

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊ ခြံအမှတ်(၁၃၇)တွင်နေထိုင်သူ ဦးအောင်သန်း[၁၂/ဥကမ(နိုင်)၀၉၁၇၉၉] လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဇေတဝန်လမ်း၊ အမှတ်(၂၁)ဟု ခေါ်တွင်သော အိမ်နှင့်၎င်းအိမ်တည်ရှိရာ မြေကွက်တို့သည် ဦးမောင်သန်းနှင့်ဇနီး ဒေါ်စောခင်တို့ပိုင်ဆိုင်ခဲ့ကြသော အိမ်နှင့်မြေကွက်ဖြစ်ပါသည်။ ဦးမောင်သန်းသည် ၁၉၇၂ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သွားရာ ၎င်းအိမ်နှင့်မြေကို ဇနီးဖြစ်သူ ဒေါ်စောခင်က ဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်စောခင်သည် ၁၉၉၅ ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ ၎င်းပိုင်ဆိုင်ခဲ့သော အိမ်မြေတို့နှင့် စပ်လျဉ်း၍ ၎င်း၏တူအရင်းဖြစ်သူ ဦးအောင်သန်းက ဆက်ခံပိုင်ဆိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဇေတဝန်လမ်း၊ အမှတ်(၂၁)ဟုခေါ်သော အိမ်နှင့်မြေတို့ကို အမွေဆိုင်ဖြစ်သူ ဦးအောင်သန်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း စသည့်လွှဲပြောင်းခြင်းတစ်မျိုးမျိုးကို ပြုလုပ်ခြင်းမပြုကြရန် အသိပေးကြေညာလိုက်ပါသည်။

ဦးအောင်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးသောင်းလှိုင်ဦး
B.A., Dip.Ed.,R.L.,C.B.L(credit)., D.B.L. (Credit)
D.A.Psy., D.M.L.,D.I.L.,D.A.E (Credit)
D.O.S.,M.A (Musiness Law)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၂၀၃၂)
(ရုံး)အမှတ်(၅၀)၊ အခန်း(၉)၊ ဒု-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၃၁၀၆၄၉၈၊ ၀၉ ၄၅၀၀၀၉၂၁၂



ဖိတ်ကြားလွှာ

သဒ္ဓါကြည်လင်ပါရမီရှင်အလှူရှင်သူတော်ကောင်းအပေါင်းတို့

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရွာ၊ ရွာမပဋ္ဌိပတ္တိမဟာစည်သာသနာ့ရိပ်သာ တပ်ဦးကျောင်းအတွင်းရှိ ရွှေတိဂုံပုံတူစေတီနှင့် ရန်အောင်မြင် ဆုတောင်းပြည့် ကိုးနဝင်းစေတီတော်တို့အား ထီးတော်တင်မင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များနှင့် စိတ်ပါဝင်စားသူများ ကြွရောက်ကြည်ညို သဒ္ဓါပွားများနိုင်စေရန် ဖိတ်ကြားအပ်ပါသည်။

(က) ၂၆-၃-၂၀၁၃ရက် (တပေါင်းလပြည့်နေ့) နံနက် ၉း၀၀နာရီတွင် အရံစေတီ ၁၀၆ဆူ ထီးတော်တင်ခြင်းနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်လေးဆူ လိုဏ်ဂူတော်သို့ ပင့်ဆောင်ခြင်းအခမ်းအနား

(ခ) ၃၁-၃-၂၀၁၃ရက်(တပေါင်းလပြည့်ကျော်၅ရက်)နံနက်၇း၀၀နာရီတွင် ရန်အောင်မြင် ဆုတောင်းပြည့် ရှေးဟောင်းစေတီတော်နှင့် ရွှေတိဂုံပုံတူစေတီတော်တို့အား ထီးတော်တင်ခြင်းမင်္ဂလာ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာနှင့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနား ပင့်သံဃာ(၁၀၈)ပါးတို့အား သိမ်ဆင်းလောင်းလှူနိုင်ရန် နှိုးဆော်အပ်ပါသည်။

KMD Since 1998
Quality Management System ISO 9001:2008 လက်မှတ်ရ

University of Greenwich(UK)

၏ ပထမနှစ်ကွန်ပျူတာ Diplomaသင်တန်း

- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများတက်ရောက်နိုင်ပါသည်။
- ပထမနှစ်မှနောက်ဆုံးနှစ်အထိ KMD တွင်တက်ရောက်နိုင်သလို နိုင်ငံတကာ တက္ကသိုလ်များတွင် ဆက်လက် တက်ရောက်နိုင်ပါသည်။
- ပထမနှစ်အောင်မြင်ပါက NCC(UK) မှသီးခြား Diploma ကိုထပ်မံရရှိမည်ဖြစ်ပါသည်။
- On Job Training တက်ရောက်နိုင်သည်ဖြစ်၍ အလုပ်အတွေ့အကြုံပါ တစ်ပါတည်း ရရှိသွားမှာဖြစ်ပါသည်။

သင်တန်းဖွင့်မည့်ရက် – **29 March 2013 (Mon to Fri) 8:00AM - 11:30AM**

အမည်ပြောင်းခြင်း

အမက(၆)ကျောက်တံတား တတိယတန်း(က)နေ အဖ ဦးမျိုးအောင်၏သမီး မနန္ဒာအေးလှိုင်အား မနန္ဒာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

သိန်း(၂၀)ခန့် ကုန်ကျတဲ့ မြေငှားဂရန်ကိစ္စ ပြန်လည်ဖြေရှင်းတင်ပြချက်

၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက်ထုတ် Hot News သတင်းဂျာနယ် စာမျက်နှာ(၂)၊ ကော်လံ(၃)ပါ သိန်း(၂၀)ခန့် ကုန်ကျတဲ့ မြေငှားဂရန် ခေါင်းစဉ်ဖြင့် အယ်ဒီတာထံ အိတ်ဖွင့်ပေးစာ အခန်းကဏ္ဍတွင် "တိုင်းရင်းဆေးဆရာများ" အမည်သုံး၍ ဖော်ပြပါရှိခဲ့သည့် သတင်းအပေါ် သာကေတမြို့နယ်လုံးဆိုင်ရာ တိုင်းရင်းဆေးဆရာအသင်း၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းဝင်တိုင်းရင်းဆေး ဆရာများမှ ပြန်လည်ရှင်းလင်းတင်ပြအပ်ပါသည်။

၁၁-၅-၂၀၀၄ ရက်တွင် နိုင်ငံတော်အကြီးအကဲများမှ သာကေတမြို့နယ် တိုင်းရင်းဆေးဆရာအသင်းပိုင် အဆောက်အအုံကို ပန္နက်တင်မင်္ဂလာပြုလုပ်ပေး၍ ဆောက်လုပ်ခဲ့ရာ ၂၅-၁၁-၂၀၀၄ ရက်တွင် အဆောက်အအုံ ပြီးစီးခဲ့ပါသည်။ ယာယီလိုင်စင်မြေအမျိုးအစားမှ နှစ်(၆၀) ဂရန်ရရှိစေရန်အတွက် ၂၀၀၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ၊ တိုင်းရင်းဆေးဆရာကြီးများမှ အကြိမ်ကြိမ် ကြိုးစားဆက်လက်ဆောင်ရွက်လာခဲ့ရာ ၈-၉-၂၀၁၁ ရက်တွင် နှစ် (၆၀) မြေငှားဂရန် လက်ဝယ်ရရှိခဲ့ပါသည်။

ဂရန်ရရှိရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဘဏ္ဍာရေးနှစ်(၆)နှစ်စာ အကြွေးကျန် (၁၀၈၀၀၀၀) ငွေကျပ်ဆယ်သိန်းရှစ်သောင်းကျပ်နှင့် ဂရန်ဝန်ဆောင်စရိတ် (၂၇၀၅၀၈) ငွေကျပ်နှစ်သိန်းခုနစ်သောင်းငါးရာ့ရှစ်ကျပ်) စုစုပေါင်း(၁၃၅၀၅၀၈)ငွေကျပ် ဆယ့်သုံးသိန်းငါးသောင်းငါးရာ့ရှစ်ကျပ်တိတိပေးသွင်းရပါသည်။ နှစ်(၆၀)ဂရန်ရရှိရေးအတွက် တိုင်းရင်းဆေးဆရာကြီးများအနေဖြင့် ရုံးကိစ္စအတွက် အကြိမ်ကြိမ်သွားလာစရိတ်ကုန်ကျငွေမှာ (၅၂၉၂၅၀) ငွေကျပ် (ငါးသိန်းနှစ်သောင်း ကိုးထောင့်နှစ်ရာ့ငါးဆယ်ကျပ်)တိတိဖြစ်ပါသည်။ (၁၄-၇-၂၀၁၂) ရက်တွင် ကျင်းပပြုလုပ်သော မြို့နယ်သင်းလုံးကျွတ်အစည်းအဝေးတွင် အသင်းသား (၇၅%) ဗဟိုအသင်းဥက္ကဋ္ဌနှင့် တိုင်းအသင်းဥက္ကဋ္ဌကြီးများ ရှေ့မှောက်တွင် အတည်ပြုထားသော ငွေစာရင်းရှင်းတမ်းဖြစ်ပါသည်။

အယ်ဒီတာထံပေးစာတွင် ပါရှိသော "တိုင်းရင်းဆေးဆရာများ" ဟုဖော်ပြထားသူများမှာ အမှန်တကယ် အသင်းကိုယ်စားပြုသူ တိုင်းရင်းဆေးဆရာအသင်းဝင်များ မဟုတ်ဘဲ အသင်း၏ ပျက်စီးရာ၊ ပျက်စီးကြောင်း ရှေ့ရှု၍ အသင်းသူ/အသင်းသားများအား စိတ်ဝမ်းကွဲပြားအောင် လုပ်ဆောင်နေသူများသာဖြစ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဂုဏပူဇာသဘင်ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ မြို့မ ၂ရပ်ကွက်၊ ထန်းတပင်လမ်း၊ ဇမ္ဗူထိပ်မဟာအတုလ ရွှေကျောင်းတိုက်ကြီး ပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ (ပထမကျော်)သည် သထုံမြို့၊ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ကြီးမှူးကျင်းပသော (၈၇)ကြိမ်မြောက် စာမေးပွဲကြီးတွင် ခုနစ်ဆင့်၊ ခုနစ်တန်းလုံးကို အပြီးတိုင် အောင်မြင်တော်မူပါသဖြင့် ၇-၃-၂၀၁၃ ရက်တွင် ယင်းအသင်းကြီးမှ ဆက်ကပ်အပ်သော ပိဋကတ္တယ ပါရဂူ ခံယူရရှိတော်မူပြီးဖြစ်ပါသည်။ ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကလည်း ၃၁-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်ထပ်ဆင့်ပြီး ဂုဏပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ စာသင်တပည့်များ တပည့် ဒါယကာ၊ ဒါယိကာမများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် - ဖုန်း-၀၁-၆၂၀၅၁၈ — **ဂုဏပူဇာသဘင်ဖြစ်မြောက်ရေးအဖွဲ့**
၀၉-၄၂၀၀၃၇၇၀၁
၀၉-၄၂၀၁၉၈၁၁၀
၀၉-၅၀၅၆၈၉၁

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
(၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

(၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်

ပထမနေ့အစီအစဉ်

(က) ကျင်းပမည့်နေ့ — ၂၇-၄-၂၀၁၃ရက် (စနေနေ့)
(ခ) ကျင်းပမည့်အချိန်
(နံနက်ပိုင်းအစီအစဉ်) — (၁) နံနက် ၉ နာရီ
- မဟာသုတေသနဘွဲ့အားလုံး
- မဟာဘွဲ့/မဟာဥပဒေဘွဲ့အားလုံး
- ဝိဇ္ဇာဘွဲ့
  အင်္ဂလိပ်စာ၊ နိုင်ငံတကာဆက်ဆံရေးပညာ
- သိပ္ပံဘွဲ့
  ရူပဗေဒ၊

(မွန်းလွဲပိုင်းအစီအစဉ်) — (၂) မွန်းလွဲ ၂ နာရီ
- ဥပဒေဘွဲ့
- ဝိဇ္ဇာဘွဲ့
  ပထဝီဝင်၊ ဒဿနိကဗေဒ
- သိပ္ပံဘွဲ့
  သတ္တဗေဒ၊ ဘူမိဗေဒ၊ Biotechnology

ဒုတိယနေ့အစီအစဉ်

(က) ကျင်းပမည့်နေ့ — ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့)
(ခ) ကျင်းပမည့်အချိန်
(နံနက်ပိုင်းအစီအစဉ်) — (၁) နံနက် ၉ နာရီ
- ဂုဏ်ထူးဘွဲ့များအားလုံး
- ဝိဇ္ဇာဘွဲ့
  မြန်မာစာ၊
  စာကြည့်တိုက်နှင့်သုတပညာ
- သိပ္ပံဘွဲ့
  သင်္ချာ၊ ရုက္ခဗေဒ၊

(မွန်းလွဲပိုင်းအစီအစဉ်) — (၂) မွန်းလွဲ ၂ နာရီ
  ဝိဇ္ဇာဘွဲ့
  သမိုင်း၊ စိတ်ပညာ
- သိပ္ပံဘွဲ့
  ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ

၂။ ကျင်းပမည့်နေရာ — ဘွဲ့နှင်းသဘင်ခန်းမ
ရန်ကုန်တက္ကသိုလ်

၃။ အစမ်းလေ့ကျင့်ခြင်းနေ့ရက် — ၂၅-၄-၂၀၁၂ရက် (ကြာသပတေးနေ့)
အချိန် နံနက် ၉ နာရီ
ပထမနေ့ဘွဲ့ယူမည့်သူအားလုံး
နေရာ — မွန်းလွဲ ၂ နာရီ
ဒုတိယနေ့ဘွဲ့ယူမည့်သူအားလုံး
ဘွဲ့နှင်းသဘင်ခန်းမ
ရန်ကုန်တက္ကသိုလ်

၄။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို (၂၀၁၁-၂၀၁၂)ပညာသင်နှစ် ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော (နောက်ဆက်တွဲစာမေးပွဲများအပါအဝင်) ဂုဏ်ထူးဘွဲ့များအားလုံး၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စသည့်သင်တန်းအသီးသီးကို အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဘွဲ့လွန်သင်တန်းများဖြစ်သည့် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့၊ မဟာဥပဒေဘွဲ့ စသည့်သင်တန်းများကို အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့တက်ရောက်ယူခွင့်/အဝေးရောက်ဘွဲ့ယူခွင့် လျှောက်ထားခြင်း မရှိခဲ့သူများ သည် ယခုဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ယူခွင့်သာ လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင် တက်ရောက်/အဝေးရောက်ဘွဲ့ လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား တင်ပြတောင်းယူလျက် ဓာတ်ပုံ(၂'×၁½')အရွယ်(၂)ပုံ ပူးတွဲကာ ဘွဲ့တက်ရောက်ယူမည့်သူများသည် ကျပ် ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူမည့်သူများသည် ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း၊ ငွေလက်ခံဌာနသို့ ပေးသွင်းလျှောက်ထားကြရမည်။

၆။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို **"ငွေလက်ခံဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ သန်လျင်မြို့"**လိပ်မူ၍ စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့ပြီး အောက်ခြေတွင် **"လျှောက်လွှာရှင်အမည် ဘွဲ့ရစာမေးပွဲ အောင်မြင်သည့်ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာ၊ တက္ကသိုလ်အမည်"** စသည်တို့ကို တိကျစွာဖော်ပြရမည်။

၇။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မှတ်ပုံတင်ငွေပို့လွှာဖြင့် လျှောက်ထားခြင်းကို လုံးဝခွင့်မပြုပါ။

၈။ ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းခြင်းကို **၂၀-၃-၂၀၁၃ ရက်မှ ၁၁-၄-၂၀၁၃ ရက်အထိ (ရုံးပိတ်ရက်မပါ) ရုံးချိန်အတွင်း** လျှောက်ထားနိုင်ပါသည်။

၉။ ဘွဲ့ဝတ်စုံများကို ၂၃-၄-၂၀၁၃ ရက်မှစတင်၍ ရန်ကုန်တက္ကသိုလ်၊ အပန်းဖြေရိပ်သာတွင် ရုံးချိန်အတွင်း ထောက်ခံစာတင်ပြ၍ ငှားရမ်းထုတ်ယူနိုင်ပါသည်။

၁၀။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများဖြစ်သည့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ၊ မြန်မာတိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ မြန်မာတိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ရမည်။ မြန်မာယဉ်ကျေးမှုနှင့် မဆီလျော်သည့် ဝတ်စားဆင်ယင်မှုများကို လုံးဝခွင့်ပြုမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိရှိလိုပါက ၎င်းတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်၊ ဌာနတယ်လီဖုန်းအမှတ်-၀၅၆-၂၁၈၆၁၊ ၀၅၆-၂၁၈၆၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(အောအောညွှန့်)မော်ကွန်းထိန်း
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

မိုးကုတ်ဝိပဿနာ(၁၀)ရက်တရားစခန်းဖွင့်

ရန်ကုန်မြို့ အလုံမြို့နယ်၊ ဂုဏ်လမ်း၊ မဟာအောင်မြေ ဓမ္မိကာရုံကျောင်းတိုက်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၁၄၈)တွင်၁၂-၄-၂၀၁၃မှ ၂၁-၄-၂၀၁၃ အထိ(၁၀)ရက်တရားစခန်းပွဲကျင်းပပါမည်။ တရားစခန်းပွဲတွင် ဦးပညိန္ဒ(မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မဟာနာယက) နှင့် ဦးဝိသုဒ္ဓာစာရ (သာသနာ့ဓဇဓမ္မာစရိယ)တို့မှ ပဋိစ္စ သမုပ္ပါဒ်သစ္စာတရား တော်များကိုခွာ ညဏ်ရောက်သဘောပေါက်အောင် ဟောပြောပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော သူတော်စင်ယောဂီများ ၂၆-၃-၂၀၁၃ ရက်နေ့မှစ၍ တရင်းပေးသွင်းနိုင်ပါကြောင်း မေတ္တာရှေ့ထား လေးစားစွာ ဖိတ်ကြားသိစေအပ်ပါသည်။

ဖုန်း။ ၀၉-၅၅၀၄၂၃၅၊ ၀၉-၇၃၁၃၂၃၇၇၊ ၀၉-၇၃၀၈၈၃၅၂၊ ၀၉-၄၃၁၇၃၆၇၅၊ ၀၉-၄၂၀၀၈၉၆၄

ဗုဒ္ဓသာသနရက္ခိတ အေးဓမ္မရိပ်သာ ဖြစ်မြောက်ရေး အလှူငွေပေးအပ်ပွဲ

ဗုဒ္ဓသာသနရက္ခိတအေးဓမ္မရိပ်သာကို စုပေါင်းတည်ဆောက်ပူဇော်ကြရေးအတွက် မတည်လိုသော ပါရမီရှင်များ၊ တတ်စွမ်းသမျှ ပါဝင်လိုသော အလှူရှင်များအား နှိုးဆော်ဖိတ်ကြားအပ်ပါသည်။ အလှူငွေလက်ခံမည့်ရက်၊ အချိန်၊ ဌာနမှာ ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် (၉) နာရီ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် (၀၂)၊ စေတီဝါလမ်း (နိုင်ငံခြားရေးရုံးအနီး) မင်းကွန်းတိပိဋကကျောင်းတော်ကြီး၏ အသိမကျောင်းဆောင်၊ ဒုတိယအလွှာ (မင်းကွန်းတိပိဋကဆရာတော်ကြီး၏ရှေ့မှောက်)

တည်ဆောက်မည့်နေရာနှင့် အဆောက်အအုံများ

တိပိဋကဆရာတော်ကြီးများ (၉) ပါးလုံးအား ဩဝါဒါစရိယဆရာတော်ကြီးများအဖြစ် ဦးထိပ်ပန်ဆင်ကြပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကျိုက်ခေးဝတပ်ဦးဘုန်းကြီးကျောင်းမြေ၏ မျက်နှာစာတွင် ကုသိုလ်ရှင် တစ်သောင်းဆန့် နှစ်ထပ် မွှောရုံကြီးအပါအဝင် သာသနိကအဆောက်အအုံမျိုးစုံ တည်ဆောက်ကြပြီး သာသနာတော်ကြီးကို ပူဇော်ကြမှာ ဖြစ်ပါသည်။

ဆက်သွယ်ရန်-ဒေါက်တာနီလာ ဖုန်း-၀၁-၂၉၄၂၃၀၊ ၀၉-၅၁၀၇၂၄၃

မုနိမဟာမုနိဘုရားကြီး
ပန္နက်တော်တင်နှင့်အုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကဏန်းတောင် (ဝေမိဿကတောင်)ပေါ်၌ အမြင့်ညဏ်တော် ၁၅၃ပေရှိ မုနိမဟာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူ တည်ထားပူဇော်မည်ဖြစ်ပါ၍ (၁၃၇၄ခု၊ တပေါင်းလပြည့်နေ့) ၂၆-၃-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၈း၁၀နာရီတွင် အထက်ပါနေရာ၌ ပန္နက်တော်တင်နှင့် အုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကြွရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဘုရားကြီးဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၉-၈၇၆၂၆၀၉

(၇)ရက်တရားစခန်းနှင့် ရဟန်းခံရှင်ပြု
အလှူတော်မင်္ဂလာပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ လေးထပ်ပရိယတ္တိစာသင်တိုက်သစ်တွင် ၁၁-၄-၂၀၁၃ ရက် (ကြာသပတေးနေ့) တန်ခူးလဆန်း ၁ ရက်မှ ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မြန်မာနှစ်ဆန်း တစ်ရက်နေ့ထိ (၇)ရက်တရားစခန်းနှင့် ရဟန်းခံရှင်ပြု အလှူမင်္ဂလာပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူ ယောဂီများ ၁၁-၄-၂၀၁၃ ရက် (ကြာသပတေး နေ့) ညနေ ၅နာရီအရောက် ကြွရောက်ကြပါရန်နှင့် ရဟန်းခံ ရှင်ပြုလိုသူများ ၁၀-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီအရောက် ကြွရောက်ကြပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၁၁၆၄၅
၀၉-၇၃၀၅၇၄၀၄

RIVER VIEW HOTEL

20% Discount

31.3.2013 ထိ

ပြည်တွင်းပြည်ပဧည့်သည်များ စျေးနှုန်းချိုသာစွာဖြင့် တည်းခိုနိုင်ပါပြီ။

No.374, Strand Road, Botahtaung Tsp,
Yangon, Myanmar.
Tel : 95-01-296731, 95-01-297355

Dream Paradise

April 11,12

<5D-4N> <5D-4N> <4D-3N>

အဆင့်မြင့် package

Special Discount

09420002090,0973043408

ကျေးဇူး ဆပ်

ကျွန်တော် သိန်းဇော်၏ PP-M-646309 သည် ၆-၃-၂၀၁၃ရက်တွင် လေဆိပ်၌ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေး ပါရန်။

ဖုန်း-၀၉-၇၃၀၄၈၈၀၆၊ ၀၉-၇၃၀၄၈၈၁၂

မဏိစန္ဒာ

အမျိုးသမီးအပ်ချုပ်သင်တန်း

ဖုန်း-၃၈၈၂၃၃၊ ၄၇၅၀၀၄၊ ၀၉-၅၀၀၇၆၅၀

အများသိစေရန်ကြော်ငြာခြင်း

VENUS SEVEN Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်ချိုချိုဆင့်၏ လွှဲအပ်ညွှန်ကြားချက်အရ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ စဉ့်ကူကျေးရွာနေ ဦးတာပုလု၏သမီး ဒေါ်ချိုချိုဆင့်[၃/လဘန(နိုင်)၀၃၈၂၁၃]ပိုင်ဆိုင်သောမြေအား အလှူရှင် ဒေါ်ချိုချိုဆင့်မသိဘဲ အမျိုးမျိုး ကိုယ်ကျိုးရှာလုပ်ဆောင်နေကြောင်းသိရပါသဖြင့် ဒေါ်ချိုချိုဆင့်မှ ၎င်းမြေအား ပြန်လည်ရယူလိုကြောင်း ကျောင်းကော်မတီများမှသိစေရန်နှင့် (၇)ရက်အတွင်း ၎င်းမြေအား ပြန်လည်အပ်နှံပါရန် အကြောင်းကြားပါသည်။ မအပ်နှံပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုချိုဆင့်
ဖုန်း-၀၉-၅၁၂၁၅၃၆၊
၀၁-၂၀၂၇၃၇၊ ၀၁-၂၉၀၄၇၃

ဒေါ်တင်တင်ဌေး
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၀၄၂၉၆၃

ဦးရာလူယူ

မျက်နှာစာ- 48'x အနံ-77'၊ကွန်ဒို (5)လွှာ၊အောက်ကြည့်မြင်တိုင်လမ်း။

ဆက်သွယ်ရန်

၀၉ ၄၃၁၇၉၃၃၃၊ ၀၉ ၅၀၈၈၈၉၀

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 43105544
09 73127992

သာသာကျော်မှာ
လူထားစားဦးတောတ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဝေဘာဂီ) မြေကွက်အမှတ် ၂၈၇၊ မြေကွက်တည်နေရာ အမှတ် (၂၈၇)၊ ရန်မျိုးအောင်ဘုရားလမ်း၊ (၈/ဝေဘာဂီ)မြောက်ဥက္ကလာပ (ဦးဝင်းအောင်) [၁၃/ကလန(နိုင်) ၀၀၂၅၈၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းအောင် က ၂၀၁၁ အရောင်းမြေပုံ ပျောက်ဆုံးကြောင်း ကျမ်းကျိမ်လွှာတင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် မောင်မျိုး (ခ) မောင်မျိုးလင်း [၁၂/သကတ(နိုင်)၁၇၇၁၉၃] သည် ၂၅-၂-၂၀၁၃ရက်မွန်းလွဲပိုင်းတွင် နေအိမ်မှ အလုပ်သွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးသန်းထွန်း
[၁၂/သကတ(နိုင်)၀၇၆၉၂၆]

“တော်ဝင်” ခြသေ့်အကသင်တန်းကျောင်း

“၂၀၁၃” ပထမဆုများစွာရရှိထားသော “တော်ဝင်”ခြသေ့်အဖွဲ့မှ နည်းပြများကိုယ်တိုင် ခြသေ့်အကနှင့်ပတ်သက်သည့် ပညာရပ်များ၊ ဖုံတီးပညာရပ်များကို စနစ်တကျ လက်ခံသင်ကြားပေးနေသည်။ တက်ရောက်သင်ကြားလိုသော သင်တန်းသား/သူများအနေဖြင့် ၁၁-၅-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်လွှာများ ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် လိပ်စာ - အမှတ်(၁၄၇)၊ မြရတနာဆေးခန်းအောက်၊ လမ်း-၂၀၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ အမှတ်(၅၆)၊ ၅ လွှာ၊ လမ်း-၂၀၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၄၂၀၀၀၅၁၇၁

ရွှေရင်အေးဆရာတော်၏ ဓမ္မခရီး

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွှေရင်အေးမဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက၊ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာနန္ဒ(ဓမ္မကထိက၊ ဗဟုဇနဟိတဓရ)ရွှေရင်အေးဆရာတော်သည် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်)၊ **၂၀၁၃ခုနှစ် မတ်လ ၂၈ရက်**ညတွင် သုံးခွမြို့နယ်၊ အနောက်ကျေးရွာ ဗုဒ္ဓပူဇနိယဓမ္မသဘင်၌လည်းကောင်း၊ **၂၀၁၃ခုနှစ် မတ်လ ၃၁ရက်မှ ၂၀၁၃ခုနှစ် ဧပြီ ၈ရက်**ထိ ကချင်ပြည်နယ် ပူတာအိုမြို့ဇေယျသိဒ္ဓိကျောင်းတိုက်၌လည်းကောင်း။ **၂၀၁၃ခုနှစ် ဧပြီလ ၁၀ရက်မှ ဧပြီလ ၂၀ရက်ထိ** အင်းစိန်မြို့နယ် ဇယမင်္ဂလာကျောင်း တိုက်၌လည်းကောင်း၊ **၂၀၁၃ခုနှစ် ဧပြီလ ၂၁ရက်** ညတွင်စမ်းချောင်းမြို့နယ်၊ ကံမြင့်ကျောင်း တိုက်မွေ့ရုံ၌လည်းကောင်း၊ **၂၀၁၃ခုနှစ် ဧပြီ ၂၄ရက်မှ ၂၀၁၃ခုနှစ် မေလ ၉ရက်အထိ** ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မဇ္ဈိမာပဋိပဒါမဟာစည်ရိပ်သာ၌လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

ဗိဋကတ် ကုသိုလ်ရှင် အလိုရှိသည်။

ဗိဋကတ်ဂျူဟာအဖွဲ့သည် ပေမူမှ ကျမ်းစာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေခြင်း၊ ရှားပါးကျမ်းစာအုပ်များပြန်လည်ရိုက်နှိပ်ထုတ်ဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ ပထမကျော်ဦးကြီးဖေ၏(၅၅၀)နိပါတ်တော်အတွဲ(၉)တွဲမှ(ပထမတွဲ)လိုအပ်နေပါသဖြင့် **မိတ္တူကူးယူလိုပါသည်(သို့)ဝယ်ယူလိုပါသည်။** ထို့ပြင် ဆက်လက်ထုတ်ဝေမည့် ကျမ်းစာအုပ်များအတွက် ဗိဋကတ်ကုသိုလ်ရှင်များ လိုအပ်လျက်ရှိပါသည်။

◆ ဆက်သွယ်ရန် ◆

* ဗိဋကဂျူဟာအဖွဲ့၊ မင်္ဂလာဂျူဟာအသင်းချုပ်အဆောက်အအုံ၊ အာဇာနည်လမ်း၊ ပေါက်တောနယ်မြို့နယ်။
* ဖုန်း - ၀၁-၃၇၅၅၅၂၊ ၀၁-၃၇၀၉၅၈
* ဦးစိုးသူ - ၀၉၅၁၀၀၅၇၃ ဦးလှမင်းထိုက် - ၀၉၅၀၁၃၈၂၂ ဦးတင်ဝင်းဆောင် - ၀၉၇၃၀၀၆၁၃၇၆

ပေါက်တန်းဒိတ်ကုန်းကျောင်းတော်ကြီး
မြဲမြံမွမ်းမံခြင်း ရေစက်ချအလှူတော်မင်္ဂလာ

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပေါက်တန်းဒိတ်ကုန်း ကျေးရွာ၊ ပေါက်တန်းဒိတ်ကုန်းပရိယတ္တိစာသင်တိုက် နှစ်ပေါင်း ၁၀၃ နှစ်ရှိ ရှေးဟောင်းကျောင်းတော်ကြီး မြဲမြံမွမ်းမံခြင်းရေစက်ချအလှူတော်မင်္ဂလာ ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းဒါယကာကျောင်းဒါယိကာမများ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်

နေ့ရက် - ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၂)ရက်၊ (၂၈-၃-၂၀၁၃) ကြာသပတေးနေ့
အချိန် - နံနက် (၉:၀၀)နာရီ
နေရာ - ပေါက်တန်းဒိတ်ကုန်းပရိယတ္တိစာသင်တိုက်

ချမ်းသာသုခ

သစ်မွှေးချိုးပင်၊ မျိုးစေ့၊ ဆေးသွင်းခြင်း ပျိုးပင် ၁ပေခွဲ ၆၀၀ိ/-၊ ၂ပေ ၈၀၀ိ/-၊ ၂ပေခွဲ ၁၀၀၀ိ/-
One Stop Service for Agarwood
ဖုန်း-၀၉၅၁၉၈၃၀၁၊ ၀၉၄၉၂၀၂၄၃၈

ဂရိတ် LED ဆိုင်းဘုတ်

LED ရောင်စုံ မီးပြေးဆိုင်းဘုတ် အမြန်ပြုလုပ်ပေးသည်
ဖုန်း - ၀၁၃၇၄၃၄၀၊ ၀၉၅၁၀၁၆၇၁၊ ၀၉၇၃၀၅၁၆၈၅
No 152-29st ပန်းဘဲတန်းရန်ကုန်မြို့။

အမည်ပြောင်း

အဖ ဦးလေးသိန်း [၁၂/လမန(နိုင်)၀၄၂၀၀၃]၏သမီး မချောစုစုဟန်အား ယနေ့မှစ၍ မမေမြတ်သော်ဟု ပြောင်းလဲခေါ်ပါရန်။
မမေမြတ်သော်

Taxi မောင်းလိုသူများ ဆက်သွယ်ပါ

Toyota Probox 1.3cc ခါတ်ဆီ၊ 2007 Mdl မောင်းရန် စပေါ်-၃ သိန်းခွဲ၊ နံနက် ၆-ည ၈၊ ၁၁၀၀၀ ကျပ်၊ တောင်ဥက္ကလာပ။
ဖုန်း-၀၉၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀

